# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မပြစ်မှားမိအောင် သတိပြု

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လှံ စသည့် လက်နက် တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်း ဆုံးရှုံး၏။ ကိုယ်အင်္ဂါပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်း ခံရ၏။ သေသော် ငရဲသို့ ကျရောက်ရ၏။ (မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။) **ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၄၀)**


၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက် | ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၇ ရက်၊ စနေနေ့၊ | အတွဲ (၅၇)၊ အမှတ် (၀၀၇)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘရူနိုင်းဘုရင် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ညစာစားပွဲတက်ရောက်



**ဘန်ဒါဆရီဘီဂါဝန် အောက်တိုဘာ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ်ဘိုလ်ကီးယား မူအစ် ဇာဒင် ဝါဒူလာ၏ နန်းမွေဆက်ခံသည့် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❋

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် နန်းမွေဆက်ခံသည့် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ဂုဏ်ပြု ညစာစားပွဲအခမ်းအနား တက်ရောက်စဉ်

(သတင်းစဉ်)

## ခြိမ့်ခြိမ့်သဲသဲ ရွှေကျင်မီးမျှောပွဲ

**သတင်းနှင့်ဓာတ်ပုံ - ပိန်းဇလုပ် သိန်းညွန့်**

**ရွှေကျင် အောက်တိုဘာ ၆**

မြန်မာနိုင်ငံတစ်ဝန်း၌ ဒေသအလိုက် ကျင်းပဆင်နွှဲသည့် ပွဲတော်များအနက် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ရွှေကျင်မီးမျှော ပူဇော်ပွဲသည်လည်း နာမည်ကျော်ကြားသည်။

အဆိုပါမီးမျှောပွဲကို စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ ယခုနှစ် (၁၆၆)နှစ်မြောက် ရွှေကျင်သီတင်းကျွတ် မီးမျှော ပူဇော်ပွဲ၏ ရေပွဲအခမ်းအနားဖွင့်ပွဲကို အောက်တိုဘာ ၆ ရက် နံနက် ၉ နာရီက ရွှေကျင်မြို့ ပျဉ်းမပင်ရပ် ချောင်းဘေးရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်ဆေး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောသလေးစော၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်း၊ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ပုံတို့က ဖွင့်လှစ်ပေးသည်။

ထို့နောက် ရှင်ဥပဂုတ္တမထေရ်မြတ် ကိန်းဝပ်စံပယ်တော်မူသည့် ကရဝိက်ဖောင်တော်ကို လှော်ကားတော်ကြီး လှေဦးဆောင်၍ မင်္ဂလာစည်တော်ကြီးဖောင်၊ တေးဂီတဖောင်တို့က ပင့်ဆောင်ပူဇော်ပြီး ဗဟိုမဏ္ဍပ်ရှေ့၌ စည်တော်ရေယာဉ်၊ လှော်ကားတော်ကြီးရေယာဉ်၊ တေးဂီတရေယာဉ်ဖောင်၊ ရွှေကျင်မြို့ပေါ်ရပ်ကွက်၊

*စာမျက်နှာ ၃ ကော်လံ ၄* ❖






မြန်မာ့အလင်း

# ဝိနယောစ သုသိက္ခိတော

## (လူ့ကျင့်ဝတ်များကို ကောင်းစွာသင်ကြားလိုက်နာခြင်း)

အမေရိကန်ပြည်ထောင်စု နီဗားဒါးပြည်နယ် ကန္တာရထဲမှ အပျော်အပါးလောင်းကစားတို့ဖြင့် စီးပွားရှာတည်ထောင်ထားသော နာမည်ကျော် လာ့စ်ဗီးဂတ်စ်မြို့၌ အောက်တိုဘာ ၁ ရက်က ဖြစ်ပွားခဲ့သော ပစ်ခတ်မှုမှာ လူအသေအပျောက် အများအပြားဖြင့် ခေတ်သစ်အမေရိကန်သမိုင်းတွင် အဆိုးရွားဆုံးစာရင်းဝင်သွားခဲ့သည်ဟု ကမ္ဘာကျော်မီဒီယာကြီးများက ဆိုကြသည်။ ဂီတပွဲတော်တစ်ခုတွင် ပျော်ရွှင်နေကြသော လူအုပ်အတွင်းသို့ မလှမ်းမကမ်းတွင်ရှိနေသော ဟိုတယ်အထပ်မြင့်ဆီမှ အတွဲလိုက်ပစ်ခတ်ခဲ့သူ သေနတ်သမား၏ ဟိုတယ်ခန်းနှင့် အိမ်ခန်းတို့မှ သိမ်းယူရရှိခဲ့သည်ဆိုသည့် လူသတ်လက်နက်တို့၏ အရေအတွက်မှာလည်း မယုံကြည်နိုင်ဖွယ်ကောင်းလောက်အောင်ပင် များပြားလှသည်။ လူအမြောက်အမြားသေကျေစေခဲ့သည့်ပစ်ခတ်မှုသည် အကြမ်းဖက်မှုနှင့် ဆက်စပ်နေကြောင်း မတွေ့ရဟု တာဝန်ရှိသူတို့က ပြောကြသော်လည်း ကမ္ဘာကျော်အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် အိုင်အက်စ်ကမူ နောက်ကွယ်တွင် ၎င်းတို့ရှိကြောင်း လူသိရှင်ကြားထုတ်ဖော်ပြောခဲ့သည်။

လူ့အခွင့်အရေးဟူသော စကားလုံးကို တွင်တွင်ဆိုနေကြသည့် ဗြိတိန်၊ ပြင်သစ်၊ အမေရိကန်စသည့်နိုင်ငံတို့တွင် နိစ္စဓူဝ လှုပ်ရှားသွားလာနေကြသော အပြစ်မဲ့ပြည်သူများကို နည်းလမ်းပေါင်းစုံတို့ဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများက ခပ်စိပ်စိပ်ဖြစ်လာသည်။ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသက "ယခုခေတ်၏ အဖြစ်အပျက်ကို လေးနက်စွာ စဉ်းစားသောအခါ များစွာသော လူသတ္တဝါတို့၌ မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဟူသော ဗြဟ္မစိုရ်တရားများကွယ်ပျောက်၍ သွေ့ခြောက်နေသကဲ့သို့ ထင်ရလေသည်။ ထိုသူတို့၏ ခြောက်သွေ့သွေ့အပူဓာတ်သည် သူတော်ကောင်းတို့၌ပင် အရှိန်ဟပ်သဖြင့် သွေ့ခြောက်လုမတတ်ရှိရလေပြီ။ ထိုအပူဓာတ်ဟူသည်လည်း တစ်ယောက်နှင့်တစ်ယောက် မညှာတာနိုင်အောင်ဖြစ်နေသော လောဘ၊ ဒေါသ၊ မာန်မာနနှင့် ဣဿာ၊ မစ္ဆရိယ စသည်တို့ပင်တည်း။ ထိုအပူဓာတ်သည် ယခုဘဝတွင်သာ ခြောက်ကပ်စေသည်မဟုတ်၊ သံသရာတစ်လျှောက် နောက်နောင်ဘဝတို့၌လည်း ခြောက်ကပ်စေလိမ့်မည်သာ။ ထို့ကြောင့် ထိုအပူဓာတ်တွေကို ယခုလိုဘဝက စွမ်းနိုင်သမျှငြိမ်းသတ်လျက် မြင့်မြတ်သောစိတ်ထားဖြင့် မေတ္တာ၊ ကရုဏာ၊ မုဒိတာဟူသော ဗြဟ္မစိုရ်အအေးဓာတ်တို့ကို မပြတ်စိမ့်စိုအောင် ကြိုးစားသင့်ကြပေသည်" ဟု ကိုယ်ကျင့်အဘိဓမ္မာကျမ်းစာ၏ အချီနိဒါန်းတွင် ရေးသားညွှန်ပြဆုံးမတော်မူခဲ့သည်မှာ မျက်မှောက်ခေတ်၏ ပကတိအခြေအနေတို့ကို ထင်ဟပ်နေဆဲဖြစ်ပြီး ယင်းအဆုံးအမများအတိုင်း လိုက်နာကျင့်သုံးရန်လိုအပ်နေဆဲဖြစ်သည်ကို ထင်ရှားစွာ တွေ့မြင်နိုင်သည်။

မိမိတို့မျက်မှောက်ပြုဖြတ်သန်းနေကြရသည့် ပစ္စုပ္ပန်ကာလ ကမ္ဘာကြီးသည် စစ်ပွဲများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ပဋိပက္ခများ၊ ဖိနှိပ်ချုပ်ချယ်မှုများ၊ အနိုင်ကျင့်ရမ်းကားမှုများ၊ ကြီးနိုင်ငယ်ညှဉ်းပြုမှုများဖြင့် ဆူပွက်လှုပ်ရှားနေသော ကမ္ဘာကြီးဖြစ်သည်။ တင်းမာမှုများနှင့် အနိဋ္ဌာရုံများက ကမ္ဘာ့နေရာတိုင်း၊ ထောင့်တိုင်းမှာလိုလို ရှိနေကြသည်။ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် အင်အားကြီးသူတို့က ၎င်းတို့၏ အကျိုးစီးပွားအမျိုးမျိုးအတွက် လိုရာဆွဲရေးထားသော ဇာတ်ညွှန်းဖြင့် ကမ္ဘာ့အစီအစဉ်ကို ပုံသွင်းနေကြသည်။ တစ်နည်းအားဖြင့် လောဘ၊ ဒေါသ၊ မာန်မာနနှင့် ဣဿာ၊ မစ္ဆရိယတို့က စင်ပေါ်တွင် ကခုန်နေကြချိန် မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့က ခေါင်းငုံ့နှုတ်ဆိတ်နေရသည့်သဖွယ်ဖြစ်သည်။

မည်သို့ပင်ဆိုစေ မိမိတို့အနေဖြင့် စိတ်ယုတ်၊ စိတ်ဆိုး၊ စိတ်ညံ့များကို မိမိတို့၏ နှလုံးသားမှ ဖယ်ရှားနိုင်ရေးအတွက် ယဉ်ကျေးအောင်ဆုံးမကာ မိမိတို့တစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရားများမြင့်မားလာအောင် ကိုယ်စီဆောင်ရွက်ကြရမည်ဖြစ်သည်။ "ရဟန်းဝိနည်း၊ ရွာကြီးစည်းရိုး၊ လူမျိုးစည်းကမ်း" ဆိုသော စကားနှင့်အညီ ကျင့်ဝတ်စည်းကမ်းနှင့် ကိုယ်ကျင့်တရားတို့ကို ထိန်းသိမ်းမြှင့်တင်ကြခြင်းကသာ လောကီလောကုတ် နှစ်ဖြာသော အကျိုးစီးပွားတို့ကို မြင့်မြင့်မားမားဆောင်ကြဉ်းနိုင်မည်ဖြစ်ပြီး ဝိနယောစ သုသိက္ခိတော မြတ်သောမင်္ဂလာနှင့် ပြည့်စုံနိုင်မည်ဖြစ်ပါကြောင်း။ ။



## ဗုဒ္ဓရုပ်ပွားတော်မြတ်များနှင့် ရှင်သီဝလိရဟန္တာမြတ်တို့ ထန်းတပင်မြို့တွင်း ဒေသစာရီအပူဇော်ခံယူပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အမှတ်(၃)ရပ်ကွက် လွှမ်းစေတီဘုရားကြီးကျောင်းတိုက်၌ ကိန်းဝပ်စံပယ်တော်မူသော ပြည်လုံးချမ်းသာဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ရှင်သီဝလိရဟန္တာမြတ်တို့ မြို့ပေါ်ရပ်ကွက်များသို့ (၅၃) ကြိမ်မြောက် ဒေသစာရီကြွချီ အပူဇော်ခံယူပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့) အောက်တိုဘာ ၅ ရက်က ကျင်းပခဲ့သည်။

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပင့်ဆောင်ရာလမ်းတစ်လျှောက်တွင် ဆီမီး၊ အမွှေးနံ့သာတိုင်များ ထွန်းညှိပူဇော်ခြင်းနှင့် စေတနာရှင်အလှူရှင်များက မုန့်များ၊ ဖျော်ရည်များ၊ အချိုရည်များဖြင့် ကျွေးမွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## စလင်း၌ သီတင်းကျွတ်ပွဲတော် ဓမ္မစကူးအဖွဲ့ လှည့်လည်ပူဇော်

**စလင်း အောက်တိုဘာ ၆**



မကွေးတိုင်းဒေသကြီး စလင်းမြို့၌ သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် စလင်းဓမ္မစကူး အသင်းသူအသင်းသား ၆၀၀ ကျော်တို့သည် ညနေ ၆ နာရီတွင် မြို့လယ်မြတ်ရတနာဓမ္မာရုံမှစတင်ကာ မီးကြာများကို ဦးခေါင်းတွင်တပ်ဆင်၍ စီတန်းလှည့်လည်ပူဇော်ပွဲ ကျင်းပကြသည်။

လှည့်လှည်ရာလမ်းတစ်လျှောက်တွင် စေတနာရှင်များက အစားအသောက်များဖြင့် ဧည့်ခံဒါနပြုကြသည်။ အဆိုပါဓမ္မစကူးအဖွဲ့သည် မြို့ကိုတစ်ပတ်ပတ်၍ လှည့်လည်အလှုပြပူဇော်ခဲ့ကြသည်။

**စစ်ကြည်(စလင်း)**

## ပုံကျစျေးသည်များ မြို့မစျေးပုံကျစျေးရုံသို့ပြောင်းရွှေ့ရေး သဘောတူညီမှုရရှိ

**လက်ပံတန်း အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ အောက်တိုဘာ ၆ ရက် မွန်းလွဲ ၁ နာရီက ပုံကျစျေးသည်များ မြို့မစျေး အနောက်ဘက်ရှိ ပုံကျစျေးရုံသို့ ပြောင်းရွှေ့နေရာချထားရေး တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့သည်။

တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကော်မတီဝင်များ၊ စျေးကော်မတီဝင်များနှင့် ပုံကျစျေးသည် ၅၀ ခန့်တို့က တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံညှိနှိုင်းမှုအရ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ပုံကျစျေးသည်များက မြို့မစျေး အနောက်ဘက်ရှိ ပုံကျစျေးရုံသို့ စတင်ပြောင်းရွှေ့နေရာချထားရန် သဘောတူညီမှုရရှိခဲ့ကြကြောင်း သိရသည်။

**မောင်ရွှေဝင်း (ပြည်)**

## ကမ္ဘာ့ဆရာများနေ့အခမ်းအနား သီပေါ၌ ကျင်းပ

**သီပေါ အောက်တိုဘာ ၆**

ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို အောက်တိုဘာ ၅ ရက်က ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌ ကျင်းပရာ အသက် ၇၀ အထက် ဆရာကြီး ဆရာမကြီး ၂၃ ဦးကို မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်သိန်းအမှူးပြုသော ဆရာ ဆရာမများ၊ ကျောင်းသားဟောင်းများက စုပေါင်းဂါရဝပြုကန်တော့ကြပြီး ဆရာတစ်ဦးလျှင် ငွေကျပ် တစ်သိန်းသုံးသောင်းကို စုပေါင်းလှူဒါန်းခဲ့ကြသည်။

**စိုင်း(သီပေါ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၆-၁၀-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၁၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၀၀/၇၃၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၀၀/၇၅၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၅၀/၇၉၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၃၀/၇၆၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၄ | ·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၃ | ·၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ·၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ | ·၇ |
| တရုတ် | တစ်ယွမ် | ၂၀၄ | ·၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၃ | ·၃ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

*ရှေ့ဖုံးမှ

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များအား ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ရှေ့နေချုပ် Her Excellency Datin Seri Paduka Hajah Hayati POK Dato Seri Paduka Haji Mohd Salleh၊ တော်ဝင်ဘရူနိုင်း ဘုရင့်တပ်မတော်နှင့် ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ဘုရင့်နန်းတော် သံတမန်ဌာန အကြီးအကဲ၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးချိုထွန်းအောင်၊ မြန်မာသံရုံးဝန်ထမ်းများနှင့် မိသားစုများက ဘရူနိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ရောက်ရှိ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ခေတ္တတည်းခိုမည့် ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ အစိုးရဧည့်ဂေဟာသို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ မြန်မာသံရုံး၌ ဘရူနိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် တွေ့ဆုံ၍ ရင်းနှီးစွာ နှုတ်ဆက်စကားပြောကြားပြီး ၎င်းတို့ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ် (သတင်းစဉ်)

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဘရူနိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

**တက်ရောက်**

ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ Istana Nurul Imam ဘုရင့်နန်းတော်၌ ကျင်းပသည့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန်ဟာဂျီ ဟာဆာနယ်လ်ဘိုလ်ကီးယားမူအစ် ဇာဒင် ဝါဒူလာ နန်းမွေဆက်ခံသည့် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘရူနိုင်းရောက် မြန်မာနိုင်ငံသားများနှင့် တွေ့ဆုံပွဲတွင် နှုတ်ဆက်စကားပြောကြားစဉ်**

(သတင်းစဉ်)

# စင်ကာပူနိုင်ငံတွင် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍနှင့် ပတ်သက်သည့် လုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့်အဖွဲ့ ကြည့်ရှုလေ့လာ

**နေပြည်တော် အောက်တိုဘာ ၆**

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စင်ကာပူနိုင်ငံ SUNSEAP Group of Companies မှ Floating Solar ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအခြေအနေတို့ကို ကြည့်ရှုလေ့လာသည်။

Floating Solar ဖြင့် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ခြင်းဖြင့် ရေလှောင်ကန်များတွင် ရေငွေ့ပြန်မှုနှုန်း လျှော့ချနိုင်ပြီး မြေကိုလည်း အခြားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အသုံးချနိုင်ခြင်း၊ Solar စနစ်ဖြစ်သည့်အတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကိုလည်း ကာကွယ်ထိန်းသိမ်းနိုင်ခြင်း စသည့် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေ့လယ်ပိုင်းတွင် စင်ကာပူနိုင်ငံရှိ SP Group မှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုလေ့လာပြီး SP Group မှ ဆောင်ရွက်နေသော နည်းစနစ်များကို လေ့လာခြင်းဖြင့် နိုင်ငံအတွက် အဓိကလိုအပ်ချက်ဖြစ်သော လျှပ်စစ်ဓာတ်အားနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်သည့် လုပ်ငန်းများတွင် ပိုမိုကောင်းမွန်စွာ အသုံးချနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။**(သတင်းစဉ်)**

## မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိ

**နေပြည်တော် အောက်တိုဘာ ၆**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။ **(မိုး/ဇလ)**

❖ *ရှေ့ဖုံးမှ*

ကျေးရွာပေါင်း ၁၇ ခုတို့က ဝင်ရောက်ယှဉ်ပြိုင်သည့် တက်ခုတ်တက်ပျံယိမ်းအကအဖွဲ့များ ဖျော်ဖြေခြင်း၊ အကဲဖြတ်မဏ္ဍပ်ပြိုင်ပွဲဝင် တက်ခုတ်တက်ပျံယိမ်းအကအဖွဲ့များ ပါဝင်ယှဉ်ပြိုင်ခြင်းများကို တစ်နေ့တာလုံး ရွှေကျင်ချောင်းအတွင်း ဖျော်ဖြေခဲ့ကြပြီး ကြိုးစားယှဉ်ပြိုင်သူ တက်ခုတ်တက်ပျံ ယိမ်းအကအဖွဲ့များကိုလည်း တာဝန်ရှိသူများက ဆုများပေးအပ်ခြင်း အစီအစဉ်များ ပြုလုပ်ခဲ့သည်။

ယခုနှစ်ပွဲတော်တွင် ညနေ ၄ နာရီခွဲခန့်မှစ၍ မမျှော်လင့်ဘဲ လေနှင့်မိုးများ တစ်နာရီခန့် သည်းထန်ခဲ့မှုကြောင့် ပွဲတော်ကျင်းပမှု ခေတ္တရပ်နားခဲ့သော်လည်း မိုးတိတ်ချိန်တွင် ဗုဒ္ဓမြတ်စွာဘုရားကို အမှူးထား၍ ရှင်ဥပဂုတ္တမထေရ်မြတ်အား မီးကြာခွက်ရောင်စုံဖြင့် မီးမျှောပူဇော်ခြင်း အစီအစဉ်ကို ညနေ ၆ နာရီတွင် ရွှေကျင်ချောင်းအတွင်း၌ ကျင်းပရာ မိုးတိတ်ချိန်အထိ စောင့်ဆိုင်းအားပေးကြသောဒေသခံများ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြည့်ရှုသူများက ချောင်းအတွင်းသို့ မီးကြာခွက်များ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းတို့ဖြင့် ပူဇော်ကြကာ ကမ်းလုံးပြည့် ခြိမ့်ခြိမ့်သဲသဲ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

## အင်အား အသင့်အတင့်ရှိ ငလျင်လှုပ်

**နေပြည်တော် အောက်တိုဘာ ၆**

အောက်တိုဘာ ၆ ရက် ည ၈ နာရီ မိနစ် ၃၀၊ ၃၅ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်-အနောက်တောင်ဘက် ၃၄၈ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပ Andaman Islands, India Region ကို ဗဟိုပြု၍ အင်အားရစ်(ခ်ျ)တာစကေး ၅ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

**(မြန်မာ့အလင်း)**

# (၆၈)ကြိမ်မြောက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အမှုဆောင်ကော်မတီအစည်းအဝေးကျင်းပ

ဂျီနီဗာ အောက်တိုဘာ ၆

**(၆၈)ကြိမ်မြောက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အမှုဆောင်ကော်မတီအစည်းအဝေးကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ အောက်တိုဘာ ၂ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့သည်။ (ယာပုံ)**



ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ပြီး အဆိုပါ အမှုဆောင်အဖွဲ့အစည်းအဝေး၏ သဘာပတိအဖြစ် ကနေဒါနိုင်ငံ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ် Ms. Rosemary Mc Carney က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi က အဖွင့်မိန့်ခွန်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော နိုင်ငံအသီးသီးမှ သက်ဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်ကိုယ်စားလှယ်များက အထွေထွေမူဝါဒမိန့်ခွန်းများ ပြောကြားခြင်း၊ ဒုက္ခသည်များဆိုင်ရာကိစ္စရပ်များအား အတူတကွ ပူးပေါင်းအဖြေရှာခြင်းများ ပြုလုပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆောင်ရွက်နေသော နိုင်ငံဖြစ်ပြီး အစိုးရသစ်အနေဖြင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားပြန်လည်ပေါင်းစည်းရေးလုပ်ငန်းများသည်လည်း ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ လူမှုစီးပွားဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အထူးသဖြင့် ဖွံ့ဖြိုးမှု နောက်ကျနေသည့် တိုင်းဒေသကြီး ၊ ပြည်နယ်များကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကာလတွင် ကမ္ဘာ့နိုင်ငံများက စိတ်ဝင်စားလျက်ရှိသော ရခိုင်ပြည်နယ် အခြေအနေကို ဆွေးနွေးလိုပါကြောင်း၊ ယခုအကြမ်းဖက်ဖြစ်စဉ်မဖြစ်ပွားမီကတည်းကပင် ရခိုင်ပြည်နယ် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကော်မတီဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် မစ္စတာ ကိုဖီအာနန် ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ကိုလည်း ဖွဲ့စည်းခဲ့ပြီး ဒေသတွင်း ရခိုင်တိုင်းရင်းသားများနှင့် မွတ်စလင်ဘာသာဝင်များ ကာလရှည်ကြာခဲ့သည့် ပဋိပက္ခများကိုလည်း အဖြေရှာဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါကိစ္စရပ်များ ဆောင်ရွက်နေစဉ်အတွင်း ဩဂုတ် ၂၅ ရက်တွင် ARSAအဖွဲ့က အကြမ်းဖက်တိုက်ခိုက်သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ပါကြောင်း၊ အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုကြောင့် လုံခြုံရေးစခန်း ၃၀ တိုက်ခိုက်ခံခဲ့ရပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ များစွာသေဆုံးခြင်း၊ ဒဏ်ရာရခြင်းများ ရှိခဲ့ပါကြောင်း၊ ဒေသတွင်းနေထိုင်လျက်ရှိသည့် ဟိန္ဒူများ၊ အခြားလူဦးရေနည်းပါးသော ရခိုင်တိုင်းရင်းသား လူနည်းစုများ အသတ်ခံရခြင်း၊ မိမိတို့နေအိမ်မှ စွန့်ခွာထွက်ပြေးခဲ့ရခြင်းများ ရှိခဲ့ပါကြောင်း။

ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ အကြမ်းဖက်ဖြစ်စဉ်အား နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အပြစ်မဲ့ပြည်သူများ ထိခိုက်မှုမရှိစေရေးအလေးထား ဆောင်ရွက်ခဲ့ပါကြောင်း၊ ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးလုပ်ငန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် လက်ရှိဖြစ်ပွားလျက်ရှိသော ပဋိပက္ခများသည် ကာလကြာမြင့်ခဲ့ပြီး အကြောင်းအရာပေါင်းစုံလည်း ပါဝင်ပတ်သက်နေပါကြောင်း၊ လူသားချင်းစာနာသော အထောက်အပံ့များပေးရာတွင် လုံခြုံမှုနှင့် လွတ်လပ်မှုကို ချိန်ဆ ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ ထိရောက်သော အထောက်အပံ့များ မျှမျှတတပေးအပ်နိုင်ရေး နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးမှုများကိုလည်း နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၌ စက်တင်ဘာ ၄ ရက်တွင် ကျင်းပခဲ့ပြီး အမေရိကန်နိုင်ငံ၊ ယူကေနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့မှ သံအမတ်ကြီးများ၊ ဩစတြေးလျနှင့် အီးယူနိုင်ငံတို့မှ တာဝန်ခံများ၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ IFRC/ICRC တို့မှ ကိုယ်စားလှယ်များနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း။

ယင်းနောက် လုံခြုံရေးဆိုင်ရာအင်အားသုံး တိုက်ခိုက်မှုများကိုလည်း စက်တင်ဘာ ၅ ရက် နောက်ပိုင်းမှစ၍ အဆုံးသတ်ပြီးဖြစ်ပါကြောင်း၊ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးပေါင်းစည်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရန်စီစဉ်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ အကြံပေးကော်မတီနှင့် စုံစမ်းရေးကော်မရှင်တို့မှ အကြံပြုချက်များကို အကောင်အထည်ဖော်ရန်အတွက်လည်း ကော်မတီတစ်ရပ်ကို နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ မိမိအနေဖြင့် အဆိုပါကော်မတီတွင်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ပူးတွဲဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ အခြားဌာနဆိုင်ရာများမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်တို့က အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်ဖွဲ့စည်း၍ လုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

လူသားချင်းစာနာမှု အကူအညီများပေးရာတွင် မည်သည့်ခွဲခြားမှုမှမရှိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသွားသော ဒုက္ခသည်များအား စနစ်တကျပြန်လည်လက်ခံရန်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၁၉၉၃ခုနှစ်တွင် မြန်မာ-ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ သဘောတူညီခဲ့သော ဒုက္ခသည်များ စိစစ်လက်ခံရေးမူဘောင်ကို အခြေခံ၍ လုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် အခြားလိုအပ်သည်များကိုလည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် မျှတသော ပူးပေါင်းပါဝင်မှုများကို ကြိုဆိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးတက်ရောက်နေစဉ်ကာလအတွင်း မစ္စတာ ကိုဖီအာနန်နှင့်လည်းကောင်း၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi နှင့်လည်းကောင်း၊ အမေရိကန်နိုင်ငံ Burear of Population, Refugee and Migration မှ Mr. Simon Henshow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း၊ UNHCR မှ ညွှန်ကြားရေးမှူး Mr. Indrika Ratwatte ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း၊ ICRC အဖွဲ့မှ ညွှန်ကြားရေးမှူး Mr.Dominik Stillhart ဦးဆောင်သည့်အဖွဲ့နှင့်လည်းကောင်း တွေ့ဆုံခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ ရခိုင်အရေးကိစ္စနှင့်ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှု ကိစ္စရပ်များ၊ ထွက်ပြေးတိမ်းရှောင်သူများကို ပြန်လည်စိစစ်လက်ခံရေး၊ ပြန်လည်နေရာချထားမည့်ကိစ္စရပ်များ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရာတွင် Red Cross Movement နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ Master Plan ရေးဆွဲ ချမှတ်ဆောင်ရွက်သည့်ကိစ္စများ၊ နိုင်ငံတကာစီးပွားရေးကုမ္ပဏီများအနေဖြင့် ဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ အာဆီယံ၏ လူသားချင်းစာနာမှု အကူအညီပေးရေးနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးသက်သာရေးဆိုင်ရာ ဗဟိုအဖွဲ့ (AHA Centre)နှင့် ပူးပေါင်းဆောင်ရွက်သည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ရပ်တည်ချက်နှင့် ရှေ့ဆက်မည့် ပြည်သူ့အစိုးရအတွက် ပြစ်တင်ဝေဖန်မှုအစား အမှန်ကိုသိအောင်ကြည့်မြင်ကြရန်နှင့် မျှတမှုကို အခြေခံသည့် ပူးပေါင်းဆောင်ရွက်မှုတို့ကို လိုလားသည့် ကိစ္စရပ်များအား အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၄ ရက် နံနက် ၁၀ နာရီခွဲတွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတွင် သက်ဆိုင်ရာတာဝန်ရှိသူများက နောက်ခံသမိုင်းကြောင်း၊ လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ ကမ္ဘောဒီးယား၊ Kyrgyzstan ၊ သီရိလင်္ကာ၊ အာဖဂန်နစ္စတန်နိုင်ငံများတွင် ဒုက္ခသည်များအား လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ခြင်း၊ ပြန်လည်ပေါင်းစည်းခြင်းနှင့် နေရပ်သို့ ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ချက်များ၊ အားနည်းချက်၊ အားသာချက်များနှင့် စိန်ခေါ်မှုများ စသည်တို့ကို ရှင်းလင်းတင်ပြခြင်းနှင့် လက်ရှိမြန်မာနိုင်ငံ ရခိုင်ပြည်နယ်အခြေအနေနှင့် ထိုင်းနိုင်ငံရောက် ဒုက္ခသည်များ ပြန်လည်လက်ခံရေးကိစ္စရပ် ဆွေးနွေးတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များက ပြန်လည်၍ သုံးသပ်ဆွေးနွေးခြင်းများဆောင်ရွက်သည်။

နေ့လယ်ပိုင်းတွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးက ဖိတ်ကြားသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ် ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် အလွတ်သဘော အပြန်အလှန်တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၆ ရက် နေ့လယ်ပိုင်းတွင် ကျင်းပသည့် (၆၈)ကြိမ်မြောက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အမှုဆောင်အစည်းအဝေးအတွက် ပြင်ဆင်ခြင်း၊ အစည်းအဝေးရလဒ်များ၊ ဆုံးဖြတ်ချက်များ အတည်ပြုခြင်းနှင့် အစည်းအဝေးပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သောကိစ္စရပ်များနှင့် ပတ်သက်၍ ခိုင်လုံသောအထောက်အထားအချက်အလက်များ၊ ဗီဒီယိုဖိုင်များကို ရှင်းလင်းခြင်း၊ ဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အထူးကုဆရာဝန်ကြီးများအဖွဲ့ ရမ်းဗြဲမြို့နယ်အတွင်း အခမဲ့ကွင်းဆင်းဆေးကုသ

**ရမ်းဗြဲ အောက်တိုဘာ ၆**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ယမန်နေ့ နံနက် ၈ နာရီက ရန်ကုန်၊ စစ်တွေမြို့ကြီးများမှ အထူးကုဆရာဝန်ကြီးများအဖွဲ့က ရမ်းဗြဲမြို့နယ်အတွင်းရှိ လူနာများကို အခမဲ့ ဆေးကုသပေးခဲ့ကြောင်း သိရသည်။



အဆိုပါ ဆေးကုသရေးအဖွဲ့တွင် အထွေထွေရောဂါကု သမားတော်ကြီးများ၊ သားဖွား၊ မီးယပ်၊ ကလေးအထူးကု၊ စိတ်ရောဂါအထူးကု၊ သွားနှင့်ခံတွင်း၊ အရိုးနှင့် အကြောအထူးကု၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကု ဆရာဝန်ကြီးများ ပါဝင်ကြပြီး ယမန်နေ့က ရမ်းဗြဲမြို့နယ်အတွင်းမှ မြို့ပေါ် ခြောက်ရပ်ကွက်၊ ရမ်းပေါက်တိုက်နယ်၊ မြို့မ မြောက်ဘက်တိုက်နယ်နှင့် YB-ချောင်းဖျားတိုက်နယ်မှ လူနာများအား ကုသပေးခဲ့သည်။

ထို့ပြင် ဆေးကုသရန် ရောက်ရှိလာပြီး စောင့်ဆိုင်းနေသူများကို ရမ်းဗြဲမြို့ပေါ်နေ မြို့သူမြို့သားများက နံနက်စာများ လှူဒါန်းကျွေးမွေးခဲ့ပြီး ဆေးကုသပေးမှုတွင် လိုအပ်သည့် အကူအညီများကို ရမ်းဗြဲမြို့နယ် ကျန်းမာရေးဌာန ဝန်ထမ်းများနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတ လူငယ်အဖွဲ့များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ကျန်ရှိနေသော တိုက်နယ်များကိုလည်း ယနေ့တွင် ဆက်လက်ကုသပေးခဲ့ကြောင်း သတင်းရရှိသည်။

**အောင်နိုင်(ပြန်/ဆက်)**



## ကမ္ဘာ့ဆရာများနေ့အခမ်းအနား စစ်တွေမြို့၌ကျင်းပ

**စစ်တွေ အောက်တိုဘာ ၆**

၂၀၁၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း မဟာပညာကျော်ခန်းမ၌ ကျင်းပရာ အသက် ၇၅ နှစ်အထက် ဆရာကြီး ဆရာမကြီးများ၊ မြို့နယ်ပညာရေးမှူး ဦးသန်းကျော်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားကို မြတ်ဆရာသီချင်းဖြင့် စစ်တွေမြို့အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ နဝမတန်း ကျောင်းသား ကျောင်းသူများက ဂုဏ်ပြုသီဆိုဖွင့်လှစ်ကြပြီး ရွာကြီးတောင်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးထွန်းမြအောင်က မြတ်ဆရာတို့၏ ဂုဏ်ကျေးဇူးကို ဂုဏ်ပြုပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပညာရေးမှူး ဦးသန်းကျော်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။

ယင်းနောက် အသက် ၇၅ နှစ်အထက် ကန်တော့ခံ ဆရာ ဆရာမများအား တက်ရောက်လာကြသူများက ဂုဏ်ပြုလက်ဆောင်များဖြင့် ကန်တော့ကြရာ ကန်တော့ခံ ဆရာ ဆရာမများ ကိုယ်စား မြို့နယ်ပညာရေးမှူး(ငြိမ်း) ဆရာဦးမောင်ဘသိန်းက ဩဝါဒစကား ပြန်လည်ပြောကြားသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**



# (၁၄၃)ကြိမ်မြောက် ကန်ကြီးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကျင်းပ

**မုဒုံ အောက်တိုဘာ ၆**

(၁၄၃)ကြိမ်မြောက် ကန်ကြီးစေတီတော်ဗုဒ္ဓပူဇနိယပွဲတော် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို မုဒုံမြို့ကန်ကြီးကန်၌ အောက်တိုဘာ ၅ ရက်က ကျင်းပခဲ့သည်။ **(ဓါတ်ပုံ)**

ဖွင့်ပွဲကို အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက ကန်ကြီးကန်၌ ကျင်းပပြီး ရိုးရာလှေလှော်ပြိုင်ပွဲကော်မတီဥက္ကဋ္ဌက ဖွင့်လှစ်ကာ မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲကို အကြီးတန်း ငါးသင်း၊ အငယ်တန်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အကြီးတန်းပြိုင်ပွဲတွင် ပထမ ကန်ကြီးဇာတိမာန်အသင်းက လည်းကောင်း၊ ဒုတိယ ကျုံဖိုက်အသင်းကလည်းကောင်း၊ အငယ်တန်း ပြိုင်ပွဲတွင် တက်သစ်စအသင်းက ပထမ၊ ပွင့်သစ်စအသင်းက ဒုတိယရရှိပြီး အကြီးတန်းပြိုင်ပွဲတွင် ဇာတိမာန်လှေလှော်အသင်းမှာ သုံးနှစ်ဆက်တိုက်ပထမရရှိခဲ့သည့်အတွက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက တံခွန်စိုက်ဆု ချီးမြှင့်ပေးအပ်ခဲ့သည်။ အငယ်တန်း ပထမ၊ ဒုတိယနှင့် ကျန်ဆုအသီးသီးကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**မုဒုံမောင်မောင်**

# ရွှေနန်းသာရီနှင့် ငွေနန်းသာရီနဂါးလှေတော်နှစ်စင်း ရေချမင်္ဂလာနှင့် စမ်းသပ်လှော်ခတ်

**တနင်္သာရီ အောက်တိုဘာ ၆**

တနင်္သာရီမြို့နယ်၌ ရိုးရာနဂါးလှေသဘင်ပွဲတော် ကျင်းပနိုင်ရန်နှင့် ကြိုတင်လှော်ခတ် လေ့ကျင့်နိုင်ရန်အတွက် ရွှေနန်းသာရီ နဂါးလှေနှင့် ငွေနန်းသာရီ နဂါးလှေတော်နှစ်စင်းကို ချောင်းကြီးကျောင်းတိုက် ဦးစီးပဓာန သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တပညာဒီပ၏ ညွှန်ကြားမှုဖြင့် ချောင်းကြီးရပ်ကွက် ရွှေလိပ်ပြာကမ်းနားလမ်းရှိ နဂါးလေးရုံလျှောဆင်းလမ်းနေရာနှင့် ရေလိပ်ပြာရေဆိပ်နေရာတို့တွင် အောက်တိုဘာ ၆ ရက် နံနက် ၈ နာရီခွဲက လှေတော်သားများ စုပေါင်းအားဖြင့် ရေချမင်္ဂလာကျင်းပခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



ရွှေနန်းသာရီ နဂါးလှေတော်ကို ချောင်းကြီးကျောင်းတိုက် အတွင်းမှ ချောင်းကြီးရပ်ကွက် ရွှေလိပ်ပြာရေဆိပ်သို့ လှေတော်သားများ စုပေါင်းအားဖြင့် ပခုံးဖြင့်ထမ်း၍ လည်းကောင်း၊ ငွေနန်းသာရီနဂါးလှေတော်ကို ယင်းလှေရုံနှင့် တွဲလျက်ရှိသည့် လျှောဆင်းလမ်းမှ တစ်ဆင့် မြစ်ရေပြင်ထဲသို့ ထိန်းကြိုးဖြင့် လည်းကောင်း ရေချမင်္ဂလာနှင့် အမွှေးနံ့သာများဖြင့် ဦးခေါင်းဆေးခြင်းမင်္ဂလာ ပြုလုပ်ခဲ့ကြသည်။

ထို့နောက် ရွှေနန်းသာရီနှင့် ငွေနန်းသာရီ နဂါးလှေတော်နှစ်စင်းကို မင်္ဂလာဦးပေါက် တစ်ဦး၊ မင်္ဂလာလည်ရွဲ လေးဦး၊ လည်ရွဲအကူ ငါးဦး၊ လှေတော်သား ၃၀၊ ရိုးရာတီးဝိုင်း (ကြေး+နှဲ+ဗုံ+မောင်း+လင်းကွင်း) ငါးဦး၊ လျှာတက်ကိုင် (ပဲ့မာန်စွယ်အကူ)သုံးဦးနှင့် လျှာတက်ကိုင် (ပဲ့နင်း) တစ်ဦးစသဖြင့် ဖွဲ့စည်းပုံအတိုင်း စုစုပေါင်း ၄၆ ဦးတို့က မြစ်ရေပြင်အတွင်း ဝတ်စုံအပြည့်နှင့် တက်ညီလက်ညီဖြင့် စမ်းသပ်လှော်ခတ် လေ့ကျင့်ကြပြီး ရိုးရာ နဂါးလှေသဘင်ပွဲတော်နေ့အထိ လှော်ခတ် လေ့ကျင့်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်မှုလုပ်ငန်း စတင်မည်

**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်မှုလုပ်ငန်းစဉ်များကို အောက်တိုဘာလ တတိယပတ်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

" ကျွန်တော်တို့ ရန်ကုန်မြို့ပတ်ရထားလမ်းခရီးစဉ်တွေနဲ့ ပတ်သက်ပြီး အဆင့်မြှင့်တင်မှုလုပ်ငန်းတွေ ဘယ်လိုလုပ်ဆောင်ထားသလဲ ဆိုတာကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ လိုက်လံကြည့်ရှုတာဖြစ်ပါတယ်။ အောက်တိုဘာလမှာ ဒီလုပ်ငန်းစဉ်တွေကို စမယ်လို့ အသိပေးထားပြီးဖြစ်ပါတယ်။ ဒါကြောင့် မီးရထားလမ်းပိုင်းတွေ အဆင့်မြှင့်တင်မှုလုပ်ငန်းစဉ်ကို ဆောင်ရွက်နေစဉ်အတွင်း ခရီးသွားမိဘပြည်သူတွေ အဆင်ပြေပြေ လိုရာခရီးသွားလာနိုင်စေဖို့ မီးရထားတစ်စင်းနဲ့ တစ်စင်း ဆုံနိုင်ဖို့အတွက် ဆုံနိုင်မယ့် ဘူတာတွေကို ကြိုတင်ဆောင်ရွက်ထားပါတယ်" ဟု မြန်မာ့မီးရထားတိုင်းအမှတ်(၇) မန်နေဂျာ ဦးဇော်လွင်က ပြောသည်။

"လုပ်ငန်းစမယ်ဆိုရင် လက်ရှိပြေးဆွဲနေတာ လမ်းကနှစ်လမ်းဖြစ်ပါတယ်။ အစုန်လား၊ အဆန်လား ဆိုတာတော့ မသိသေးဘူး။ လမ်းတစ်လမ်းကို ဖြတ်ပြီးပြင်မယ်။ ပြင်နေတဲ့ကာလအတွင်း ခရီးသွားပြည်သူတွေ အဆင်ပြေစေဖို့ ဆုံနိုင်မယ့်ဘူတာတွေမှာ ဆုံလို့ရအောင်လို့ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းတွေ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ မီးရထားလမ်းနဲ့ မြို့ပြလုပ်ငန်းတွေအတွက် ကျောက်တွေပုံတာ၊ သံလမ်းတွေချတာ စတဲ့ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းစဉ်တွေကို လွန်ခဲ့တဲ့ နှစ်လကစပြီး ဆောင်ရွက်ခဲ့တာ ရထားလမ်းနဲ့ ကားလမ်းဆုံတဲ့နေရာတွေကို ခုံးကျော်တံတားတွေ တည်ဆောက်သင့်၊ မဆောက်သင့် စဉ်းစားနေပါတယ်" ဟု ဦးဇော်လွင်က ပြောသည်။



ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်ရှိ သစ္စာလမ်းဆုံနှင့် အင်းစိန်မြို့နယ်ရှိ တညင်းကုန်းလမ်းဆုံ နေရာများတွင် တစ်ရက်အတွင်း ယာဉ်ဖြတ်သန်းမှု အစီးရေနှစ်သောင်းမှ သုံးသောင်းကျော်အထိရှိပြီး ရထားလာနေစဉ်အတွင်း ရထားလမ်းဂိတ်ပိတ်နေစဉ် ပိတ်ခံရသည့် ယာဉ်စီးရေ ခြောက်ရာကျော်ခန့် ရှိကြောင်း သိရသည်။

**သတင်း-အေကေလင်း**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

❏ *ကျောဖုံးမှ*

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၉ ရက်မှ ၂၅ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၁၂ ရက်မှ ၁၈ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

အောက်တိုဘာလအတွင်း စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် တစ်ကြိမ်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ကြိမ်ခန့်နှင့် မြစ်သာမြစ်ရေသည် ပြင်သာ(ကလေးမြို့)တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်များ အသီးသီးအထက် ကျော်လွန်ရောက်ရှိနိုင်သည်။

(မိုး/ဇလ)

✪ *ကျောဖုံးမှ*

အောက်တိုဘာ ၇ ရက်တွင် စတင်ပြေးဆွဲပေးမည့် ရန်ကုန်မြို့ ပထမဆုံး Water Bus များသည် ခရီးသွားပြည်သူများအားမိတ်ဆက်သည့်အနေဖြင့် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် ဗိုလ်တထောင်ဆိပ်ကမ်းမှ အင်းစိန်အထိ အခမဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။ လမ်းကြောင်းတစ်လျှောက် ခရီးသည် တက်/ဆင်းပြုလုပ်နိုင်မည့် ဆိပ်ကမ်းများမှာ နန်းသီတာ၊ လမ်းသစ်၊ ကြည့်မြင်တိုင်၊ လှိုင်နှင့် ပန်းလှိုင်တို့ဖြစ်ပြီး စုစုပေါင်းဆိပ်ကမ်းခုနစ်ခုရှိကာအထူးသဖြင့်ဝန်ထမ်းများနှင့် ရန်ကုန်မြို့တွင်းနေ့စဉ်သွားလာလှုပ်ရှားနေသော အလုပ်သမားများအတွက် ရည်ရွယ်ပြေးဆွဲပေးခြင်းဖြစ်ကြောင်း သိရသည်။ ဝန်ဆောင်မှုအနေဖြင့်လည်း လမ်းကြောင်းတစ်ခုတွင် ငွေကျပ် ၃၀၀ နှုန်းသာ ကောက်ခံသွားမည်ဖြစ်ပြီး ငွေသားကျပ်ပေးဆောင်စရာမလိုဘဲ တက်/ ဆင်း ပြုလုပ်နိုင်သော ဆိပ်ကမ်းများ၌ anypay ငွေဖြည့်ကတ်ကို အသုံးပြုနိုင်ပြီး အဆိုပါငွေဖြည့်ကတ်တွင်လည်း မိမိထည့်လိုသော ငွေပမာဏကို ထည့်သွင်းကာ လိုက်ပါစီးနင်းနိုင်မည်ဖြစ်သည်။ ယင်း anypay ငွေဖြည့်ကတ်ကို ခရီးသည်များအနေဖြင့် ဝယ်ယူစရာမလိုဘဲ အခမဲ့အသုံးပြုခွင့် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Yangon Water Bus ကို လတ်တလောအနေဖြင့် ငါးစင်းစတင်ပြေးဆွဲပေးမည်ဖြစ်ပြီး နေ့စဉ် နံနက် ၆ နာရီခွဲမှ ညနေ ၆ နာရီခွဲအထိ ခရီးသည်လိုက်ပါစီးနင်းမှုအပေါ်မူတည်ကာ အချိန်ကွာခြားမှုမရှိဘဲ အဆက်မပြတ်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး လမ်းကြောင်းတစ်ကြောင်းတွင် မိနစ် ၃၀၊ ၄၅ မိနစ်ဝန်းကျင်သာ ကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။

"လောလောဆယ်လမ်းကြောင်းမှာ မှတ်တိုင်ခုနစ်ခုရှိပါတယ်။ နောက်ပိုင်း ခရီးသည်တွေအနေနဲ့ YBS လိုင်းတွေကို ထပ်မံချဲ့ထွင်ပြီးတော့ water Bus မှတ်တိုင်အရောက် စီးလို့ရအောင် စီစဉ်နေပါတယ်။ ထွက်ခွာချိန်ကိုလည်း ခရီးသည်အပေါ်မူတည်ပြီး ထွက်ခွာပေးမှာပါ။ မှတ်တိုင်တွေမှာခရီးသည်တွေ စီးနင်းလိုက်ပါမှုအဆင်ပြေအောင် ဘုတ်တွေထောင်ထားမှာပါ။ အာမခံပိုင်းအနေနဲ့လည်း လတ်တလောမှာ အစိုးရအာမခံဌာနနဲ့ IKBZ အာမခံလုပ်ငန်းတွေကို ချိတ်ဆက်ထားပါတယ်။ အာမခံကဏ္ဍအတွက်ကတော့ ဆက်လက်တိုးချဲ့လုပ်ဆောင်ပေးသွားဖို့ ရှိပါတယ်။ နောက်ပိုင်း မြောက်ဒဂုံနဲ့ သန်လျင်ဘက်တွေကို ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားဖို့ စီစဉ်ထားပါတယ်"ဟု ဒေါ်တင့်တင့်လွင်က ထပ်မံရှင်းပြသည်။

ရန်ကုန်မြစ်အတွင်း ယနေ့ စတင်ပြေးဆွဲပေးမည့် Yangon Water Bus ပေါ်၌ ခရီးသည်များသာ လိုက်ပါစီးနင်းနိုင်ပြီး ကုန်ပစ္စည်းများ လုံးဝတင်ဆောင်ခွင့်ပြုမည်မဟုတ်ကြောင်းနှင့် လိုက်ပါစီးနင်းမည့်ခရီးသည်များအနေဖြင့် ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်း၊ မြစ်အတွင်းအမှိုက်စွန့်ပစ်ချခြင်းတို့ကို လုံးဝခွင့်ပြုသွားမည်မဟုတ်ဘဲ နိုင်ငံတကာစည်းကမ်းနှင့်အညီ စည်းကမ်းတကျ လိုက်ပါစီးနင်းခွင့်ပြုမည်ဖြစ်သည်။ ယာဉ်ပေါ်လိုက်ပါလာသော ခရီးသည်များအဆင်ပြေစေရန်အတွက် ငွေကျပ် ၄၀၀ တန် ထမင်းဘူးနှင့် ငွေကျပ် ၁၅၀ တန် လက်ဖက်ရည်တို့ကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနိုင်ရန် စီစဉ်ပေးထားကြောင်း သိရသည်။

✣ *ကျောဖုံးမှ*

အမှတ်သညာပြု မှတ်သားလေ့ရှိသည့် ရေလယ်စေတီတော်ရှိ နဂါးရုပ်တုများ၏ ဦးခေါင်းပိုင်းမှာလည်း ရေမြုပ်သည့်အနေအထားတွင် ရောက်ရှိနေကြောင်း သိရသည်။ ယင်းသစ်သားတံတားပေါ်တွင် ရေကျော်လျက်ရှိသော်လည်း ယနေ့ နံနက်ပိုင်းအထိ ဘုရားဖူးများအား ဖြတ်သန်းသွားလာခွင့်ပြုထားကြောင်း တွေ့ရသည်။

ယခင်နှစ်က မိုးအဆက်မပြတ် ရွာသွန်းပြီး မိတ္ထီလာကန်ရေပြည့်ကာ မိတ္ထီလာမြောက်ကန် ဓမ္မသုခရွှေစည်းခုံစေတီတော်အနီး ရေကျော်နေရာ ရေကန်အတွင်း လူတချို့ ရေနစ်သေဆုံးမှုများ ဖြစ်ပွားခဲ့သည်။ ယခုအခါ ယင်းရေကျော်နေရာတွင် ယခင်နှစ်ကကဲ့သို့ ကန်ရေကျော်နေပြီး ယင်းရေကျော်လမ်းပေါ်မှ ဖြတ်သန်းသွားလာခွင့် ယာယီပိတ်ထား၍ ရေကျော်အနီးရှိ ရေကန်ထဲတွင် ရေဆင်းကူးခြင်း၊ ငါးဖမ်းခြင်းများကိုလည်း သက်ဆိုင်ရာက တားမြစ်ထားသည်ကို တွေ့ရသည်။ မိတ္ထီလာတောင်ကန်ရှိ မိုးကောင်းအန္တကူရေလယ်ဘုရားသို့သွားရာ သစ်သားတံတားမှာလည်း ရေကန်ထဲတွင် တည်ဆောက်ထားသည့် တံတားဖြစ်ခြင်း၊ လတ်တလောတွင် ကန်ရေပြည့်သည့်အနေအထားတွင် ရှိခြင်းတို့ကြောင့် ဒေသခံဘုရားဖူးများ အန္တရာယ်ဖြစ်ပွားမှုမရှိစေရန် ယင်းတံတားအား ယာယီပိတ်ထားသင့်ကြောင်း တင်ပြလိုက်ရပါသည်။

# ဆန်းသစ်ဖန်တီးသူများ၏အခွင့်အရေးကို မူပိုင်ခွင့်ဖြင့် ကာကွယ်ပေးစို့

● တက္ကသိုလ်ပွင့်သူအောင် ●

**ကမ္ဘာတွင် အလွန်အရေးပါလှသော စကားရပ်တစ်ခုမှာ "ဉာဏပစ္စည်း" (Intellectual Property) ဖြစ်သည်။ ဉာဏပစ္စည်းဆိုသည်မှာ စက်မှုပစ္စည်းပိုင်းဆိုင်ရာတီထွင်မှုများ၊ အမှတ်တံဆိပ်များ၊ စက်မှုဒီဇိုင်းများနှင့် မူပိုင်ခွင့်ဆိုင်ရာ စာပေဂီတအနုပညာ၊ ဓာတ်ပုံပညာနှင့် ရုပ်မြင်သံကြားလုပ်ငန်းများဟူ၍ နှစ်ပိုင်းခွဲခြားထားသည်။ "မူပိုင်ခွင့်" ဟူသည် ကမ္ဘာ့ကုလသမဂ္ဂ၏ နိုင်ငံတကာစာချုပ်များတွင် ဖော်ပြပါရှိသည့် လူ့အခွင့်အရေးတစ်ရပ်ဖြစ်သည့်အပြင် ယဉ်ကျေးမှုလက်ရာတို့ကို တရားဥပဒေအရကာကွယ်စောင့်ရှောက်ပေးသည့် ခံစားခွင့်ရှိသော အလွန်အရေးပါသည့် လူမှုအခွင့်အရေး တစ်ရပ်ပင်ဖြစ်သည်။**

ယဉ်ကျေးမှုလက်ရာ (Cultural Works) ဆိုသည်မှာ လူတို့၏ စိတ်အနေနှင့် စိတ်ထားကို ကြွယ်ဝစေရန် တစ်စုံတစ်ဦးက ပြုလုပ်ဖန်တီးသော လက်ရာတစ်မျိုးမျိုးဖြစ်သည်။ ထိုအမျိုးအစားတွင် လူတို့စားဝတ်နေမှု၌ တစ်နည်းနည်း အဆင်ပြေစေရန် တိုက်ရိုက်ဖန်တီးနိုင်သော အရာဝတ္ထုပစ္စည်းများနှင့် စက်ကိရိယာနှင့် နည်းပညာတို့မှာ အကျုံးမဝင်ပေ။

ထိုပစ္စည်းများကို ယဉ်ကျေးမှုလက်ရာအဖြစ် သဘောမထားခြင်းမှာ ယင်းတို့သည် အဓိကအားဖြင့် လူ့ယဉ်ကျေးမှု ဖွံ့ဖြိုးရေးအတွက် ပြုလုပ်ပေးသော နည်းပညာများနှင့် တိုက်ရိုက်ဆက်စပ်နေပြီး ယင်းတို့ကိုလည်း တရားဥပဒေအရ ကာကွယ်ပေးသည့် ဥပဒေများ သီးခြားရှိနေကြသဖြင့် မူပိုင်ခွင့်နှင့် ခြားနားခြင်းပင်ဖြစ်သည်။ ဥပမာအားဖြင့် "ပေးတင့်" (Patent) ခေါ် တီထွင်မှုပစ္စည်းမူပိုင်ခွင့်သည် နည်းပညာနှင့် စက်မှုပစ္စည်းကိရိယာတီထွင်မှုတို့ကို ကာကွယ်ပေးသည်။ ကုန်ပစ္စည်းအမှတ်တံဆိပ်များဆိုင်ရာ မူပိုင်ခွင့်သည် ကုန်ပစ္စည်းများကို အကာအကွယ်ပေးထားသည်။ ကုန်အမှတ်တံဆိပ်များနှင့် ကုမ္ပဏီလုပ်ငန်း၏ အမှတ်အသားတံဆိပ်များသည် သက်ဆိုင်ရာကုမ္ပဏီကို ကိုယ်စားပြုကြောင်း ဖော်ပြသည်။ ထို့အပြင် ဒီဇိုင်းပုံစံမူပိုင်ခွင့်ဖြင့် ကုန်ပစ္စည်းဒီဇိုင်းပုံစံများကို အကာအကွယ်ပေးထားသည်။

ထိုအခွင့်အရေးများကို တစ်စု တစ်ပေါင်းတည်းအားဖြင့် စက်မှုပစ္စည်းဆိုင်ရာအခွင့်အရေးများ (Industrial Property Rights) ဟု ခေါ်ဝေါ်ကြသည်။ လူ့ယဉ်ကျေးမှုတိုးတက်ရေးကို အထောက်အကူပြုသော ကုန်ပစ္စည်းများကို ဖန်တီးထုတ်လုပ်ရာတွင် စိတ်ကူးစိတ်သန်းနှင့် လက်တွေ့အားထုတ်မှုများဖြင့် များစွာကြံ့ဆအားထုတ်ရသဖြင့် ထိုကိစ္စများကို ကာကွယ်စောင့်ရှောက်ပေးသော တရားဥပဒေဆိုင်ရာ အခွင့်အရေးများကို တစ်ပေါင်းတည်းအားဖြင့် "ဉာဏပိုင်းဆိုင်ရာပစ္စည်း အခွင့်အရေးများ" (Intellectual Property Rights) ဟု သုံးနှုန်းပြောဆိုကြသည်။

ယဉ်ကျေးမှုဆိုင်ရာပစ္စည်းတို့သည် လူတို့၏ စိတ်အနေနှင့် အတူ နှလုံးသားခံစားမှုတို့နှင့် ဖြစ်ပေါ်ရရှိခံစားမှု နီးစပ်သဖြင့် ထိုဝေါဟာရအသုံးအနှုန်းတွင် စာပေလက်ရာအမျိုးမျိုးတို့ အကျုံးဝင်နေသည်။ ဥပမာအားဖြင့် ဝတ္ထုများ၊ ကဗျာများ၊ ဇာတ်ညွှန်းများအပြင် အမြင်အာရုံနှင့် အကြားအာရုံတို့ဖြင့် ခံစားနိုင်သည့် ပန်းချီလက်ရာ၊ တေးဂီတလက်ရာ၊ ရုပ်ရှင်တို့နှင့် ခက်ခဲနက်နဲသော သိပ္ပံဆိုင်ရာ ရှာဖွေစူးစမ်းလေ့လာတွေ့ရှိချက်များပါဝင်သည်။

အခြားတစ်နည်းအားဖြင့် ယဉ်ကျေးမှုပစ္စည်းလက်ရာဆိုသည်မှာ လူတို့၏ စိတ်ကူးစိတ်သန်းနှင့် ခံစားမှုများအား အနုပညာမြောက်စွာ ဖန်တီးဖော်ထုတ်ချက်ဟုလည်း ဆိုနိုင်သည်။ ယဉ်ကျေးမှုဆိုင်ရာလက်ရာပစ္စည်းများသည် စိတ်နှလုံးအတွက် မှီဝဲရသောအာဟာရများဖြစ်ခြင်းကြောင့် ထိုပစ္စည်းတို့သည် အရေးပါမှုရှိနေခြင်းပင်ဖြစ်သည်။ လူတို့၏စိတ်ထားကို ကြွယ်ဝစေရန် ပြုပြင်ပေးသော ယဉ်ကျေးမှု လက်ရာများသည် အဖိုးတန်အမွေအနှစ်များဖြစ်ပြီး လူ့သမိုင်းတစ်လျှောက် ထိန်းသိမ်းလာခဲ့ကြသည်။ ထိုလက်ရာပစ္စည်းများသည် မူပိုင်ခွင့်ဟူ၍ မပေါ်ထွက်မီ ရှေးပဝေသဏီကပင် ပေါ်ပေါက်ထွန်းကားနေခဲ့ကြခြင်းလည်းဖြစ်သည်။ နှစ်ပရိစ္ဆေဒ ကြာမြင့်သည်နှင့်အမျှ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုအမွေများ ဖြစ်လာခဲ့သည်။

အထူးသဖြင့် ဖန်တီးပြုစုသူများဖြစ်ကြသည့် စာရေးဆရာ၊ ပန်းချီဆရာ၊ ဇာတ်ညွှန်းရေးဆရာ၊ ဒီဇိုင်းဆရာ၊ ကဗျာဆရာနှင့် တေးဂီတပြုသူတို့သာမက ထုတ်ဝေရေး၊ အသံလွှင့်လုပ်ငန်း၊ ပုံနှိပ်လုပ်ငန်းနှင့် ကြော်ငြာလုပ်ငန်းတို့တွင် လုပ်ကိုင်ဆောင်ရွက်နေသူများ၊ ယင်းစာပေအနုပညာတို့ကိုအသုံးပြုနေသည့် ကျောင်းသားကျောင်းသူများ၊ သာမန်ပြည်သူများနှင့်အတူ ဤအသက်မွေးမှုနယ်ပယ်များသို့ ဝါသနာဗီဇအရ ဝင်ရောက်ရန် မျှော်လင့်ထားကြသည့်သူများအားလုံးနှင့် စာပေအနုပညာ မူပိုင်ခွင့်မှာ သက်ဆိုင်လျက်ရှိသည်။

မူပိုင်ခွင့်သည် အားလုံးအတွက် အရေးပါလှသော အခွင့်အရေးပင်ဖြစ်သည်။ မူပိုင်ခွင့်ဥပဒေဆိုရာတွင် မူပိုင်ကိစ္စစောင့်ရှောက်ကာကွယ်ပေးခြင်းဆိုင်ရာ ဥပဒေအားလုံးနှင့် အကျုံးဝင်သည်။ မူပိုင်ခွင့်သည် ပြုလုပ်ဖန်တီးသူအား ဥပဒေအရ ကာကွယ်ပေးထားသော အခွင့်အရေးဖြစ်၍ "ပြုလုပ်ဖန်တီးသူ၏ အခွင့်အရေးများ" (Author's Rights) ပင်ဖြစ်သည်။ အမှန်အားဖြင့် ထိုလက်ရာတစ်ခုခု၏ မူပိုင်ခွင့်ကို ပိုင်ဆိုင်သူသည် "မူပိုင်ခွင့်ပိုင်ရှင်" (Copyright Owner) ပင်ဖြစ်သည်။ မူပိုင်ခွင့်ပိုင်ရှင်သည် မူပိုင်ခွင့်ကို လွှဲပြောင်းခွင့်၊ ရောင်းချခွင့်၊ ငှားရမ်းခွင့်နှင့် လက်လွှဲခွင့်ရှိသည်။

ထို့ကြောင့် ၁၉၉၉ ခုနှစ် အောက်တိုဘာလတွင် ကမ္ဘာ့ဉာဏပိုင်းဆိုင်ရာ ပစ္စည်းများမူပိုင်ခွင့်အဖွဲ့အစည်း World Intellectual Property Organization-WIPO) ဝီပိုက အသိဉာဏ်မူပိုင်ခွင့်အခွင့်အရေးများကို ထိထိရောက်ရောက် အသုံးချနိုင်စေရန်၊ အသိဉာဏ်မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းစဉ်များ မြှင့်တင်နိုင်စေရန်၊ စာပေအနုပညာနယ်ပယ်၊ သိပ္ပံနှင့် နည်းပညာနယ်ပယ်တို့၌ တီထွင်ဖန်တီးမှုများ မြှင့်တင်နိုင်စေရန်၊ ကိုယ်ပိုင်တီထွင်ဖန်တီးမှုများအား အကာအကွယ်ပေးခြင်းဖြင့် ရရှိနိုင်မည့်အခွင့်အရေးများကို သိရှိနားလည်၍ ဖန်တီးမှုများ မြှင့်တင်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် နှစ်စဉ် ဧပြီလ ၂၆ ရက်နေ့ကို "ကမ္ဘာ့အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်နေ့" (World Intellectual Property Day) အဖြစ် သတ်မှတ်ပေးခဲ့သည်။ ထို့ကြောင့် ၂၀၀၀ ပြည့်နှစ်မှစတင်၍ ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့အထိမ်းအမှတ် အခမ်းအနားများကို ဝီပို (WIPO) နိုင်ငံများက နှစ်စဉ်ကျင်းပလာခဲ့ရာ ယခု ၂၀၁၇ ခုနှစ်တွင် (၁၇) နှစ်ရှိခဲ့ပြီဖြစ်သည်။ ၂၀၀၁ ခုနှစ်တွင် မြန်မာနိုင်ငံက ကမ္ဘာ့အသိဉာဏ်ပစ္စည်းအဖွဲ့ကြီး (WIPO) သို့ (၁၇၆) နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့သည်။

ဉာဏပိုင်းဆိုင်ရာပစ္စည်းများ ကာကွယ်စောင့်ရှောက်မှု အခွင့်အရေးနှင့်ပတ်သက်၍ တစ်နိုင်ငံနှင့်တစ်နိုင်ငံ တရားဥပဒေစနစ်ချင်းမတူကြပေ။ ထိုကဲ့သို့ မတူကြခြင်းမှာ ယဉ်ကျေးမှုအရဖြစ်စေ၊ စက်မှုလုပ်ငန်းမူဝါဒသဘောအရဖြစ်စေ၊ အခြားသော အကြောင်းများကြောင့်ဖြစ်စေ ကွဲပြားကြခြင်းကြောင့် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် ဇူလိုင်လအတွင်း နေပြည်တော်၌ ဟိုတယ် Royal ACE တွင် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ ဥပဒေနှင့် တရားစီရင်ရေးဖွံ့ဖြိုးမှုအစီအစဉ်အရ အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ဥပဒေများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခဲ့သည်။ ထို့အပြင် ၂၀၁၃ ခုနှစ်အောက်တိုဘာလအတွင်းကလည်း ထိုစဉ်က သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အဖွဲ့ (WIPO) မှ ဥပဒေကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေများတွင် ပါရှိသည့် အရေးယူမှုပြဋ္ဌာန်းချက်များဆိုင်ရာ အစည်းအဝေးကို အဆိုပါဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပခဲ့သည်။

ယင်းအစည်းအဝေးတွင် မြန်မာနိုင်ငံအသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေများဖြစ်သည့် တီထွင်မှုမူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ်ဥပဒေနှင့် မူပိုင်ခွင့်ဥပဒေများကို TRIPS Agreement နှင့်အညီ မူကြမ်းများရေးဆွဲခဲ့ခြင်းအကြောင်းအရာများ၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ချိုးဖောက်မှုများ၊ မူပိုင်ခွင့်ခိုးမှုများ၊ တုပမှုများကို နှိမ်နင်းပေးနိုင်ရန် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် အကာအကွယ်ပေးရေးဆိုင်ရာ စနစ်တစ်ရပ်ပေါ်ပေါက်လာရေးအကြောင်းအရာများ စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

ယခုအခါ မြန်မာနိုင်ငံအနေဖြင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သဘောတူညီချက် (WIPO Copyright Treaty) နှင့် ကိုက်ညီမှုရှိစေရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization-WTO) ၏ မူများနှင့်အညီ ပညာရေးဝန်ကြီးဌာနက ဦးဆောင် ၍ တီထွင်မှုမူပိုင်ခွင့်ဥပဒေ (Patent Law)၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ (Industrial Design Law)၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ (Trade Marks and Service Marks Law) နှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ (Copyright Law) စသည့် ဥပဒေလေးမျိုးကို ရေးဆွဲခဲ့ပြီး လွှတ်တော်သို့ တင်သွင်းခဲ့သည်။

ထို့ကြောင့် ယင်းဥပဒေလေးမျိုးကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းရန် ၂၀၁၇ ခုနှစ် ဇူလိုင်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလထုတ် သတင်းစာများတွင် တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကြမ်း၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေကြမ်းတို့ကို ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခဲ့သည်။ တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်းတွင် အခန်းပေါင်း ၂၄ ခန်းနှင့် ပုဒ်မပေါင်း ၁၁၅ ခုပါဝင်၍ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း၌ အခန်းပေါင်း ၂၃ ခန်းနှင့် ပုဒ်မပေါင်း ၈၃ ခုပါဝင်ပြီး ယင်းဥပဒေထွက်ပေါ်လာပါက ယခင်အက်ဥပဒေဖြစ်သော The Myanmar Patents and Designs (Emergency Provisions)Act,1946 ကို ရုပ်သိမ်းမည်ဖြစ်သည်။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကြမ်းတွင် အခန်းပေါင်း ၂၃ ခန်းနှင့် ပုဒ်မပေါင်း ၁၀၀ ပါဝင်ပြီး စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေကြမ်း၌ အခန်းပေါင်း ၂၃ ခန်းနှင့် ပုဒ်မပေါင်း ၉၉ ခုပါဝင်၍ ယင်းဥပဒေပြဋ္ဌာန်းပြီးပါက ယခင်အက်ဥပဒေဖြစ်သော The Myanmar Copyright Act,1914 ကို ရုပ်သိမ်းမည်ဖြစ်သည်။

ယင်းဥပဒေလေးမျိုးပြဋ္ဌာန်းပြီးပါက ဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသော ပုဒ်မများနှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည်-

(က) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုမှုများကို စစ်ဆေးစီရင်ရန် သင့်လျော်သောနယ်မြေဒေသတွင် တရားရုံးများတည်ထောင်၍ တရားသူကြီးများကို ခန့်ထားနိုင်ခြင်း၊

(ခ) အထက်အပိုဒ် (က) အရ ခန့်ထားသည့်တရားသူကြီးများအား အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်ခြင်း၊

(ဂ) အထက်အပိုဒ် (က) အရ တရားရုံးများကို တည်ထောင်ခြင်းမပြုမီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်ရန် အပ်နှင်းသည့် တရားရုံးအား အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်ခြင်း၊

စသည်တို့ကို ဆောင်ရွက်မည်ဖြစ်သည်။ ထို့အပြင် တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်နှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ တရားမဆိုင်ရာ ဥပဒေများနှင့် တရားမကျင့်ထုံးဥပဒေတို့ကို မထိခိုက်စေဘဲ တရားရုံးက ဆောင်ရွက်ပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ထိရောက်သော အသိဉာဏ်ပစ္စည်းမူပိုင်အခွင့်အရေးဆိုင်ရာ တရားစီရင်ရေးစနစ် ပေါ်ထွက်လာစေရန်နှင့် မြန်မာနိုင်ငံနှင့် အီးယူ (EU) အကြား ပိုမိုဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အနာဂတ်တွင် အောင်မြင်လာစေရန်အတွက် ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန (ယခုပညာရေးဝန်ကြီးဌာန) နှင့် EU-ASEAN Project on the Protection of Intellectual Property Rights-(ECAP III) တို့ ပူးပေါင်း၍ တရားသူကြီးများ၊ အစိုးရရှေ့နေများ၊ တရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ ဥပဒေဆိုင်ရာအကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်းပြီး ပူးပေါင်းဆောင်ရွက်ရမည့် အဖွဲ့အစည်းများနှင့် ပြင်ပဥပဒေပညာရှင်များအတွက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးများနှင့် စပ်လျဉ်းသည့် အမျိုးသားအဆင့် ဆွေးနွေးပွဲကို အဆိုပါဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေများ အတည်ပြုပြဋ္ဌာန်းထွက်ရှိလာပါက ဆန်းသစ်တီထွင်ဖန်တီးသူများ၏ အခွင့်အရေးကို မူပိုင်ခွင့်ဖြင့် ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ ထိုအသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းပြီးနောက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးတည်ထောင်ခြင်း၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ချိုးဖောက်မှုများနှင့် အခြားဆက်စပ်သော အမှုကိစ္စရပ်များကို စီရင်နိုင်မည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်တရားရုံးများတည်ထောင်ခြင်း၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်စနစ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် မူဝါဒများနှင့် အမျိုးသားအဆင့် မဟာဗျူဟာများကို ချမှတ်ခြင်းနှင့် လိုအပ်သည့် လူသားအရင်းအမြစ်များကို ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**မူပိုင်ခွင့်သည် အားလုံးအတွက် အရေးပါလှသော အခွင့်အရေးပင်ဖြစ်သည်။ မူပိုင်ခွင့်ဥပဒေဆိုရာတွင် မူပိုင်ကိစ္စစောင့်ရှောက်ကာကွယ်ပေးခြင်းဆိုင်ရာ ဥပဒေအားလုံးနှင့် အကျုံးဝင်သည်။ မူပိုင်ခွင့်သည် ပြုလုပ်ဖန်တီးသူအား ဥပဒေအရ ကာကွယ်ပေးထားသော အခွင့်အရေးဖြစ်၍ "ပြုလုပ်ဖန်တီးသူ၏ အခွင့်အရေးများ" (Author's Rights) ပင်ဖြစ်သည်။ အမှန်အားဖြင့် ထိုလက်ရာတစ်ခုခု၏ မူပိုင်ခွင့်ကို ပိုင်ဆိုင်သူသည် "မူပိုင်ခွင့်ပိုင်ရှင်" (Copyright Owner) ပင်ဖြစ်**

---

## ချမ်းသာကြီးဘုရား (၁၁)ကြိမ်မြောက် ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ပွဲကျင်းပ

**ပလက်ဝ အောက်တိုဘာ ၆**

ပလက်ဝမြို့ ချမ်းသာကြီးဘုရား ဂေါပကအဖွဲ့ကကြီးမှူး၍ ရပ်ကွက်အသင်းအဖွဲ့ လူငယ်မောင်မယ်များ၏ ချမ်းသာကြီးဘုရား(၁၁)ကြိမ်မြောက် ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ပွဲကို အောက်တိုဘာ ၅ ရက် ညနေ ၆ နာရီက ရှုခင်းသာတောင်ပေါ်၌ စစ်တွေမြို့ကန်တော်ကြီးရပ်ကွက်ရှိ မဟာဇေယျသိဒ္ဓိအဓိဋ္ဌာန် ဆရာတော် ဘဒ္ဒန္တကုလရက္ခိတ ဦးဆောင်မှုဖြင့် ရခိုင်ရှေးဟောင်းဗိသုကာမှုအတိုင်း တည်ထားကိုးကွယ်လျက်ရှိသော ဉာဏ်တော် အမြင့် ၃၅ ပေ၊ ဓမ္မစက်နှင့် ပလ္လင်အလျား ၃၂ပေ၊ အနံ ၁၉ပေရှိ ချမ်းသာကြီးဘုရားရင်ပြင်၌ ကျင်းပရာ မြို့ပေါ်နှင့် ပတ်ဝန်းကျင်များမှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ရှေးဦးစွာ ရင်ပြင်တော်သတ်မှတ်နေရာ၌ မြို့ပေါ်ဝတ်ရွတ်အသင်းများက အဘိဓမ္မာအခါတော်နေ့ တရားတော်မြတ်ကို ရွတ်ဖတ်ပူဇော်ကြပြီး ဆီမီးထွန်းညှိပူဇော်ကြမည့် ရပ်ကွက်အသင်း လူငယ်မောင်မယ်များက ချမ်းသာကြီးဘုရားကြီးအား ဆီမီး ၁၀၀၀ ကို ထွန်းညှိပူဇော်ကြကြောင်း သိရသည်။

**မောင်မောင်ကျော့-ပလက်ဝ**

# ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်များ၏ ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဓမ္မသာရ ဆရာတော်မဟာထေရ်မြတ်ကြီး၏ အန္တိမအဂ္ဂိစျာပနကျင်းပ

**ရန်ကုန်   အောက်တိုဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တောတိုက် ဓမ္မရိပ်သာကျောင်းတိုက်များ၏ ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဓမ္မသာရ ဆရာတော်မဟာထေရ်မြတ်ကြီး၏အန္တိမအဂ္ဂိစျာပန အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါကျောင်းတိုက်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဩဝါဒါစရိယ ဆရာတော်များ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၊ တိုင်းသံဃနာယကအဖွဲ့ ဆရာတော်များ၊ မြို့နယ်သံဃနာယက အဖွဲ့ဆရာတော်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံနှင့် အရာရှိကြီးများ၊ သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သီလရှင်၊ ယောဂီတပည့်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမ ပရိယတ္တိစာသင်တိုက် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရွှေပြည်သာမြို့နယ် ရွှေပြည်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဒွိပိဋက ဓရဘဒ္ဒန္တနာဂိတက ဘဝနတ်ထံစံမြန်းတော်မူသော ဆရာတော်ကြီး၏ ထေရုပ္ပတ္တိကထာကို ဖတ်ကြားတော်မူသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သံဝေဂဉာဏ်ပွားများကြောင်းကို နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ရွှေပြည်သာပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဒွိပိဋကဓရ ဘဒ္ဒန္တနာဂိတက ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဝမ်းနည်းကြောင်း သဝဏ်လွှာဖတ်ကြားပူဇော်ပြီး အန္တိမအဂ္ဂိစျာပန အခမ်းအနားသို့ ကြွရောက်တော်မူလာကြသော ဆရာတော်သံဃာတော်များအား သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာများ၊ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွဲဖက် အကျိုးတော်ဆောင် ဘဒ္ဒန္တဂုဏိကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် အနိစ္စာဝတသင်္ခါရာ အစရှိသောဂါထာကို ရွတ်ဆိုပြီး သံဝေဂဉာဏ်ပွားများကာ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ကရဝိက်ဖောင်တော်ပေါ်သို့ ပင့်ဆောင်ပြီး အန္တိမအဂ္ဂိစျာပန အခမ်းအနားကို ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ မောင်တောဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဒေသခံများအား တွေ့ဆုံဆွေးနွေး

မောင်တော   အောက်တိုဘာ ၆

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့တွင် ARSA အစွန်းရောက်အကြမ်းဖက်များ၏ တိုက်ခိုက်မှုခံရပြီးနောက် နေရပ်စွန့်ခွာခြင်းမရှိဘဲ မိမိရပ်ရွာ စုရပ်များတွင် နေထိုင်လျက်ရှိသော မောင်တောဒေသအတွင်းရှိ ကျေးရွာများသို့ သွားရောက်ကာ မောင်တောဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဒေသခံများအား တွေ့ဆုံအားပေး စကားပြောကြားပြီး အလှူငွေများ ထောက်ပံ့ပေးအပ်ခဲ့သည်။**

ရှေးဦးစွာ ဝန်ကြီးချုပ်ဦးညီပုနှင့် အဖွဲ့က ပြောင်းလဲလာသော အခြေအနေနှင့်အမျှ ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်နေစဉ် လုံခြုံရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စက်ရုံအလုပ်ရုံ၊ ဟိုတယ်ဇုန်များ၊ အလုပ်အကိုင် အခွင့်အလမ်းရရှိရေး၊ လူမှုစီးပွားမြင့်မားရေးနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနှင့် ဌာနဆိုင်ရာတို့က ရေတို၊ ရေရှည် စီမံကိန်း ချမှတ်ကာ ဆောင်ရွက်နေမှုများကို ရှင်းလင်းချပြပြီး ဒေသခံများ၏ ဆန္ဒသဘောထားကို မေးမြန်းသည်။

ထို့နောက် ဒေသခံများက ၎င်းတို့နှင့် လိုက်လျောညီထွေမှုရှိမည့် စီးပွားရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ပန္နူ၊ မောရဝတီ၊ ရွှေဇဟိုလ်၊ ရန်အောင်မြင်၊ ရေနောက်ငါးသား၊ တမန်းသား၊ မင်းခမောင်းကျေးရွာများတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ တိုက်ခိုက်ခံခဲ့ရသော်လည်း ကိုယ့်ရပ်ရွာကို မစွန့်ခွာဘဲ စုစုစည်းစည်းဖြင့် နေထိုင်ကြသည့် ဒေသခံပြည်သူများကို ဂုဏ်ပြုသည့်အနေဖြင့် တစ်အိမ်ထောင်လျှင် ငွေကျပ် တစ်သောင်းစီ ထောက်ပံ့ပေးခဲ့ပြီး လတ်တလော လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

မောင်တောဒေသခံများအနေဖြင့် မိမိတို့ဆန္ဒရှိသည့် စီးပွားရေးလုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်၊ ခရိုင်အုပ်ချုပ်ရေး မှူးရုံးများသို့ တစ်ဦးချင်းဖြစ်စေ၊ အစုလိုက်ဖြစ်စေ လာရောက်တင်ပြ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရ အဖွဲ့ဝင်များသည် မောင်တောဒေသတွင် လက်ရှိဖြစ်ပေါ်နေသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး၌ လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မွန်းလွဲပိုင်းတွင် တွေ့ဆုံပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ဒေသလုံခြုံရေးအတွက် အလေးထား ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားပြီး ကွပ်ကဲရေးမှူးရဲမှူးချုပ်မြင့်တိုးက လုံခြုံရေးဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ခရီးစဉ်တွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊ ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် ပြည်နယ်အစိုးရအဖွဲ့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# မောင်တောဒေသမှ ပြည်သူများအတွက် ထောက်ပံ့ငွေနှင့်ပစ္စည်းများ တောင်ငူဒေသရှိ ဟိန္ဒူနွယ်ဝင်များ စုပေါင်းလှူ



**တောင်ငူ အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူဒေသတွင်းနေ ဟိန္ဒူမိသားစုဝင်များစုပေါင်း၍ ရခိုင်ဒေသအတွင်း အကြမ်းဖက်သမားများကြောင့် ဒုက္ခရောက်ကြရသည့် ရခိုင်ပြည်နယ် မောင်တောဒေသရှိ ပြည်သူများအတွက် အလှူငွေနှင့် အဝတ်အထည်များအပါအဝင် စုစုပေါင်း ငွေကျပ် သိန်း ၂၀ ဖိုးခန့်ကို အောက်တိုဘာ ၄ ရက် မွန်းလွဲပိုင်းက တောင်ငူမြို့ သျှုရီ သျှုရီ ဒုရ်ဂါစန္ဒီ မယ်တော်ကြီးကျောင်း၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်သူထံသို့ တောင်ငူဟိန္ဒူအဖွဲ့ခေါင်းဆောင် ဦးမောင်မြ (ပြည့်ဝ-မုန့်ဆိုင်)နှင့်အဖွဲ့က ပေးအပ်လှူဒါန်းရာ ဗဟိုအဖွဲ့ချုပ် အတွင်းရေးမှူးက လက်ခံယူပြီး ကျေးဇူးတင်ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်သည်။

အခမ်းအနားတွင် ဟိန္ဒူအဖွဲ့ခေါင်းဆောင် ဦးမောင်မြ (ပြည့်ဝ-မုန့်ဆိုင်)က လှူဒါန်းရခြင်း ရည်ရွယ်ချက်နှင့် ပတ်သက်၍ ပြောကြားရာတွင် လူသားအချင်းချင်းစာနာစိတ်ဖြင့် လူမျိုးမရွေး၊ ဘာသာမရွေး၊ ဒုက္ခရောက်ကြသူများအား လှူဒါန်းခြင်းဖြစ်ပြီး နိုင်ငံခြားမီဒီယာအချို့က ဟိန္ဒူလူမျိုးများကို ရိုဟင်ဂျာဟိန္ဒူဟူသော ဝေါဟာရအသစ်အဖြစ် ခေါ်ဆိုနေခြင်းကို လက်မခံနိုင်ကြောင်းနှင့် ယင်းဝေါဟာရသည် မြန်မာနိုင်ငံရောက် ဟိန္ဒူဘာသာဝင်များ၏ သမိုင်းကြောင်းနှင့် ဟိန္ဒူဗဟိုကောင်စီ စည်းမျဉ်းပါ လူမျိုး ၁၀ မျိုးတို့တွင်လည်း ပါဝင်ခြင်းမရှိဘဲ ပြည်ပနိုင်ငံများကို လှည့်ဖြားရန်အတွက်သာ လူမျိုးသစ်တစ်ခု ဖန်တီးထားသော စကားရပ်များသာဖြစ်ကြောင်း ရှင်းလင်းပြောဆိုခဲ့သည်။ လှူဒါန်းပွဲသို့ အလှူရှင်ဟိန္ဒူမိသားစုဝင်များ စုံညီစွာ တက်ရောက်ကြကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော်   အောက်တိုဘာ ၆**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းနေသည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **(မိုး/ဇလ)**

# သီတင်းကျွတ်လပြည့်နေ့တွင် မိုးရွာသွန်းပြီးနောက် မကွေးမြသလွန်စေတီတော်မြတ်ကြီးအား ဆီမီးကိုးထောင် ထွန်းညှိပူဇော်

**မကွေး အောက်တိုဘာ ၆**

မကွေးမြို့မြသလွန်စေတီတော်မြတ်ကြီးအား ဆီမီးကိုးထောင်ပူဇော်ပွဲကို သီတင်းကျွတ်လပြည့်နေ့ ညနေ ၆ နာရီတွင် ကျင်းပရန်ကြေညာထားသော်လည်း ညနေ ၅ နာရီခွဲခန့်က မိုးသက်လေပြင်းများ ကျရောက်ခဲ့၍ ဆီမီးကိုးထောင်ပူဇော်ပွဲကို ရက်ရွှေ့ဆိုင်းရန် စီစဉ်ခဲ့သော်လည်း ယင်းနေ့ည ၇ နာရီခန့်တွင် ရာသီဉတုပြန်လည်ကောင်းမွန်လာသဖြင့် စေတီတော်မြတ်အား အစဉ်အလာမပျက် လပြည့်နေ့အမီ(၂၉)ကြိမ်မြောက် ဆီမီးကိုးထောင်ဖြင့် ထွန်းညှိပူဇော်ဖြစ်ခဲ့ကြောင်း သိရသည်။

"တကယ်တော့ ညနေ ၆ နာရီမှာ ဆီမီးပူဇော်ဖို့အချိန်ကို ကြေညာထားတာ။ ညနေ ၅ နာရီကျော်လောက်ကျတော့ မိုးနဲ့လေတွေက မထင်မှတ်ဘဲကျရောက်လာတယ်။ အဲဒီမှာ ဘုရားကြီး ဝေယျာဝစ္စအသင်းသူ အသင်းသားတော်တော်များက မီးထွန်းမရဘူးဆိုပြီး ပြန်ကုန်ကျတယ်။ အစ်မတို့ကတော့ မပြန်ဘဲ မိုးရွာထဲမှာ စောင့်နေတာ။ မိုးလည်းတိတ်ရော မီးစထိပ်လေးတွေကို တစ်သျှူးလေးတွေနဲ့သုတ်ပြီး ရသမျှ ဆီမီးခွက်တွေကိုမပြန်သေးတဲ့ အသင်းသူ အသင်းသားတွေနဲ့ ဘုရားပွဲတော်ကို လာရောက်ကြတဲ့ ဘုရားဖူးပြည်သူတွေ ဝိုင်းပြီး ထွန်းညှိပူဇော်ခဲ့ရတာ။ လပြည့်နေ့မှာ ဆီမီးထွန်းပွဲဖြစ်မြောက်သွားတာပေါ့။ တချို့ကတော့ မထွန်းဖြစ်တော့ဘူးဆိုပြီး ပြန်တဲ့သူတွေလည်းရှိပါတယ်။ ဆီမီးလှူဒါန်းတဲ့နေရာမှာ မိုးကရွာလိုက်တဲ့အခါ ဆီမီးခွက်တွေထဲ မိုးရေတွေဝင်ကုန်တဲ့အတွက် ဆီမီးထွန်းတဲ့နေရာမှာ နည်းနည်းတော့ အခက်တွေ့တယ်" ဟု မြသလွန်စေတီတော်မြတ် ဝေယျာဝစ္စအသင်းသူတစ်ဦးက ပြောသည်။



မြသလွန်စေတီတော်မြတ်အား မိုးရွာအပြီး ဆီမီးများထွန်းညှိပူဇော်ထားသည်ကို တွေ့ရစဉ်

မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီးအား ဆီမီးကိုးထောင်ပူဇော်ရာတွင် (၂၅)ကြိမ်မြောက်ကလည်း အလားတူဖြစ်ရပ်မျိုးဖြစ်ပေါ်ခဲ့ရာ ထိုအချိန်က ဆီမီးထွန်းညှိပူဇော်ရန်ရက်ကို ရွှေ့ဆိုင်းခဲ့ရကြောင်း သိရသည်။

"အရင် (၂၅) ကြိမ်မြောက်တုန်းကလည်း ခုလိုရာသီဉတုဖောက်ပြန်လာလို့ ဆီမီးထွန်းဖို့ရက်ကို ရွှေ့ဆိုင်းခဲ့ရဖူးတယ်။ အဲဒီတုန်းက ရာသီဉတုဖောက်ပြန်တဲ့အချိန်က ဆီမီးခွက်တွေထဲကို ဆီတွေမထည့်ရသေးတော့ ရက်ရွှေ့ဆိုင်းလို့ရတယ်။ ဒီနှစ်ကျတော့ ဆီမီးခွက်တွေထဲကို ဆီတွေထည့်ပြီးနေတဲ့အတွက် ရက်မရွှေ့တော့ဘဲ ရသလောက် ထွန်းညှိပူဇော်ခဲ့တာပါ။ ဆီမီးကိုးထောင် ထွန်းညှိပူဇော်ပွဲကို တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ပြီးတော့ ထွန်းညှိပူဇော်ပေးခဲ့ပါတယ်။ ဝန်ကြီးချုပ်ကလည်း နှစ်စဉ် ကျင်းပမြဲဖြစ်တဲ့ သီတင်းကျွတ်လပြည့်နေ့ကို အစဉ်အလာမပျက်စေချင်တဲ့အတွက် အခုလိုကျင်းပပေးရခြင်းဖြစ်ပါတယ်" ဟု မြသလွန်စေတီတော် ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။

မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၁) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်တွင် သီတင်းကျွတ်လပြည့်နေ့က မိုးသည်းထန်စွာရွာသွန်းခဲ့သော်လည်း မိုးစဲသွားသည့်အချိန်တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ အဆိုပါပွဲတော်ကို သီတင်းကျွတ်လကွယ်နေ့အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ- ဇေမိုး**

# ပဲခူးမြို့၌ သံဃာ့မဟာပဝါရဏာပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပ

**ပဲခူး အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ အောက်တိုဘာ ၅ ရက် (သီတင်းကျွတ်လပြည့်နေ့)က ပဲခူးမြို့ရှိ မဟာသီဝလိသိမ်၊ ကလျာဏီသိမ်နှင့် ကြခတ်ဝိုင်းသိမ်တော်တို့တွင် သံဃာ့မဟာပဝါရဏာပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပသည်။

မဟာသီဝလိသိမ်တော်တွင် ပဲခူးမြို့နယ်အတွင်းရှိ သုဓမ္မာဂိုဏ်းလုံးဆိုင်ရာ သံဃာတော် အရှင်သူမြတ် ၂၅၄၃ ပါးတို့သည်လည်းကောင်း၊ မဟာကလျာဏီသိမ်တော်တွင် ရွှေကျင်ဂိုဏ်းဝင် သံဃာတော် အရှင်သူမြတ် ၅၆၃ ပါးတို့သည် လည်းကောင်း၊ ကြခတ်ဝိုင်းသိမ်တော်တွင် ပဲခူး၊ ကဝ၊ ဒိုက်ဦး၊ သနပ်ပင်၊ ဝေါ ငါးမြို့နယ်မှ ရွှေကျင်ဂိုဏ်းဝင် သံဃာတော် အရှင်သူမြတ် ၁၇၇၃ ပါးတို့က လည်းကောင်း ပဝါရဏာပြုခဲ့ကြသည်။

ထို့နောက် ပဝါရဏာပြုတော်မူကြသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား လွှတ်တော်(ဥက္ကဋ္ဌ) အမျိုးပြုသောလွှတ်တော်ကိုယ်စားလှယ်များ၊ တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများ၊တပ်ရင်းတပ်ဖွဲ့များ၊ စေတနာရှင်အလှူရှင်များ၊ မြို့ပေါ်ရပ်ကွက်များမှ ဘာသာရေးအသင်းအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များက ဆွမ်းဆန်တော်၊ နဝကမ္မ လှူဖွယ်ပစ္စည်းများနှင့်စာရေးတံမဲများ လောင်းလှူပူဇော်ကြကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



နေပြည်တော် တပ်ကုန်းမြို့မိုယ်းကောင်းဆုတောင်းပြည့်ဘုရားကြီးရင်ပြင်ပေါ် တွင် သီတင်းကျွတ်လပြည့်ကျော်တစ်ရက်ညက ရဟန်းရှင်လူပြည်သူများ ပျော်ရွှင်စွာ ဆီမီးများထွန်းညှိပူဇော်နေကြစဉ် တင်ထွန်းတာ(တပ်ကုန်း)

# မီးရောင်စုံအလှ ဖားစည်မြေည မီးထွန်းပွဲတော်နှင့်ဈေးရောင်းပွဲတော် ငွေကျပ် ၅၀၀ သာကောက်ခံပြီး ဖျော်ဖြေရေးအစီအစဉ်ကြည့်ရှုမှသာ ငွေကျပ် ၁၀၀၀ ထပ်မံပေးရမည်ဖြစ်

ဘားအံ အောက်တိုဘာ ၆

**ကရင်ပြည်နယ် ဇွဲကပင်ခန်းမတွင် မီးရောင်စုံအလှ ဖားစည်မြေည မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို ဝင်ကြေးငွေကျပ် ၁၅၀၀ ကောက်ခံရာမှ လူမှုကွန်ရက်ပေါ်တွင် ရေးသားဖော်ပြမှုများကြောင့် ငွေကျပ် ၅၀၀ သာ ကောက်ခံမည်ဖြစ်ပြီး ခန်းမအတွင်းသို့ ဖျော်ဖြေရေးအစီအစဉ်ကြည့်ရှုမှသာ ငွေကျပ် ၁၀၀၀ ဆက်လက်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။**


အဆိုပါ မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို ကရင်ပြည်နယ် စက်မှုလုပ်ငန်းရှင်များအသင်းမှ ဦးစောဟန်အေးနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့ စွမ်းဆောင်ရည် (SSY) ကုမ္ပဏီအနေနဲ့ ဒေသခံတွေကို သီတင်းကျွတ် မီးထွန်းပွဲတော်အပြင် ပျော်ပွဲရွှင်ပွဲလေးတွေ ကြည့်လို့ရစေဖို့ အပြင် ဈေးရောင်းပွဲတော်ကိုပါ ထည့်သွင်းစီစဉ်ခဲ့တာပါ၊ ဖျော်ဖြေရေးကဏ္ဍတွေမှာလည်း တစ်နေ့တစ်မျိုး မတူညီတဲ့ ဖျော်ဖြေတင်ဆက်မှုတွေနဲ့ ဆောင်ရွက်တာပါ၊ လာရောက်ကြည့်ရှုသူတွေကိုလည်း ကံစမ်းမဲတစ်စောင် အခမဲ့ ပေးပါတယ်။ ကံစမ်းမဲမှာဆိုရင်လည်း ရွှေရင်ထိုး၊ ရွှေဆွဲကြိုး၊ ရွှေကလစ်တွေပါ ထည့်ထားပြီး နောက်ဆုံးရက်မှာ မဲနှိုက်ပေးမှာပါ။ ဖျော်ဖြေရေးအပိုင်းမှာလည်း ကာရာအိုကေ သီချင်းဆိုပြိုင်ပွဲ ပထမဆုကို ငွေကျပ်သုံးသိန်း ချီးမြှင့်သွားမှာပါ၊ နေ့စဉ် ဆယ်လ်ဖီရိုက်တဲ့ အလှဓာတ်ပုံတွေထဲက အလှဆုံးပုံတွေကို ရွေးချယ်ဆုချီးမြှင့်မယ့် အစီစဉ်လည်း ထည့်သွင်းထားပါသေးတယ်"ဟု အဆိုပါ ကုမ္ပဏီ၏ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒေါ်မေမြတ်ကေခိုင်က ပြောသည်။

မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကျင်းပရေးနှင့် ပတ်သက်ပြီး ဆောင်ရွက်ခဲ့ရာတွင် "ကျွန်တော်တို့ဒီလုပ်ငန်းနဲ့ ပတ်သက်ပြီး ကရင်ပြည်နယ် အစိုးရအဖွဲ့ကို လုပ်ငန်းစီမံချက် ရေးဆွဲပြီးတော့ တင်ရတယ်။ စီမံချက်မှာလည်း ကျွန်တော်တို့ လုပ်ငန်းနဲ့ပတ်သက်ပြီး အသေးစိတ်တင်ပြရတယ်၊ ဘာကြောင့် ဘယ်လောက် ကောက်ခံမယ်ဆိုတာလည်း အသေးစိတ်ပါတယ်၊ ကျွန်တော်တို့ကို ရောဝတီဘဏ်က Main Sponsor ပေးတာပါ။ ဒါကလည်း ဒီပွဲတစ်ခုလုံးရဲ့ တစ်စိတ်တစ်ဒေသကို အထောက်အကူဖြစ်စေရုံပါ၊ ကျွန်တော်တို့အနေနဲ့ ဒီပွဲပြင်ဆင်ရတာတွေ ဆုပေးတာနဲ့ ကံစမ်းမဲဖောက်ပေးတာတွေ အားလုံးကို တွက်ချက်ပြီးတော့ဝင်ကြေးကို သတ်မှတ်တာပါ" ဟု စွမ်းဆောင်ရည် (SSY) ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ကိုဖြိုးဇော်ဝေက ပြောသည်။

မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်အပါအဝင် ဖျော်ဖြေရေးကဏ္ဍများပါ နှစ်သက်ရာကြည့်ရှုနိုင်ပြီး ဝင်ကြေးငွေကျပ် ၁၅၀၀ အား ဝင်ပေါက်မှစတင်ကောက်ခံမှုအပေါ် လူမှုကွန်ရက်ပေါ်တွင် ရေးသားဖော်ပြမှုများနှင့် ပတ်သက်ပြီး မေးမြန်းခဲ့ရာ "ကျွန်မတို့ ဝင်ပေါက်ကနေ စတင်ပြီး ကောက်ခံရတာဟာ သက်ဆိုင်ရာတာဝန်ရှိသူတွေရဲ့လုံခြုံရေးအရ စီစဉ်ပေးမှုနဲ့ ဆောင်ရွက်ရတာပါ၊ နောက်ဆုံးညမှာ ဝင်ကြေးကို ငွေကျပ် ၅၀၀ ပဲကောက်ခံပြီး ဖျော်ဖြေရေးကြည့်ရှုမှသာ ငွေကျပ် ၁၀၀၀ ကို ဆက်လက်ကောက်ခံသွားမှာပါ။ အခုပွဲအတွက် လိုအပ်ချက်တွေ ရှိသွားခဲ့ရင်လည်း ဒေသခံတွေကို တောင်းပန်ပါတယ်"ဟု ဒေါ်မေမြတ်ကေခိုင်က ဆက်လက်ပြောကြားသည်။

ကရင်ပြည်နယ် ဘားအံမြို့ ကန်သာယာနှင့် ဇွဲကပင်ခန်းမ၌ အောက်တိုဘာ ၄ ရက်မှ ၆ ရက်အထိ ပြုလုပ်လျက်ရှိသော ဖားစည်မြေည မီးထွန်း ပွဲတော်နှင့် ဈေးရောင်းပွဲ တော်ဖွင့်ပွဲကို ကရင်ပြည်နယ် ကုန်သည်ကြီးများအသင်းနှင့် စက်မှုလုပ်ငန်းရှင်များအသင်းတို့မှ SSY ကုမ္ပဏီနှင့် ပူးပေါင်းကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**



# အဆင့်မြင့်ဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲ မတ္တရာအသင်းအနိုင်ရဗိုလ်စွဲ

**မန္တလေး အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီက ဦးစီးကျင်းပသော မန္တလေးမြို့ ၁၃၇၉ ခုနှစ် သီတင်းကျွတ်မီးထွန်းပွဲတော် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားရှိ စန္ဒာမုနိဘုရား(၁၂၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ် ပထမအကြိမ်ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌဖလား အဆင့်မြင့်ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေ ၃ နာရီက ကုသိုလ်တော်ဘုရားဝင်းရှိ ဘော်လီဘောကွင်း၌ မတ္တရာအသင်းနှင့် ကာကွယ်ရေးအသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားကြရာ မတ္တရာအသင်းက သုံးပွဲပြတ်ဖြင့် လက်စွမ်းပြယှဉ်ပြိုင်အနိုင်ရဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီး နှစ်သိမ့်ဆုရအသင်း ငါးသင်းတို့အား တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီအထွေထွေအတွင်းရေးမှူး ဦးမြင့်ဆွေ၊ တတိယဆုရ မျိုးညွန့်အသင်းအား ဘော်လီဘောဆပ်ကော်မတီနာယက ဦးသာမောင်က ဆုငွေကျပ်သုံးသိန်း၊ အကောင်းဆုံးဆုရ မတ္တရာအသင်းမှ နေလင်းအောင်အား ဒုတိယဥက္ကဋ္ဌ ဦးထွန်းလင်းက ဆုငွေကျပ်တစ်သိန်းငါးသောင်းနှင့် ဆုတံဆိပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဆု ကာကွယ်ရေး(က)အသင်းအား မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်း(အောင်သမာဓိ)က ဆုငွေကျပ်ငါးသိန်းချီးမြှင့်ပြီး ဗိုလ်စွဲသွားသည့် မတ္တရာအသင်းအား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းက ဆုငွေကျပ် ၁၀ သိန်းနှင့် ပထမတံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်လိုက်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ပေါ်တော်မူဘုရားလမ်း မိသားစုဓမ္မာရုံသစ် သီတင်းကျွတ်လပြည့်နေ့တွင် ဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၆**

သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာနေ့တွင် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ ပေါ်တော်မူဘုရားလမ်းမိသားစု ဓမ္မာရုံ ဖွင့်ပွဲကို ကျင်းပခဲ့ပြီး သံဃာတော်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကာ အဆိုပါဓမ္မာရုံကို ပေါ်တော်မူစေတီတော်ထံ ရေစက်သွန်းချ လှူဒါန်းခဲ့ကြောင်း သိရသည်။

ဓမ္မာရုံသစ်ကို မြို့နယ်သံဃနာယကဥက္ကဋ္ဌ ပျော်ဘွယ်ကျောင်းတိုက်ဆရာတော် ဦးဥက္ကဋ္ဌ၊ အတွင်းရေးမှူး သမိုင်းမြို့မ ပရိယတ္တိစာသင်တိုက်ဆရာတော် ဦးကုဏ္ဍလနှင့် ရပ်ကွက်သံဃနာယကဥက္ကဋ္ဌ ဇေယျာမင်းကျောင်းတိုက်ဆရာတော် ဦးသောဘိတတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ ဓမ္မာရုံ၏ အကျယ်အဝန်းမှာ အလျား ၁၅ ပေ၊ အနံ ၁၇ ပေရှိကာ အာရ်စီနှစ်ထပ်ဖြစ်ပြီး လမ်းသူလမ်းသားတို့၏ စုပေါင်းအားဖြင့် ကုသိုလ်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဓမ္မာရုံတွင် ကျောင်းရှစ်ကျောင်းမှ သံဃာတော် ၁၄၁ ပါးအား ဝါတွင်းကာလတွင် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း အရုဏ်ဆွမ်းနှင့် ဝါပကာလတွင်



နှစ်ပတ်တစ်ကြိမ် တနင်္ဂနွေနေ့များ၌ တစ်နှစ်ပတ်လုံး ဆွမ်းလောင်းလှူသွားမည်ဖြစ်ကာ သံဃာတော်များအား မဟာဒုက် ဆွမ်းကပ်လောင်းလှူပွဲကိုလည်း နှစ်စဉ်ကျင်းပ၍ ကုသိုလ်ယူ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# လမ်းမတော် ၇ လမ်း ဝါတွင်းဆွမ်းသိမ်းအောင်ပွဲ ဆွမ်းဆန်စိမ်းလောင်းလှူ

**ရန်ကုန် အောက်တိုဘာ ၆**

နှစ် ၆၀ ပြည့် ဝါတွင်းဆွမ်းလောင်း ဆွမ်းသိမ်းအောင်ပွဲ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အောက်တိုဘာ ၅ ရက် သီတင်းကျွတ်လပြည့် ညနေ ၄ နာရီက လမ်းမတော်မြို့နယ်(၃)ရပ်ကွက် ၇ လမ်းတွင် ပြုလုပ်ခဲ့သည်။

ရာသီဥတုအခြေအနေအရ ယင်းနေ့ မွန်းလွဲပိုင်းအထိ မိုးရွာခဲ့သော်လည်း ဆွမ်းဆန်စိမ်းလောင်းလှူမည့် အချိန်မတိုင်မီ နှစ်နာရီအတွင်းမှစ၍ မိုးရွာခြင်းမရှိတော့သဖြင့် ကောင်းမွန်အောင်မြင်စွာ လောင်းလှူနိုင်ခဲ့ကြောင်း သိရသည်။



လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်ဝင်းအတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၆၆ ကျောင်းမှ သံဃာတော်များ ကြွရောက်ကာ ယင်းသံဃာတော်များထံ လမ်းသူ လမ်းသားများက လှူဖွယ်ပစ္စည်းများအား လောင်းလှူကြပြီး ၇ လမ်း မိသားစုဓမ္မာရုံ၌ ကျောင်းတိုက်တစ်တိုက်လျှင် ဆွမ်းဆန်တစ်တင်းခွဲ တစ်အိတ်၊ စားသုံးဆီ ၁၀ ပိဿာဝင်တစ်ပုံးစီလောင်းလှူပြီး အသုံးအဆောင်ပစ္စည်းများကိုပါ မဲနှိုက်လှူဒါန်းကြောင်း သိရသည်။

လမ်းမတော်မြို့နယ်အတွင်း တန်ဆောင်တိုင် လပြည့်အချိန် လမ်းအများစုတွင် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းများပြီး သီတင်းကျွတ်လပြည့်တွင်မူ လမ်းအနည်းငယ်တွင်သာ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းရှိသည်။ ယခု လပြည့်နေ့ နံနက်ပိုင်းမှစ၍ မိုးရွာနေရာ ရိုးရာအရ လုပ်ဆောင်ခြင်းများ ပြုလုပ်ပေးထားရာ ဆွမ်းဆန်စိမ်း မလောင်းလှူမီ မိုးရွာခြင်းမရှိဘဲ ကျင်းပနိုင်ပြီး ရှမ်းရိုးရာအိုးစည်ဝိုင်းဖြင့်ပါ လမ်းသူလမ်းသားများအား ဧည့်ခံပေးခဲ့သည်ဟု ဓမ္မာရုံဆွမ်းလောင်းအဖွဲ့မှ ဦးမြင့်အောင်က ပြောသည်။

**ခင်ဆိုင်**

# အရှေ့အာရှ အပင်မျိုးသစ်ကာကွယ်ရေးဆိုင်ရာ ဖိုရမ်အစည်းအဝေးနှင့် ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရေဆင်း၌ (၁၀)ကြိမ်မြောက် အပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာ ဖိုရမ်အစည်းအဝေးနှင့် ဆွေးနွေးပွဲ(10th EAPVP Meeting and National PVP System Awareness Seminar)ကို စက်တင်ဘာလအတွင်းက ကျင်းပခဲ့သည်။ ရေရှည်တည်တံ့သည့်အပင်မျိုးမွေးမြူရေး လုပ်ငန်းများမှတစ်ဆင့် လူမှုအသိုက်အဝန်းအတွက် စားနပ်ရိက္ခာဖူလုံရေးနှင့် အခြားသောအကျိုးရလဒ်များ ရရှိစေရန် International Union for the Protection of New Varieties of Plants(UPOV System)ကို အခြေခံပြီး အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ်များ ဖွံ့ဖြိုးတိုးတက် အကောင်အထည်ပေါ်လာအောင် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ပေးနိုင်စေရေး ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်၊ UPOV မှ Mr.Peter Button၊ ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန၊ ပြင်သစ်နိုင်ငံမှ GNIS၊ နယ်သာလန်နိုင်ငံမှ DUS Vegetable crops တို့မှ တာဝန်ရှိသူများနှင့် အာဆီယံ ၁၀ နိုင်ငံ+ (၃)နိုင်ငံမှ ကိုယ်စားလှယ်တော်များ၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းနှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ စိုက်ပျိုးရေးသုတေသီပညာရှင်များ တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် အမြဲတမ်းအတွင်းဝန်က မြန်မာနိုင်ငံပြည်သူများ၏ လူနေမှုဘဝနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးကဏ္ဍသည် လွန်စွာအရေးကြီးပြီး ၎င်းမှတစ်ဆင့် နိုင်ငံ၏ စီးပွားရေးကဏ္ဍမှာလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ရေရှည်တည်တံ့သည့် မျိုးစေ့ထုတ်လုပ်ငန်းများ ပေါ်ထွက်လာစေရေးအတွက် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် အပင်မျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုဖန်တီးလုပ်ဆောင်ရန်လိုအပ်ကြောင်း၊ အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ်သည် အပင်မျိုးမွေးမြူသူများ၏ ဉာဏမူပိုင်ခွင့်ကို ဥပဒေအရ အကာအကွယ် ပေးထားခြင်းကြောင့် အပင်မျိုးမွေးမြူရေးလုပ်ငန်းများများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ကာ ပုဂ္ဂလိကလုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှု ပိုမိုလာနိုင်ပြီး ခိုင်မာသောစီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်လာမည် ဖြစ်ကြောင်း၊ ဆက်လက်၍လည်း အပင်မျိုးမွေးမြူသူများသည် နိုင်ငံအလိုက် တိုးတက် လာသောလူဦးရေနှင့် ပြောင်းလဲလာသည့် ရာသီဥတုအလိုက် ပိုးမွှားရောဂါဒဏ်ခံနိုင်ပြီး အထွက်ကောင်း၊ ဈေးကွက်ကောင်းသော အပင်မျိုးသစ်များ ရရှိလာရေးအတွက် ပိုမိုအားစိုက်လုပ်ကိုင်လာနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ထိုမှတစ်ဆင့် နိုင်ငံစီးပွားရေးကဏ္ဍလည်း တိုးတက်လာမည် ဖြစ်ကြောင်း အမှာစကားပြောကြားပြီး ဆွေးနွေးပွဲတက်ရောက်သူများက အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆက်လက်ဆွေးနွေးခဲ့ကြသည်။

**ကိုကိုရှုပ(နေပြည်တော်)**

# အင်းလေးကန်နှင့် ညောင်ရွှေမြို့တွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချပေးနိုင်မည့် ရေဆိုးသန့်စင်စက်များ တပ်ဆင်

**သတင်းဆောင်းပါး-သော်တာနမ့်စန်**

မြန်မာပြည်တွင် အင်းလေးကန်နှင့် အင်းတော်ကြီးကန်တို့သည် နိုင်ငံအတွက် သဘာဝကဖန်တီးပေးထားသော ရတနာနှစ်ပါးပင်ဖြစ်သည်။ အင်းလေးကန်အတွင်း၌ ကျေးရွာများရှိပြီး ထိုကျေးရွာများ၏ သန့်စင်ခန်းများမှစွန့်ပစ်သော ရေဆိုးများမှာ ရေကန်အတွင်း စီးဝင်သည့်အတွက် ရေထုညစ်ညမ်းမှုများဖြစ်နေကာ ထိုရေဆိုးများကို သန့်စင်နိုင်ပါက ရေကန်အတွင်းရှိ ရေနေသတ္တဝါများ၊ ဇီဝမျိုးကွဲများ ရှင်သန်ပေါက်ပွားမှုကို အထောက်အကူပြုစေမည်ဖြစ်သည်။

ယခုအခါ အင်းလေးကန်အတွင်း ရေထုညစ်ညမ်းမှု မရှိစေရန်အတွက် ကန်ထဲသို့စီးဝင်သော ရေဆိုးများကို သန့်စင်မည့်စက်များကို စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း တပ်ဆင်လျက်ရှိသည်။ ညောင်ရွှေမြို့နှင့် အင်းလေးကန်ရှိ ဌာနဆိုင်ရာ၊ ဆေးရုံ၊ ကျန်းမာရေးဌာန၊ ဘုန်းတော်ကြီးကျောင်း၊ ဈေးနှင့် အများသုံးသန့်စင်ခန်းများတွင် ရေဆိုးသန့်စင်စက်များကို တပ်ဆင်နေခြင်းဖြစ်သည်။



ဓာတ်ပုံ - သစ္စာ

ထိုရေဆိုးသန့်စင်စက်သည် Kubota Johkasou ၏ Waste Water Treatment System ကို အသုံးပြုထားခြင်းဖြစ်သည်။ အိမ်ထောင်စု အသီးသီး၏ သန့်စင်ခန်း၊ မီးဖိုချောင်နှင့် ရေချိုးခန်းတို့မှထွက်ရှိသော ရေဆိုးများကို ၉၀ ရာခိုင်နှုန်းအထိ သန့်စင်စေပြီးနောက် ပြန်လည်ထွက်ရှိသောရေကိုမှ ရေမြောင်း၊ မြစ်ချောင်းနှင့် အင်းအိုင်များထဲသို့ တိုက်ရိုက်စွန့်ပစ်စေခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျော့ကျစေကာ သဘာဝရေအရင်းအမြစ်အတွင်း ရှင်သန်ပေါက်ပွားသော ရေနေသတ္တဝါမျိုးစိတ်များကိုလည်း ဆက်လက်ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

အင်းလေးကန်တွင် စွန့်ပစ်ရေဆိုးများကို သန့်စင်စက်အသုံးပြု၍ ပြန်လည်စွန့်ပစ်ခြင်းသည် အင်းလေးကန်၏ သဘာဝပတ်ဝန်းကျင် သန့်ရှင်းရေးကို များစွာအထောက်အကူဖြစ်စေလျက်ရှိသည်။ အဆင့်မြင့် Fiber Reinforcement Plastic ဖြင့် သန့်စင်သည့်စနစ် ပါဝင်သည့်အတွက် ရေဆိုးရေညစ် BOD ကို ၉၀ ရာခိုင်နှုန်းအထိ သန့်စင်ပေးနိုင်ပြီး အရောင်အနံ့မရှိစေဘဲ ပတ်ဝန်းကျင်ရှိ ချောင်း၊ မြောင်း၊ ကန်အတွင်းသို့ တိုက်ရိုက် စွန့်ပစ်နိုင်သည့်အပြင် ပတ်ဝန်းကျင်နှင့် မြေအောက်ရေကို အဆိပ်အတောက်ကင်းဝေးစေလျက် ကားရေဆေးခြင်း၊ စိုက်ခင်းများတွင် အသုံးပြုခြင်း၊ သန့်စင်ခန်းတို့တွင် Flush Water အဖြစ် ပြန်လည်အသုံးပြုခြင်းတို့ လုပ်နိုင်မည်ဖြစ်သည်။ ကန်ရေပြင်နှင့် မြေကြီးအတွင်းသို့ ရေဆိုးများ တိုက်ရိုက်စွန့်ပစ်ခြင်းထက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို များစွာအကျိုးပြု အထောက်အကူဖြစ်စေမည်ဖြစ်သည်။

၂၀၁၇ ခုနှစ်တွင် ရေဆိုးသန့်စင်စက်များ တပ်ဆင်နိုင်ရန် Inle Lake Donation Project ဖြင့် ဝမင်းကုမ္ပဏီများအစုအဖွဲ့နှင့် Kubota Johkasou System ကုမ္ပဏီလီမိတက်တို့က ပြည်နယ် အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်နှင့် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်တို့နှင့် တွေ့ဆုံ၍ ညောင်ရွှေမြို့နယ်နှင့် အင်းလေးဒေသတွင် တပ်ဆင်မည့် ရေဆိုးသန့်စင်စက်များထားရှိရေးကို ဆွေးနွေးညှိနှိုင်းကာ တပ်ဆင်တည်ဆောက်လျက်ရှိသည်။

၂၀၁၇ ခုနှစ် လျာထားတည်ဆောက်မှုအနေဖြင့် ညောင်ရွှေမြို့နယ် အင်းလေးကန်ဒေသ အုပ်ချုပ်ရေးအဖွဲ့ရုံးတွင် Onground သန့်စင်ခန်းတစ်ခန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတွင် အသစ်တည်ဆောက်ရန် အခန်းသုံးခန်းပါသော Underground နှစ်လုံး၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတွင် အသစ်တည်ဆောက်ရန် အခန်းနှစ်ခန်းပါသော Underground နှစ်လုံး၊ သာသနာ့ရောင်ခြည်ဘုန်းတော်ကြီးကျောင်း အိပ်ဆောင် သန့်စင်ခန်းခြောက်ခန်းအတွက် Underground နှစ်လုံးနှင့် အင်းလေးကန် ဖောင်တော်ဦးဘုန်းတော်ကြီးကျောင်းအတွက် Onground တစ်လုံး၊ ငါးဖယ်ချောင်းဘုန်းတော်ကြီးကျောင်း သန့်စင်ခန်း ၁၇ ခန်းအတွက် Underground ၁၀ လုံး၊ အလိုတော်ပေါက်ဘုရားရှိ အများသုံးသန့်စင်ခန်း ခြောက်ခန်းအတွက် လူ ၅၀၀ အသုံးပြုနိုင်မည့် Onground ငါးလုံးတို့ကို တည်ဆောက်လျက်ရှိသည်။



KZ-5 ရေဆိုးသန့်စင်စက် တပ်ဆင်မည့် သရုပ်ပြပုံစံ ဓာတ်ပုံ - သစ္စာ

လာမည့် ၂၀၁၈ ခုနှစ်တွင် ညောင်ရွှေမြို့ဆေးရုံ၏ ဝန်ထမ်းနှင့် မွေးလူနာဆောင် သန့်စင်ခန်းလေးခန်းအတွက် Underground ခြောက်လုံး၊ ခေါင်တိုင်ဈေး သန့်စင်ခန်းရှစ်ခန်းအတွက် Underground သုံးလုံး၊ နန့်ပန်ရွာဈေး အများသုံးသန့်စင်ခန်း ရှစ်ခန်းအတွက် Underground သုံးလုံး၊ အင်းလေးကန် နန့်ပန်ကျန်းမာရေးဌာန၏ သစ်သားသန့်စင်ခန်းအတွက် သစ်သားစင်ဖြင့် တစ်လုံး(အင်းလေးကန်လှေလမ်းကြောင်းဘေးတွင်တည်ရှိ)၊ အင်းလေး ကျေးပေါ်ခုံရွာ ကျန်းမာရေးဌာန သစ်သားသန့်စင်ခန်းအတွက် သစ်သားစင် တစ်လုံး(မိုးရာသီတွင် ရေပြင်အတွင်းတည်ရှိ)၊ အင်းလေးကန် ဟဲလုံရွာကျန်းမာရေးဌာန၏ သစ်သားသန့်စင်ခန်းနှစ်ခန်းအတွက် သစ်သားစင်ဖြင့် တစ်လုံး(အင်းလေးကန်အတွင်း လှေလမ်းကြောင်းဘေးတွင်တည်ရှိ)တို့ကို တည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။

သဘာဝ၏လက်ဆောင်ဖြစ်သော အင်းလေးကန်၏ ရေသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လူတို့ နေ့စဉ်အသုံးပြု စွန့်ပစ်လျက်ရှိသော ရေဆိုးများကို ရေဆိုးသန့်စင်စက်များဖြင့် သန့်စင်ပြီးမှ စနစ်တကျ စွန့်ပစ်ခြင်းဖြင့် အင်းလေးကန် သာယာလှပရေးကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်သည်။ ။

# ဇက်ကြီးပေါင်းဘာကြောင့်တက်....

ကြည်လွင်မြင့် (မုံရွာ)

ကြီးပေါင်းတက် ရောဂါဆိုသည်မှာ ယခုဆယ်စုနှစ်အတွင်းမှာမှ လူထုအတွင်း ခေတ်စားလာသော ရောဂါဖြစ်သည်။ ဇက်ကြီးပေါင်း၊ ခါးကြီးပေါင်း၊ ဒူးကြီးပေါင်း၊ ဖနောင့်ကြီးပေါင်း စသည်ဖြင့် ကြီးပေါင်းရောဂါ အမည်များစွာ တွင်တွင်ကျယ်ကျယ် ပြောလာကြသည်။

ထိုသို့ လူပြောများလာသဖြင့် ရိုးရိုးဇက်ကြောတက်သူများကပင် ဇက်ကြီးပေါင်းများလားဟု သံသယဝင်လာကြသည်။ အထိုင်များသော အလုပ်ကိုလုပ်၍ မကြာခဏခါးနာတတ်သူကလည်း ခါးကြီးပေါင်းတက်နေပြီလားဟုသံသယဝင်လာကြသည်။ လူဝလာ၍ ဒူးနာသူ၊ လေ့ကားအဆင်းအတက်များ၍ဖနောင့် နာသူများကလည်းဒူးကြီးပေါင်းလား၊ ဖနောင့်ကြီးပေါင်းတက်ပြီးအတက်ထွက်နေပြီလားဟု ဓာတ်မှန်ရိုက်ချင်လာကြသည်။

ကွန်ပျူတာအကြည့်များပြီး ဇက်ကြောတက်သူ အသက် ၂၀ ကျော် မိန်းကလေးတစ်ဦးသည် ကြီးပေါင်းပျောက်ဆေး တစ်မျိုးကိုဝယ်ပြီး (မိမိသဘောဖြင့်) စားနေသည်ကို တွေ့ရသည်။ သေချာစစ်ဆေးကုသသောအခါမှ မျက်စိသူငယ်အိမ်စောင်းပြီး မျက်မှန်တပ်ရန် လိုအပ်နေသည်ကို သိရသည်။ မျက်စိဆရာဝန် ညွှန်ကြားချက်အတိုင်းလိုက်နာဆောင်ရွက်သောအခါ ကွန်ပျူတာ ပြန်သုံးနိုင်သည်ကို တွေ့ရသည်။ အသက် ၂၀ အရွယ်ဖြင့် ကြီးပေါင်းတက်ရောဂါ မဖြစ်နိုင်ပါ။

လူငယ်များ ဇက်ကြောတက်ခြင်း၊ ငယ်ငယ်ရွယ်ရွယ်နှင့် မျက်စိမှုန်ရခြင်းမှာ လက်ကိုင်ဖုန်းဖြင့် (fb) ဖေ့စ်ဘုတ်ခ် အကြည့်များခြင်းကြောင့် အဓိကဖြစ်သည်။ ဖုန်းမျက်နှာပြင်သေးလျှင် အာရုံစိုက်ကြည့်ရခြင်း၊ ဖုန်းမျက်နှာပြင် (Screen) အလင်းရောင် လျှော့မထားဘဲ အတောက်များသည့်၊ အလင်းများသည့် အနေအထားဖြင့် ကြည့်ရှုခြင်း၊ ဖုန်းကြည့်ရှုသည့် အချိန် များခြင်းတို့ကြောင့် မျက်စိထိခိုက်ရသည်။ မျက်စိကို ထောက်ပံ့ရသည့် အာရုံကြောအဖွဲ့အစည်းသည် ဦးနှောက်အတွင်းမှထွက်သဖြင့် ဦးနှောက်ကိုပါ ထိခိုက်ရသည်။ ခေါင်းငုံ့ကြည့်ရှုရသည့်အတွက်ဇက်မှ အရိုးအဆစ်နှင့် အာရုံကြောများပါ အညောင်းမိပြီး ကြာတော့ဒဏ်ဖြစ်လာသည်။

**ဝမ်းချုပ်ခြင်းကြောင့် အကြောတက်**

တစ်ခါတစ်ရံ လူငယ်အများစုသည် ခေါက်ဆွဲခြောက်၊ ကော်ဖီမစ်၊ အချိုရည်ဘူး စသောရယ်ဒီမိတ် အစာ (လွယ်ကူစာ)များစားပြီး အသီးအနှံ သဘာဝအစားအစာနည်းသောကြောင့် ဝမ်းချုပ်ကြသည်။ ဝမ်းချုပ်ခြင်းသည် အထိုင်များခြင်း လမ်းလျှောက် နည်းခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ ဝမ်းချုပ်သူသည် နောက်ကြောတက်ရောဂါ ဖြစ်လာတတ်သည်။

ဝမ်းချုပ်သူအတွက် တိုင်းရင်းဆေးပညာရှုထောင့်မှ ကြည့်လျှင် အောက်သို့ တွန်းသောလေ (အဇောဂမဝါယော) အားနည်းသူ ဖြစ်သည်။ ထိုအခါ ဆန့်ကျင်ဘက် (ဥဓင်္ဂမဝါယော) အထက်သို့ ဆန်သောလေအား ကြီးလာသည်။ ထိုအခါ ဇက် ကြောထိုးခြင်း၊ ခေါင်းကိုက်ခြင်း၊ ဦးခေါင်းမကြည်ခြင်း၊ မျက်စိအမြင် ဝေဝါးခြင်းများ ဖြစ်လာတော့သည်။

ဤသို့ ဖြစ်ခြင်းကိုအချို့က ဇက်ကြီးပေါင်းတက်ခြင်းနှင့် အမြင်မှားကြသည်။ ကြီးပေါင်းရှိမရှိဓာတ် မှန်ရိုက်စစ်ဆေးချင်ကြသည်။ အချို့က မိမိဘာသာကြီးပေါင်းပျောက်ဆေးဝယ်စားကြသည်။ အမှန်တကယ် ကြီးပေါင်းရောဂါ မဟုတ်ဘဲတလွဲကုထုံးဖြင့် ကုသနေသူသည် ရောဂါမပျောက်နိုင်ပေ။

ဝမ်းအလွန်ချုပ်သူသည် ကြာလျှင် စအိုကြွက်သားများ ညှစ်အားသုံးရဖန်များသဖြင့်၊ အတွင်းလိပ်ခေါင်း၊ ထို့နောက် အပြင်လိပ်ခေါင်း ဖြစ်လာနိုင်သည်။ လိပ်ခေါင်းရောဂါရှိသူများသည် အလွန် နောက်ကြောတက်ကြသည်။ အချို့နောက်ကြော၊ ပခုံးကြွက်သားများကို အနှိပ်ခံရုံသာမက သနပ်ခါးတုံး၊ သစ်သားချောင်းများဖြင့် ထုရိုက်နေသူများ တွေ့ဖူးသည်။ အချို့မှာ ဒေသအလိုက် ရိုးရာကုထုံးစားခြစ်သည် (ရှားခြစ်သည်) ဟုဆိုကာ ပရုတ်ဆီဘူးအဖုံးဖြင့် အရေပြားပွန်းအောင်ခြစ်ပြီး အကိုက်အခဲသက်သာအောင် ပြုလုပ်နေကြသည်။

အချို့မှာ ပိုက်ဆံအကြွေစေ့ပြားဖြင့် အနီအရဲအဆင်းထင်အောင် ခြစ်ကြသည်ကို တွေ့ဖူးသည်။ ထိုသို့ အကြောတက်သူများသည် များသောအားဖြင့် ဝမ်းချုပ်တတ်သူ၊ လိပ်ခေါင်းရောဂါရှိ သူများဖြစ်သည်။ ထိုသူများသည် တစ်ခါတစ်ရံ ကြီးပေါင်းတက်ရောဂါနှင့် မှားတတ်သည်။

**ဇက်ကြီးပေါင်းတက်ရောဂါ**

ဇက် (လည်ပင်း)တွင် တစ်ခုပေါ် တစ်ခုထပ်လျက် အရိုးအဆစ်ကြီး ခုနစ်ဆစ်ရှိသည်။ အဆစ်နှစ်ခုကြားတိုင်းမှ ဘယ်ညာတစ်ဖက်စီသို့ အာရုံကြောများထွက်သည်။ ထို အာရုံကြောများမှ အလုပ်လုပ်ပေးသဖြင့် ဇက်လှည့်ခြင်း၊ ခေါင်းမော့ခြင်း၊ ခေါင်းငုံ့ခြင်း၊ လက်နှစ်ဖက် လှုပ်ရှားမှုစသည်များကို ထိန်းချုပ်ပေးသည်။ အနုစိတ်လက်ချောင်းကလေး တစ်ချောင်း၏ ထိပ်တွင် ကျဉ်နေသည်ကအစ ကြီးပေါင်းတက်ရောဂါနှင့် ဆိုင်သည်။



အချို့သူများသည် ဇက်ကြောတက်ခြင်း၊ ဇက်ညောင်းခြင်းမဖြစ်ကြသော်လည်း ညအိပ်ရာဝင် ခေါင်းအုံးပေါ် ဇက်တင်ပြီးဖိလိုက်သည်နှင့် တစ်နာရီခန့် ကြာသောအခါ လက်တစ်ဖက်ဖြစ်စေ၊ နှစ်ဖက် လုံး ဖြစ်စေကျဉ်ပြီးနိုးလာတတ်သည်။ ဤသည်မှာဇက်ကြီးပေါင်းနှင့် အာရုံကြောပိမိသည့် လက္ခဏာပင်ဖြစ်သည်။

အနောက်တိုင်း ခန္ဓာဗေဒ (Anatomy)အရဇက်တွင် အရိုးအဆစ် ခုနစ်ဆစ်ရှိသဖြင့် ကြီးပေါင်းတက်လျှင် အကြောညပ်နိုင်သည့်နေရာ ခုနစ်နေရာရှိသည်ကို တွေ့ရသည်။

အကြောအဆစ် ပညာရှင်များ၏ သုတေသနအရ-

လည်ပင်းရိုးဆစ် Cervical ကိုအတိုအားဖြင့် (c) ဟု မှတ်သားပါ။ ဦးခေါင်းမှ စထွက်သောအဆစ် ကို C1 ဟု စမှတ်ပြီး တစ်ခုပြီးတစ်ခု C2, C3, C4, C5, C6, C7 ဟု မှတ်သွားရန်ဖြစ်သည်။

အကယ်၍ လည်ပင်းရိုးဆစ် နှစ်ခုကြားတွင် ကြီးပေါင်းတက်ပြီး အရွတ်နုကို ပွန်းစားသဖြင့် အာရုံကြောကို ပိမိလျှင် ခံစားရမည့် နောက်ဆက်တွဲလက္ခဏာများမှာ-

အာရုံကြောညပ်ခြင်းတွင် ရောဂါ၏ အတိမ်အနက်ပေါ် မူတည်၍ ကျဉ်ခြင်း၊ ထုံခြင်း၊ နာခြင်း၊ အောင့်ခြင်း၊ ကိုက်ခဲခြင်းတို့ ဖြစ်ပေါ်ခံစားရပေသည်။

C1-C2 ကြားတွင် အာရုံကြောညပ်လျှင် နောက်စေ့အထက် ဦးခေါင်းတစ်ခုလုံး ဘယ်ညာ၊ ဘယ်ညာနားရွက်အောက်မှ မေးရိုးတစ်လျှောက်၊

C2-C3 ကြားတွင် အာရုံကြောညပ်လျှင် နောက်စေ့အောက် ကုပ်ဆက်အထက် လည်ဇလုတ်အထိ၊

C3-C4 ကြားတွင် အာရုံကြောညပ်လျှင် လည်ဂုပ်အထက်နားမှ ဘယ်ညာညှပ်ရိုးအထက် ဧရိယာအထိ၊

C4-C5 ကြားတွင် အာရုံကြောညပ်လျှင် လည်ကုပ်ဆက်မှ ဘယ်ညာပခုံးကြောဧရိယာအထိ၊

C5-C6 ကြားတွင် အာရုံကြောညပ်လျှင် လည်ကုပ်ဆက်အောက်မှ ဘယ်ညာညှပ်ရိုးအောက်၊

C6-C7 ကြားတွင် အာရုံကြောညပ်လျှင် ဘယ်ညာလက်ပြင်အထက်နားမှလက်မောင်း၊ လက်ဖျံရှေ့နောက်အပြင် ဘေးတစ်လျှောက်မှ လက်ညှိုး၊ လက်ခလယ်သို့၊

C7-T1 ကြားတွင် အာရုံကြောညပ်လျှင် ဘယ်ညာလက်ပြင်အလယ်မှ လက်မောင်း၊ လက်ဖျံရှေ့နောက်၊ အတွင်းဘေးတစ်လျှောက်မှ လက်သန်း၊ လက်သူကြွယ်အထိ။

အထက်ပါအတိုင်း အာရုံကြောများ ဖိညပ်ခံရမှုအပေါ်မူတည်၍ ဝေဒနာအမျိုးမျိုး ကွဲပြားစွာဖြစ်ပေါ်တတ်လေသည်။

နှလုံးရောဂါ ဆရာဝန်က နှလုံးနှင့်ပတ်သက်၍ စစ်ဆေးကြည့်ပြီး ပြစ်ချက်မတွေ့သောအခါတွင် ဇက်ကြီးပေါင်းရှိမရှိ၊ (c.spine) ခေါ် လည်ပင်းရိုးဆစ် ဓာတ်မှန်ရိုက် စစ်လေ့ရှိသည်။ ထိုအခါမှလည်ပင်း (ဇက်) ကြီးပေါင်းရောဂါရှိနေမှန်း သိကြလေသည်။

သတိပြုရန်မှာမူးတိုင်း နှလုံးရောဂါ မဟုတ်၊ ဇက်ကြီးပေါင်းရောဂါကြောင့် ဖြစ်နိုင်သည်ကိုသတိ ပြုကြရန်ဖြစ်သည်။

**ဇက်ကြီးပေါင်းရောဂါ မဖြစ်စေရန်**

၁။ ခေါင်းငုံ့ပြီး၊ မော့ပြီး ကြာရှည်လုပ်ရသော အလုပ်များကို ရှောင်ကြဉ်ရန်။
အကယ်၍ မလွှဲမရှောင်သာ၍ လုပ်ရပါကလည်း တစ်နာရီ ကြာလျှင် ၁၀ မိနစ်ခန့် အနားယူပေးရန် လိုအပ်ပါသည်။

၂။ ကုလားထိုင်၊ တန်းလျားများပေါ်တွင် ဇက်တင်ပြီးဖြစ်စေ၊ ခွေခေါက်ပြီးဖြစ်စေ အိပ်ပျော်ခြင်းကို ရှောင်ကြဉ်ပါ။

၃။ ခေါင်းပေါ်တွင် အလေးအပင်ရွက်ခြင်း၊ အထူးသဖြင့် ၁၀ ပိဿာထက် ပိုသောအလေးအပင်ကို ရွက်ခြင်းမှ ရှောင်ကြဉ်ပါ။

၄။ ပန်ကာအသုံးပြုပြီး ထိုင်အလုပ်လုပ်နေသူများသည် မိမိခေါင်းပေါ် တည့်တည့်မှာ ပန်ကာဖွင့်ခြင်း မပြုသင့်ပါ။

၅။ ဇက်ကြောတက်ခြင်းကြောင့် အနှိပ်ခံခြင်း ခေါင်းလျှော်ချိန်တွင် ရေလောင်းပြီးဇက်ကြောနှိပ်ခြင်းများ မပြုလုပ်သင့်ပါ။

**Cervical Spondylosis ဟု အနောက်တိုင်းဆေးပညာ အရခေါ်သော "ဇက်ကြီးပေါင်းတက် ရောဂါ"၏ ခံစားချက်မှာ**

၁။ ဇက်ကြောတင်းခြင်း၊ တက်ခြင်း။

၂။ လည်ပင်းရိုးဆစ် တောင့်တင်းပြီး အနေခက်ခြင်း။

၃။ ခေါင်းငုံ့ အာရုံစိုက်ရသည့် အလုပ်ကို ကြာရှည်မလုပ်နိုင်ခြင်း။

၄။ လက်မောင်းနှင့် ပခုံးဆစ်တွင်ပါ ကိုက်ခဲခြင်း။ လက်မောင်းကပ်ခြင်း။

၅။ ခေါင်းဘယ်ညာလှည့်လျှင် ခေါင်းငုံ့လျှင်၊ ခေါင်းမော့လျှင် ချာချာလည်မူးခြင်း။

၆။ ညအိပ်လျှင် ခေါင်းအုံးပေါ် ခေါင်းချပြီးနောက် တစ်နာရီခန့်အကြာ၌ လက်များတွင် ထုံကျဉ်ပြီး လန့်နိုးခြင်း။

**နှလုံးရောဂါနှင့် မှားတတ်**

အထက်ဖော်ပြပါ ခံစားချက်များတွင် ကြီးပေါင်းမှ ထွက်သောအတက်သည် လည်ပင်းဘေးတစ်ဖက် တစ်ချက်ရှိ ဦးနှောက်သို့ သွေးပို့သည့် သွေးကြောမကြီးများကို သွားဖိမိလျှင်၊ (အထူးသဖြင့် ခေါင်းအလှည့်၊ အငုံ့၊ အမော့တွင် ဖိမိလျှင်) ဦးနှောက်သို့ သွေးမရောက်တော့သဖြင့် ချာချာလည် မူးသွားတတ်သည်။

ထိုသို့ မူးသည်ကိုရင်တွင်းမှ ပျို့အန်ချင်သလိုခံစားချက်ပါ တွဲဖြစ်သဖြင့် နှလုံးမကောင်းဟုယူဆပြီး နှလုံးရောဂါ ဆရာဝန်ကိုသွားရောက် ပြသသူများရှိသည်။

ဇက်ကြီးပေါင်းတက်ရောဂါဖြစ်လျှင် အကြောအဆစ်ပညာရှင် ဆရာဝန်များ ညွှန်ကြားသည့် ဦးခေါင်းလေ့ကျင့်ခန်း (ဘယ်လှည့်၊ ညာလှည့်၊ ငုံ့၊ မော့)ကို နေ့စဉ် မှန်မှန်ပြုလုပ်ပါ။ လိုအပ်လျှင် ဆေးခန်းများတွင် Attraction ခေါ် ဇက်ဆွဲကုသခြင်းကို ခံယူပါ။ ထိုသို့ ကုသခြင်းကို ရက်ရှည်ပြုလုပ်ရလျှင်လည်းစိတ်ရှည်ရှည် လုပ်ဆောင်ပါ။

**ဇက်ကြီးပေါင်းရောဂါ သက်သာစေနိုင်သော ဆေးနည်းတိုများ**

၁။ မုန်ညင်းဆီငါးကျပ်သားတွင် ကွမ်းရွက် သုံးရွက်ထည့်ပြီး ဆူအောင် ကျိုချက်ပါ။ ထိုဆီကို ခပ်နွေးနွေး ဇက်တွင် စိမ့်ဝင်အောင်လိမ်းပါ။

၂။ ကွမ်းရွက်ကိုမီးကင်ပြီး မုန်ညင်းဆီသုတ်၍ ဇက်တွင် ကပ်ပေးလျှင် ဇက်ကြောတက် သက်သာစေနိုင်သည်။

၃။ သဘော်ရွက်ကိုပျော့အောင် ခေတ္တ ရေနွေးစိမ်ပါ။ ပျော့လျှင် ဇက်နှင့် လက်ပြင်များတွင် ကပ်ပေးပါ။ ကြီးပေါင်းတက်၍ ဇက်လှည့်မရခြင်းကိုသက်သာစေနိုင်သည်။

၄။ ချင်းတက်ကို ပါးပါးလှီးပြီး နားထင်နှစ်ဖက်နှင့် ဇက်ရင်းတွင် ကပ်ပါ။ ကြီးပေါင်းကြောင့် မူးခြင်းကို သက်သာစေနိုင်သည်။

၅။ ရဲယိုရွက်ကိုမီးကင် နှမ်းဆီသုတ်ပြီးဇက်တွင် ကပ်လျှင် ကြီးပေါင်းကြောင့် ကိုက်ခဲခြင်းသက်သာစေသည်။

၆။ မိဿလင်အမှုန့်ကို ပိတ်စဖြင့် လက်သီးဆုပ်အရွယ်ခန့်ထုပ်ပြီး ကြပ်ထုပ်ပြုလုပ်ပါ။ ရေနွေးငွေ့ခံပြီး ကြပ်ထုပ်ထိုးပေးလျှင် ကြီးပေါင်းတက်ရောဂါ သက်သာစေနိုင်သည်။

၇။ နနွင်းမှုန့်ကိုမီးကျီးခဲပေါ်တွင် ဖြူးပြီးအငွေ့ကို ရှူပေးပါက ကြီးပေါင်းကြောင့် ဇက်ကြောထိုးခြင်း၊ ခေါင်းအုံခြင်း၊ မျက်ရိုးကိုက်ခြင်းများ သက်သာစေနိုင်သည်။

၈။ မျက်နှာသစ်သည့် အခါတိုင်းရေကိုလက်ခုပ်ဖြင့် ယူပြီးဇက်ပိုးတွင် ရိုက်ပေးလျှင် ဇက်ကြောတင်းခြင်းသက်သာစေနိုင်သည်။

# ဒလမြို့နယ်အတွင်း နေစရာအိမ်မရှိ၍ ကျူးကျော်သူမှာ အနည်းငယ်သာရှိပြီး စီးပွားဖြစ်ကျူးကျော်မှုများပြား



**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အမှန်တကယ် ကျူးကျော်နေထိုင်သူများကို သေချာစွာစိစစ်ပြီး အိုးအိမ်မရှိသော ပြည်သူများကို အိမ်ရာအဆောက်အအုံရရှိစေရေးအတွက် တန်ဖိုးနည်း၊ တန်ဖိုးမျှတနှင့် တန်ဖိုးသင့်အဖြစ် သတ်မှတ်ကာ စနစ်တကျ စီမံချက်ရေးဆွဲ၍ ဒဂုံဆိပ်ကမ်းမြို့နယ်နှင့် ဒဂုံတောင်ပိုင်းတို့တွင် ဆောင်ရွက်လျက်ရှိပြီး စီးပွားဖြစ် ကျူးကျော်နေထိုင်သူများကိုလည်း ဥပဒေအတိုင်း အရေးယူသွားရန် စီစဉ်နေကြောင်း အောက်တိုဘာ ၆ ရက်၌ တိုင်းဒေသကြီး အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျူးကျော်စာရင်းလိုက်လံကောက်ယူမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ၂၀၁၆ ခုနှစ် စက်တင်ဘာလမှစတင်ပြီး ခရိုင်လေးခုအတွင်းရှိ မြို့နယ်များအလိုက် ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ ကျူးကျော်နေထိုင်သူ အိမ်ထောင်စုပေါင်း လေးသိန်းခွဲကျော်ခန့်ရှိကြောင်း ၎င်းက ပြောသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ဒလမြို့နယ်အတွင်း၌ ၂၀၁၇ ခုနှစ် မတ် ၂၈ ရက်မှစတင်ပြီး ဧပြီ ၅ ရက်အထိ ရပ်ကွက်၊ ကျေးရွာများရှိ ကျူးကျော်နေထိုင်သူများစာရင်းကို ကျူးကျော်စာရင်းကောက်ယူရေး ကော်မတီမှ ကျူးကျော်အသိအမှတ်ပြု စမတ်ကတ်များကို ထုတ်ပေးရာ ကျူးစာရင်းကောက်ယူမှုတွင် တစ်သောင်းကျော်ခန့်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

ယခုအချိန်တွင် ထပ်မံကျူးကျော်နေထိုင်သူများ တိုးပွားလာလျက်ရှိပြီး ဒလမြို့နယ် သပြေကုန်းကျေးရွာ ကွင်းအမှတ်(၁၈) အနီးရှိ လယ်မြေရေလွှတ်မြောင်းပေါ်နှင့် လမ်းဘေး စည်ပင်မြေနေရာတို့၌ ကျူးကျော်တဲများခွ၍ အစီအရီ ဆောက်လုပ်နေထိုင်မှုများစွာရှိကြောင်း၊ ကျူးကျော်တဲပေါင်း ၂၀၀ ကျော်ခန့် တိုးလျက်ရှိကြောင်း ကျူးကျော်နေထိုင်သူများတွင် နေစရာမရှိ၍ အမှန်တကယ် ကျူးသူများရှိသလို၊ စီးပွားဖြစ်ကျူးကျော်သူများစွာလည်း လာရောက်ကျူးကျော်နေထိုင်မှုများလည်းရှိကြောင်း သိရသည်။

ကျူးကျော်နေထိုင်သူများ၏ အနီးမှာရှိသော လယ်မြေတစ်ကေလျှင် ငွေကျပ်သိန်း ၆၀၀ နီးပါးခန့်ရှိပြီး ဒလ-တွံတေး ကားလမ်းဘေး လယ်မြေတစ်ကေလျှင် ငွေကျပ် သိန်း ၁၀၀၀ ကျော်ရှိကြောင်း ကျေးရွာအတွင်းရှိ အိမ်ခြံမြေ တစ်ပေကို ငွေကျပ် ရှစ်သိန်း၊ ၁၀သိန်း နီးပါးခန့်ရှိကြောင်း၊ တံတားစီမံကိန်း တည်ဆောက်မည့် သတင်းကြောင့် လတ်တလောတွင် စီးပွားရေးသမားများနှင့် အိမ်ခြံမြေပွဲစားများ၏ အိမ်ခြံမြေဝယ်ယူမှုများ နည်းပါးလျက်ရှိပြီး လယ်မြေများကိုသာ အဓိက ပိုမိုစိတ်ဝင်တစား ဝယ်ယူမှုသာရှိကြောင်း သပြေကုန်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသက်ဦး၏ ပြောကြားချက်အရ သိရသည်။

နှစ်စဉ်လူဦးရေတိုးပွားလာမှု အနယ်နယ်အရပ်ရပ်မှ ရွှေ့ပြောင်းနေထိုင်မှု များပြားလာခြင်းတို့ကြောင့် ရပ်ကွက်/ကျေးရွာများရှိ နေရာများ၌ ပျံ့ကျများ တိုးပွားလာလျက်ရှိသည်ကို တွေ့မြင်နေရပြီး အများစုမှာ ကြုံရာကျပန်း အလုပ်လုပ်ကိုင်သူများဖြစ်ပြီး အခြေခံလူတန်းများ၏ လူနေမှုပုံစံများ၌ ဆင်းရဲချို့တဲ့သူများသည် တစ်နေ့တာလုပ်အားခဝင်ငွေဖြင့် တစ်မိသားစု စားဝတ်နေရေးအတွက်ကို အလွန်ရုန်းကန်လှုပ်ရှားနေရသည့် အခြေအနေတွင် မိသားစုဘဝလုံလောက်မှုတမှုမရှိခြင်းကြောင့် ကိုယ်ပိုင်မြေကွက်မဝယ်နိုင်ကြသူများလည်း ဖြစ်ကြသည်။

ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးရေးသုတေသနစီမံကိန်း ကျူးကျော်နေထိုင်သူများစာရင်း ကောက်ယူခြင်းလုပ်ငန်းတွင် အိမ်ထောင်စုသက်သေခံကတ်(ကျူးကျော်စမတ်ကတ်) ရရှိထားသော ကျန်စစ်သားရပ်ကွက် ဗိုလ်စိန်ပတ်လမ်းနေ ဦးသက်နိုင်က "ရပ်ကွက်အတွင်းက ပိုင်ရှင်ရှိ မြေခြံကွက်မှာ နေရဖို့အတွက် မြေငှား၊ စပေါ်တင်ရတဲ့ ငွေကြေးက ၅၀၀၀၀၊ ၆၀၀၀၀ ပေးရတယ်။ ခုဆို ပိုင်ရှင်တွေက လျော်ကြေးပေး ဖယ်ပေးခိုင်းတာကြောင့် နေစရာမရှိလို့ ကျွန်တော်တို့က တစ်နေ့လုပ် တစ်နေ့စားဘဝမို့ စပေါ်လည်းမတင်နိုင်တာကြောင့် လမ်းဘေးမြေနေရာမှာကျူးကျော်ပြီး လိုက်ဆောက်နေရတာပါ၊ နေထိုင်စရာအိမ်မရှိလို့ လမ်းဘေးကျူးကျော်နေရတာပါ"ဟု ပြောသည်။

ဆင်းရဲချို့တဲ့သူများအနေဖြင့် သိန်းရာကျော် ထောင်ကျော်ရှိသော မြေတစ်နေရာကို ဘယ်နည်းနဲ့မှ မဝယ်နိုင်သလို၊ နေစရာမရှိခြင်းကြောင့် လွတ်သော မြေကွက်လပ်များတွင်သာ ကျူးကျော်ပြီး နေထိုင်မှု တစ်နေ့တခြားများပြားလာလျက်ရှိပြီး ကျူးကျော်နေထိုင်သူများထဲတွင် အမှန်တကယ် ဆင်းရဲနွမ်းပါး၍ နေစရာအိမ်မရှိသူများ၊ မိသားစုတိုးပွားလာမှုတို့ကြောင့် လူဦးရေကျပ်တည်းသဖြင့် ကျောခင်းစရာ တစ်နေရာအတွက် နေထိုင်ကြသူများ၊ အနယ်နယ်အရပ်ရပ်မှ ပြောင်းရွှေ့နေထိုင်သူများ၊ မြေပိုင်ရှင် ဝယ်ထားသူများထံ လစဉ်၊ နှစ်စဉ်ငွေပေး၍ တဲထိုးနေထိုင်သူများ၊ ကားလမ်းမကြီး၏ ဝဲ/ယာ စည်ပင်နယ်မြေများ၊ လယ်သမားပိုင် လယ်မြေများ၊ ချောင်း၊ မြောင်း နှုတ်ခမ်းစပ်နှင့် စည်ပင်မြောင်းပေါ်၌ စီးပွားဖြစ် ဆောက်လုပ်နေထိုင်မှုများနှင့် အစိုးရပိုင် စိမ်းလန်းနေရာများ၊ ဌာနပိုင်မြေနေရာများ၌ အများဆုံးကျူးကျော်နေထိုင်လျက်ရှိကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

ဒလမြို့နယ်အတွင်း ရပ်ကွက် ၂၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၃ အုပ်စု၊ ကျေးရွာပေါင်း ၅၄ ရွာရှိရာ လူဦးရေ စုစုပေါင်း ၁၅၀၀၀၀ ကျော်ခန့်ရှိပြီး ကျူးကျော်စာရင်းကောက်ယူရာတွင် ရပ်ကွက်/ကျေးရွာများအတွင်း ကျူးကျော်နေထိုင်ကြသော အိမ်ထောင်စုမှာ ၁၀၀၀၀ ကျော်ခန့်ရှိကြောင်း၊ မြို့ပေါ်ရပ်ကွက်၌ ကျူးကျော်နေထိုင်သူများမှာ အများဆုံးဖြစ်ပြီး ကျေးရွာများ၌ နည်းပါးလျက်ရှိကြောင်း၊ အမှန်တကယ်နေစရာအိမ်မရှိ၍ ကျူးကျော်သူများမှာ အနည်းဆုံးဖြစ်ပြီး စီးပွားဖြစ် ကျူးကျော်နေထိုင်သူများသည် အများဆုံးဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**နိုင်လင်းကျော်(ဒလ)**

## မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်တိုင်ပြိုလဲ မြို့နယ်လျှပ်စစ်မှ အချိန်မီပြုပြင်

**ကျောက်ပန်းတောင်း အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် အောက်တိုဘာ ၅ ရက် ညပိုင်းက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ကျောက်ပန်းတောင်း-ပုပ္ပားလမ်းပေါ်တွင် လျှပ်စစ်ဓာတ်တိုင်များ လဲပြိုမှုဖြစ်ပေါ်ခဲ့ရာ မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ မြို့နယ်မန်နေဂျာနှင့် ဝန်ထမ်းများက အောက်တိုဘာ ၆ ရက် နံနက် ၈ နာရီမှစတင်၍ ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ကျောက်ပန်းတောင်း-ပုပ္ပားလမ်း စက်မှုလယ်ယာကုန်းထိပ်တွင် ထန်းပင်တစ်ပင်ပြိုလဲခဲ့ရာ အဆိုပါ ထန်းပင်မှ 11KV Feeder(1) လျှပ်စစ်ဓာတ်အားတိုင်ပေါ်သို့ ကျရောက်ခဲ့သဖြင့် 10 m ဓာတ်အားလိုင်းတိုင်နှစ်တိုင် ကျိုးပဲ့ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ပျက်စီးခဲ့သည့် ဓာတ်တိုင်များနေရာတွင် ဓာတ်တိုင်အသစ်အစားထိုး လဲလှယ်ခြင်းနှင့် ဓာတ်အားကြိုးများ ပြန်လည်ဆက်သွယ်ခြင်းတို့ကို မြို့နယ်မန်နေဂျာဦးခင်မောင်ချို ဦးဆောင်၍ ဝန်ထမ်းများက အချိန်မီပြီးစီးအောင် ဆောင်ရွက်ခဲ့ကြရာ ညနေ ၃ နာရီတွင် ဓာတ်တိုင်အသစ်စိုက်ထူ၍ ဓာတ်အားလိုင်းဆွဲခြင်းလုပ်ငန်းများ ပြီးစီးခဲ့ကြောင်း သိရသည်။

**နေအောင် ( ပြန်/ဆက်)**



## ဖြူးချောင်းဖြတ် ကြိုးတံတားပေါ် လူအများသွားလာနေချိန် ကြိုးဆိုင်းများ ပြတ်ကျမှုဖြစ်ပွား

**ဖြူး အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ဝဲကြီးကျေးရွာနှင့် ဝဲကြီးမြောက်ရွာတို့ဆက်သွယ်ထားသော ဖြူးချောင်းဖြတ် သံပေါင်ကြိုးတံတားမှ ဘုန်းကြီးကန်တော့ရန် လူအများဖြတ်ကူးနေချိန် အောက်တိုဘာ ၅ ရက် ညနေ ၄ နာရီက ကြိုးဆိုင်းများ ပြတ်ကျမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ သံပေါင်ကြိုးတံတားမှာ ယခင်က ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့သော တံတားဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပြန်လည်ပြုပြင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အရှည်ပေ ၃၇၀၊ အကျယ် ၆ ပေရှိ ကြိုးတံတားအား သံမဏိကြိုး ခြောက်ချောင်းအသုံးပြုကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဖြစ်ပွားခဲ့သည့် ညနေပိုင်းတွင် ဝဲကြီးကျေးရွာသူ၊ ကျေးရွာသားများမှ ဝဲကြီးမြောက်ရွာရှိ ဘုန်းကြီးအား သွားရောက်ကန်တော့ရန် ကြိုးတံတားပေါ်မှ ဖြတ်သန်းနေချိန် သံမဏိကြိုးနှစ်ချောင်းမှာ မြေမှကျွတ်ထွက်ခဲ့ပြီး တံတားတစ်ခုလုံး စောင်းလျက်အနေအထားဖြင့် ပြုတ်ကျခဲ့ခြင်းဖြစ်ကြောင်း ဝဲကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမိုးကျော်က ပြောသည်။ "ဘုန်းကြီးကန်တော့ဖို့ သွားကြတာဆိုတော့ တံတားပေါ်မှာ လူ ၁၀၀ နီးပါးလောက်တော့ရှိမယ်။ တံတားကြီးစောင်းလျက် ပြုတ်ကျ သွားတော့ ဖြတ်သန်းနေတဲ့လူတွေ အနည်းငယ် ထိခိုက်မိတယ်။ တံတားနံဘေးမှာ သံဆန်ခါကာထားလို့ တော်သေးတယ်။ မဟုတ်ရင် ဖြူးချောင်းထဲ အကုန်ကျကုန်မှာ၊ တံတားပေါ်မှာပြုတ်ကျသွားတဲ့သူတွေကို ကျန်တဲ့သူတွေက ဆွဲထုတ်ခဲ့ရတယ်"ဟု ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောသည်။



အဆိုပါကြိုးတံတားမှာ ကျေးရွာအုပ်စုခြောက်စု၊ ကျေးရွာပေါင်း ၄၀ ကျော်မှ ဒေသခံပြည်သူများအနေဖြင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များအတွက် အားကိုးအားထားပြုကာ သွားလာနေကြရသည့်အတွက် အမြန်ဆုံး ပြန်လည်ပြုပြင်ပေးရန် လိုလားလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## မီးပလပ်ခုံ အပူလွန်ကဲ၍ မီးလောင်

**ရန်ကုန် အောက်တိုဘာ ၆**

သန်လျင်မြို့ အမှတ် (၃၈) ဗိုလ်ချုပ်နေဝင်းလမ်း မြို့ဟောင်းအလယ်ရပ်ကွက်နေ ဒေါ်ကြည်ကြည်သော်၏ အုတ်ညှပ်နှစ်ထပ်နေအိမ်၌ အောက်တိုဘာ ၆ ရက် ည ၇ နာရီ မိနစ် ၂၀ တွင် နေအိမ်အိပ်ခန်းအတွင်း မီးပလပ်ခုံအပူလွန်ကဲ၍ မီးလောင်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်နှင့် တာဝန်ရှိသူများ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးရဲမင်းထွဋ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများက မီးသတ်ယာဉ်များနှင့်အတူ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၇ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ သန်လျင်မြို့မရဲစခန်းမှ အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# ခိုင်ကမ်းမြို့ စစ်ဆေးရေးဂိတ်၌ ပေါက်ကွဲစေတတ်သော စနက်တံအချောင်း ၁၀၀၀၀ သိမ်းဆည်းရမိ



**ခိုင်ကမ်း အောက်တိုဘာ ၆**
ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး နယ်စပ်မြို့ဖြစ်သည့် ချင်းပြည်နယ် ခိုင်ကမ်းမြို့၏ စုပေါင်းစစ်ဆေးရေးနေရာတွင် အောက်တိုဘာ ၅ ရက်က တီးတိန်မြို့မှ ကလေးမြို့ဘက်သို့ မောင်းနှင်လာသော ဟိုင်းမှ္ဘာလ်ဂျစ်ကားတစ်စီးကို ပူးပေါင်းအဖွဲ့က စစ်ဆေးရာ အမှတ် (၈) မီးရှို့စနက်တံ ၁၀၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ မီးရှို့စနက်တံများကို ခိုင်ကမ်းမြို့ စုပေါင်းစစ်ဆေးရေးနေရာ၌ ရဲတပ်ကြပ်ကြီးကံဝင်း ဦးစီးသည့် ပူးပေါင်းအဖွဲ့က တီးတိန်မြို့မှ ကလေးမြို့ဘက်သို့ လားလွန်းစန်းအာ (၂၅ နှစ်) ယုဇနလမ်း တာဟန်းရပ်ကွက် ကလေးမြို့နေသူ မောင်းနှင်လာသော ဟိုင်းမှ္ဘာလ်ဂျစ်ယာဉ်အမှတ် 8L/------ အား မသင်္ကာသဖြင့် ခိုင်ကမ်းမြို့ နယ်မြေရဲစခန်း(၉) မိုင်စခန်းသို့ ယာဉ်အား ခေါ်ဆောင်၍ ယာဉ်ပေါ်ပါ ပစ္စည်းများကို စစ်ဆေးရာ သစ်တောထွက်ပစ္စည်းများအောက်တွင် Detonator No.8 Strength DANGER EXPLOSIVE တံဆိပ်ပါ စက္ကူပုံးသေးအတွင်း အလျား ၁ ဒသမ ၆ လက်မ အရှည်ရှိ အမှတ် (၈) မီးရှို့စနက်တံအခု ၁၀၀ ပါ ဘူး ၁၀၀ စုစုပေါင်း စနက်တံအချောင်း ၁၀၀၀၀ အား တရားမဝင် သယ်ဆောင်လာကြောင်း ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခြင်းဖြစ်သည်။

ယာဉ်မောင်း လားလွန်းစန်းအာကို စစ်ဆေးရာတွင် သစ်တောထွက်ပစ္စည်းများမှာ တာဟန်းရပ်ကွက် ကလေးမြို့နေ ယာဉ်ပိုင်ရှင် ဦးစန်းလွင်နေအိမ်တွင် ချထားပေးရမည်ဖြစ်ပြီး စနက်တံများပါ စက္ကူပုံးအား တာဟန်းရပ်ကွက် ကလေးမြို့အတွင်းရှိ နေအိမ်သို့ သွားရောက်ပို့ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ၎င်းစနက်တံများပါ စက္ကူပုံးများအား ယနေ့ နံနက် ၇ နာရီခန့်တွင် ရိဒ်ခေါဒါရ်မြို့ (အောက်ချောင်း)ပြည့်အားမာန်ကားဂိတ်တွင် ဦးလွယ်သဲ ( ခ ) သောနေလွယ်မှ လာရောက်တင်ဆောင်ပေးခဲ့ပြီး ဇနီးဖြစ်သူမှ လက်ခံရယူမည်ဟု မှာကြားလိုက်ကြောင်း၊ ၎င်းစက္ကူပုံး တစ်ပုံးအတွက် ယာဉ်တင်ဆောင်ခ ငွေကျပ် ၅၀၀၀၀ နှင့် သစ်တောထွက်ပစ္စည်း ၁၂ အိတ် သယ်ဆောင်ခ ငွေကျပ် ၆၀၀၀၀ ရရှိကြောင်း သိရသည်။

အဆိုပါ ပေါက်ကွဲစေတတ်သော အမှတ် (၈) မီးရှို့စနက်တံများအား တရားမဝင် သယ်ဆောင်လာသူ ယာဉ်မောင်း လားလွန်းစန်းအာ၊ လက်ခံမည့်သူ ဒေါ်အေးအေးမြင့်နှင့် ဦးလွယ်သဲ (ခ) သောနေလွယ်တို့အား ခိုင်ကမ်းမြို့ နယ်မြေစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ခိုင်ကမ်း(မြို့ပြန်/ဆက်)**

# ရန်ကုန်မှ မြဝတီသို့သွားသည့် မှန်လုံယာဉ်တိမ်းမှောက်၊ နိုင်ငံခြားသားတစ်ဦးအပါအဝင် ၁၀ ဦး ဒဏ်ရာရ

**ဘားအံ အောက်တိုဘာ ၆**
ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့သင်းရှူးကျေးရွာအုပ်စု လှိုင်းကားကျေးရွာ မိုင်တိုင်အမှတ် (၂/၆) တွင် အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက ရန်ကုန်မှ မြဝတီသို့ သွားရောက်မည့် မှန်လုံခရီးသည်တင်ယာဉ်တစ်စီး တိမ်းမှောက်ခဲ့သဖြင့် တရုတ်နိုင်ငံသားတစ်ဦး အပါအဝင် ခရီးသည် ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၅ ရက် နံနက် ၅ နာရီခွဲခန့်က အိန္ဒြာ-ကော့ကျိုက်လမ်း မိုင်တိုင်အမှတ် (၂/၆)အနီးတွင် ရန်ကုန်မြို့မှ ထွက်ခွာလာပြီး ကော့ကျိုက်-အိန္ဒြာကားလမ်းအတိုင်း မြဝတီမြို့သို့ သွားရောက်မည့်ခရီးသည်တင်ယာဉ်သည် ဘားအံမြို့နယ် လှိုင်းကားကျေးရွာအနီး အရောက် ဆိုင်ကယ်တစ်စီးအား ရှောင်တိမ်းစဉ် တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားသည့် ယာဉ်အမှတ် 6 G/—- ယာဉ်အား တေဇစိုး (၃၆နှစ်)မောင်းနှင်ပြီး ယာဉ်နောက်လိုက်အဖြစ် နေလင်းထွန်း၊ (၂၄နှစ်)နှင့် ယာဉ်မယ်အဖြစ် မခင်ခင်မင်း (၂၄နှစ်)တို့ လိုက်ပါလာပြီး ယာဉ်ပေါ်တွင် ခရီးသည် ၃၀ တင်ဆောင်လာကြောင်း သိရှိရသည်။ ယာဉ်ပေါ်ပါ ခရီးသည်များအနက် Zhang Yong (၄၂နှစ်) အပါအဝင် ၁၀ ဦး မစိုးရိမ်ရ ဒဏ်ရာများရရှိခဲ့၍ လူမှုကူညီရေး အဖွဲ့များဖြင့် ဘားအံဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။


ဖြစ်စဉ်နှင့်ပတ်သက်ပြီး ယာဉ်မောင်း တေဇစိုးအား အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ၊**
**ထွန်းထွန်းထွေး(ဘားအံ)**

# မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးတွင် ဂက်စ်အိုးများတင်ဆောင်လာသော ၁၂ ဘီးယာဉ်တိမ်းမှောက်

**မြဝတီ အောက်တိုဘာ ၆**
မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီး နတ်စင်ကွေ့အနီးတွင် အောက်တိုဘာ ၅ ရက်က ဂက်စ်အိုးများ တင်ဆောင်လာသော ၁၂ ဘီးယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၅ ရက် ညနေ ၃ နာရီခန့်က မြဝတီမှ ကော့ကရိတ်သို့ ဂက်စ်အိုး ၁၉၇ လုံး တင်ဆောင်ပြီး ယာဉ်မောင်း ထွန်းထွန်းဝင်း မောင်းနှင်သည့် 8J/ ---- ၁၂ဘီး ယာဉ်သည် အာရှလမ်းမကြီးရှိ နတ်စင်ကွေ့အနီး ကီလိုမီတာအမှတ် ၁၅၄ နှင့် ၁၅၅ အကြားအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်ခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။



ယာဉ်တိမ်းမှောက်မှုကြောင့် လမ်းဘေးတွင် ကာရံထားသော လက်တန်းဘေးကာ ပျက်စီးသွားခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုဖြစ်ပြီး ထွက်ပြေးတိမ်းရှောင်သွားသူ ထွန်းထွန်းဝင်းအား ကော့ကရိတ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

# အင်းဝတံတားအနီး ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးနေသည့် အမျိုးသားတစ်ဦး အလောင်းတွေ့ရှိ

**စစ်ကိုင်း အောက်တိုဘာ ၆**
စစ်ကိုင်းမြို့ မင်းလမ်းရပ်ကွက် ကမ်းနားလမ်း အင်းဝတံတား အနောက်ဘက်ကမ်းစပ်အနီးတွင် အမျိုးသားတစ်ဦး ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၆ ရက် နံနက် ၇ နာရီက အင်းဝတံတားအနီး အမျိုးသား တစ်ဦးသေဆုံးနေကြောင်း သတင်းအရ စစ်ကိုင်းခရိုင်ရဲမှူး ဒုရဲမှူးကြီး မြသင်း၊ မြို့နယ်စခန်းမှူး ဒုရဲမှူး ကျော်ထွန်းနိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ သေဆုံးသူ အမျိုးသားမှာ ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရကြောင်း သိရသည်။

သေဆုံးသူမှာ ကိုမိုးကြီး (၃၅နှစ်) မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ငါန်းမြှာကျေးရွာတွင် နေထိုင်သူဖြစ်ကြောင်း သိရှိရပြီး သေဆုံးသူ၏ အလောင်းအား စစ်ကိုင်းဆေးရုံသို့ ပို့ဆောင်ပြီး စစ်ကိုင်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးနေကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

## လားရှိုးမြို့တွင် ဂက်(စ်)အိုးပေါက်ကွဲမှုဖြစ်ပွား၍ လူနှစ်ဦးဒဏ်ရာရ

**နေပြည်တော် အောက်တိုဘာ ၆**
ရှမ်းပြည်နယ် လားရှိုးမြို့နယ် နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၅ ရက် ည ၈ နာရီ ၅၅ မိနစ်က လားရှိုးပြည်သူ့ဆေးရုံ၌ ဂက်(စ်)အိုးပေါက်ကွဲမှုဖြစ်ပွား၍ လူနာနှစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ လားရှိုးမြို့ ရပ်ကွက်(၉)နေ ဦးဝင်းညို ပိုင်ဆိုင်သည့် အဆိုပါရပ်ကွက်ရှိ အိမ်ငှားတန်းလျား၌ ငှားရမ်းနေထိုင်သူ မျိုးဇင်ကိုသည် ၎င်းလေပူဖောင်းရောင်းချရာတွင် အသုံးပြုသည့် ဂက်(စ်)အိုးအား အိမ်ခန်းအမှတ်(၁)လုံးချင်းအိမ်၏ အရှေ့မြောက်လပ်၌ ချထားခဲ့စဉ် ဂက်(စ်)အိုးပေါက်ကွဲမှုဖြစ်ပွား၍ အိမ်ခန်းအမှတ်(၁)တွင် ငှားရမ်းနေထိုင်သူ ဦးကျော်သူနှင့် သားဖြစ်သူ မင်းခေါင်ကျော်တို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးကုသမှုလာရောက်ခံယူနေကြောင်း သိရသည်။ ဖြစ်စဉ်နှင့် စပ်လျဉ်း၍ မျိုးဇင်ကိုအား လားရှိုးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# လှိုင်သာယာမြို့နယ်အတွင်း အမျိုးသမီးထံမှ ရွှေဆွဲသီးလုယက်သူအား အချိန်တိုအတွင်း ပြန်လည်ဖမ်းဆီးရမိ

**ရန်ကုန် အောက်တိုဘာ ၆**
လှိုင်သာယာမြို့နယ်နေ မ----- သည် လှိုင်သာယာမြို့နယ် ဗိုလ်အောင်ကျော်လမ်းရှိ ဈေးဆိုင်တွင် ကွမ်းနှင့်ကွမ်းရွက်ပစ္စည်းများရောင်းချနေစဉ် အောက်တိုဘာ ၆ ရက် နံနက် ၂ နာရီခန့်က အမည်မသိအမျိုးသားတစ်ဦးက ကွမ်းရွက် ၅၀၀ ဖိုးလာဝယ်၍ ကွမ်းရွက်ချိန်ပေးပြီး ဆိုင်ထဲသို့ပြန်အဝင် မ--၏ လည်ပင်းတွင်ဆွဲထားသော သုံးကျပ်သားခန့်ရှိ သုံးရောင်ချယ်ရွှေဆွဲကြိုးနှင့် ၁၂ ပဲ ၆ ရွေးခန့်ရှိ ကျောက်ပါရွှေဆွဲသီးအား ယင်းအမျိုးသားက လုယူထွက်ပြေးရာ ရွှေဆွဲကြိုးမှာကျန်ခဲ့ပြီး ရွှေဆွဲသီး ပါသွားသဖြင့် မ----သည် အနီးရှိ ပတ်ဝန်းကျင်အား အကူအညီတောင်းခံနေစဉ် လှိုင်သာယာမြို့မရဲစခန်းမှ လှည့်ကင်းရဲတပ်ဖွဲ့ဝင်များနှင့် ပတ်ဝန်းကျင်ရှိလူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ ရွှေဆွဲသီးလုယူထွက်ပြေးသူအား သက်သေခံပစ္စည်းနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူ လှိုင်သာယာမြို့နယ် (၇) ရပ်ကွက် မင်္ဂလာသိဒ္ဓိလမ်းနေ ထက်လင်းနိုင်(ခ) ကိုနိုင် (၂၄နှစ်)ဆိုသူအား လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိပြီး အခြားလုယက်မှုများ ကျူးလွန်ခြင်းရှိ/မရှိ တိုက်ဆိုင်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# လိုက်ထရပ်ယာဉ် အရှိန်လွန်တိမ်းမှောက် ယာဉ်ပေါ်ပါလာသူ ၁၂ ဦး ဒဏ်ရာများရရှိ

**ဝေါ အောက်တိုဘာ ၆**
ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အဗျားအုတ်ကျင်းကျေးရွာအနီး အောက်တိုဘာ ၅ ရက် မွန်းလွဲ ၁ နာရီခန့်က ရန်ကုန်-မော်လမြိုင်လမ်းအတိုင်း မောင်းနှင်လာသော လိုက်ထရပ်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ယာဉ်ပေါ်တွင် လိုက်ပါလာသူ ယာဉ်မောင်းအပါအဝင် ၁၂ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ရန်ကုန်-မော်လမြိုင် ကားလမ်း မိုင်တိုင်အမှတ်(၇၄/၇ နှင့် ၇၅/၀)အကြားတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ဝေါမြို့မရဲစခန်းမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ ကျိုက်ထိုဘက်မှ ဝေါဘက်သို့ ဦးမျိုးလှိုင်စိုး ရွှေပြည်သာမြို့နယ် ရန်ကုန်မြို့နေသူမောင်းနှင်လာသော YGN-8C/---- လိုက်ထရပ်ယာဉ်သည် အဗျားအုတ်ကျင်းကျေးရွာအနီး အခင်းဖြစ်နေရာအရောက် အရှိန်လွန်ကာ ကားလမ်း၏ ဝဲဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းလာသူ ယာဉ်မောင်းအပါအဝင် အမျိုးသား သုံးဦး၊ အမျိုးသမီးကိုးဦး ဒဏ်ရာများရရှိခဲ့၍ ဝေါမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# ထီးချိုင့်မြို့နယ်အတွင်းမှ တရားမဝင်ကျွန်းလှေအသစ် ၁၂ စင်းဖမ်းမိ

**ထီးချိုင့် အောက်တိုဘာ ၆**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် ဧရာဝတီမြစ်ကူးတံတားအနီးမှ တရားမဝင်ကျွန်းများဖြင့် ပြုလုပ်ထားသော လှေအသစ် ၁၂ စင်းကို ပိုင်ရှင်သုံးဦးနှင့်အတူဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၆ ရက် နံနက် ၆ နာရီခန့်က ထီးချိုင့်မြို့နယ်မှ သစ်တောဝန်ထမ်းများသည် ဧရာဝတီမြစ်အတွင်းမြစ်ကူးတံတားအနီး၌ ကျွန်းလှေအသစ်များ မန္တလေးသို့စုန်ဆင်းမည်ဖြစ်ကြောင်း သတင်းရရှိသဖြင့် သွားရောက်စစ်ဆေးရာ တရားမဝင် ကျွန်းသစ်ခွဲသားများဖြင့် ပြုလုပ်ထားသော ကျွန်းလှေအသစ် ၁၂ စင်းကို ပိုင်ရှင်ဝင်းထွန်းအောင် ဇွန်းလွန်းကျေးရွာ မတ္တရာမြို့နယ်၊ မစံပယ် သာဂရကျေးရွာ ကသာမြို့နယ်နေသူနှင့် မအိစံ လှေဘိုကျေးရွာ ကသာမြို့နယ်နေသူတို့ကို တွေ့ရှိရသဖြင့် ၎င်းတို့သုံးဦးအား ထီးချိုင့်မြို့မရဲစခန်းမှ ဥပဒေအရ ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **လူအောင်(ကသာ)**

# ညောင်တုန်းမြို့နယ်၌ တွန်းသင်္ဘောနှစ်စင်းတိုက်မှုဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၆**
ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အရွဲကျေးရွာအနီး ပန်းလှိုင်မြစ်ကြောင်းမြစ်ကွေ့၌ အောက်တိုဘာ ၅ ရက် မွန်းလွဲ ၁ နာရီ ၅ မိနစ်က တွန်းသင်္ဘောနှစ်စင်း တိုက်မိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၅ ရက် မွန်းလွဲ ၁ နာရီ ၅ မိနစ်က ပန်းလှိုင်မြစ်ကြောင်း မြစ်ကွေ့၌ ရန်ကုန်မှ မန္တလေးသို့ ရေယာဉ်အုပ် ဦးစိုးမြင့် ခရမ်း- သုံးခွမြို့နေသူ မောင်းနှင်လာသည့် အင်ဂျင်ဝိုင်နှင့် ဆားများတင်ဆောင်လာသော (ရေစူး ၈ ဒသမ ၅၃ ပေ၊ အလျား ၉၉ ဒသမ ၇၄ ပေ၊ အကျယ် ၂၁ ပေ)ရှိ “ရွှေထူး”တွန်းသင်္ဘောနှင့် ရွှေကျင်မှ ရန်ကုန်သို့ ရေယာဉ်အုပ် ဦးတင်ထွန်းဦး (၃)ရပ်ကွက် လှိုင်မြို့နယ်နေသူမောင်းနှင်လာသည့် ကျောက်စရစ် ၂၁၅ ကျင်း တင်ဆောင်လာသော ရေစူး ၆ ဒသမ ၉ပေ၊ အလျား ၈၉ ပေ၊ အကျယ် ၁၈ ဒသမ ၇ ပေရှိ သံသာထိပ်တန်း တွန်းသင်္ဘောတို့ အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင်ဝင်ရောက်တိုက်မိရာ သံသာထိပ်တန်း တွန်းသင်္ဘောနှင့် တွဲလာသည့် ကျောက်စရစ် ကျင်း ၅၀ ပါ CB-390 တွဲမှာကြိုးပြတ်ပြီး နစ်မြုပ်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရွှေထူးသင်္ဘောရေယာဉ်အုပ် ဦးစိုးမြင့်အား မဲဇလီနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ကနဦးသတင်း ရရှိသည်။ **ဇင်ဦး(မြန်မာ့အလင်း)**

## အမေရိကန်နှင့် မဟာမိတ်များကို မခြိမ်းခြောက်သင့်ကြောင်း ဒေါ်နယ်ထရန့်ပြောကြား

**ဝါရှင်တန် အောက်တိုဘာ ၆**

အမေရိကန်ပြည်ထောင်စုသည် ၎င်းနှင့် ၎င်း၏မဟာမိတ်များကို မြောက်ကိုရီးယား၏နျူကလီးယားနှင့်ဒုံးကျည်အစီအစဉ်များ၏ ခြိမ်းခြောက်မှုမှ အပြည့်အဝကာကွယ်သွားရန်ကတိပေးအပ်ထားပြီးဖြစ်ကြောင်းအမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ထပ်မံအတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

ထရန့်သည် ကြာသပတေးနေ့က အိမ်ဖြူတော်၌အမေရိကန်စစ်ဘက်ဆိုင်ရာအကြီးအကဲများနှင့် ပြုလုပ်သည့်လုံခြုံရေးဆိုင်ရာဆွေးနွေးပွဲတစ်ခုတွင် ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားအတွက် အမေရိကန်၏ပန်းတိုင်သည် နျူကလီးယားလက်နက်လျှော့ချရေးဖြစ်သည်ဟု ထရန့်က အလေးအနက်ပြောကြားခဲ့သည်။ အမေရိကန်သည် လူ့အသက်ပေါင်းများစွာ သေကျေပျက်စီးစေမည့် အမေရိကန်နှင့်၎င်း၏ မဟာမိတ်များကိုခြိမ်းခြောက်လာမည့် မြောက်ကိုရီးယား၏အာဏာရှင်စနစ်ကျင့်သုံးမှုကို ခွင့်ပြုလိမ့်မည်မဟုတ်ကြောင်း ထရန့်ကပြောသည်။ ဂျွန်ဟော့ကင်းတက္ကသိုလ်မှ သုတေသနပညာရှင်တစ်စုက ခန့်မှန်းတွက်ချက်ခဲ့မှုအရ မြောက်ကိုရီးယားက ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများသို့ နျူကလီးယားစစ်ပွဲဆင်နွှဲလာခဲ့လျှင် စုစုပေါင်းလူလေးသိန်းမှ နှစ်သန်းအထိသေဆုံးရဖွယ်ရှိကြောင်း သိရသည်။ **(အင်န်အိတ်ခ်ျကေ)**

## အမျိုးသားဆွေးနွေးပွဲဖြစ်စဉ်များတွင်ပါဝင်ရန် တောင်ဆူဒန်သူပုန် ၁၁ ဦး အစိုးရဘက်သို့ရောက်ရှိ

**ဂျူဘာ အောက်တိုဘာ ၆**

လွန်ခဲ့သောနှစ်ကတည်းက သမ္မတဆယ်ဗာကား၏ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အမျိုးသားဆွေးနွေးပွဲဖြစ်စဉ်များတွင် ပါဝင်ရန် တောင်ဆူဒန် သူပုန် ၁၁ဦးမကြာသေးမီက အစိုးရဘက်သို့ ရောက်လာခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ပထမဆုံးဒုတိယသမ္မတ တာဘန်ဒန်ဂိုင်၏လက်အောက်ရှိ ဆူဒန်ပြည်သူ့လွတ်မြောက်ရေးတပ်ဖွဲ့-အတိုက်အခံ အုပ်စုမှဗိုလ်ချုပ်ကြီး ဂစ်ဘရီယယ်ဂက်တ်ဝက်ချ်က ဗိုလ်မှူးချုပ်အဆင့်နှစ်ဦးပါဝင်သော ပြည်တော်ပြန် သူပုန် ၁၁ဦးသည် ယူဂန္ဒာမြို့တော် ကမ်ပါလာမှ ဂျူဘာသို့ ရောက်ရှိလာခဲ့ကြောင်း ပြောကြားခဲ့သည်။



တောင်ဆူဒန်သူပုန်များကိုတွေ့ရစဉ်

ငြိမ်းချမ်းရေးဆောင်ရွက်နေသူများ၊ မိမိတို့နှင့် ဆွေးနွေးချင်သူများကို တွေ့ဆုံရန် တာဘန်ဒန်က မိမိကို ကမ်ပါလာသို့ စေလွှတ်ခဲ့ကြောင်း၊ အမျိုးသားဆွေးနွေးပွဲများမှ တစ်ဆင့်ပြည်သူများမှာငြိမ်းချမ်းရေး ဆွေးနွေးရန်အဆင်သင့်ဖြစ်နေသည်ကို တွေ့ရှိခဲ့သည့်အတွက် ဝမ်းသာကြောင်း ဗိုလ်ချုပ်ကြီး ဂစ်ဘရီယယ်ဂက်တ်ဝက်ချ်က ဂျူဘာ၌ ပြောခဲ့သည်။

ထို့အပြင် လွန်ခဲ့သောနှစ် ဇူလိုင်အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပြည်တော်ပြန်အချို့မှာ ဒီမိုကရက်တစ်ကွန်ဂိုသမ္မတနိုင်ငံသို့ ထွက်ပြေးခဲ့ကြောင်း ၎င်းကဆက်လက် ပြောကြားခဲ့သည်။

ပြည်တော်ပြန်သူပုန်များတွင်ပါဝင်သူ ဗိုလ်မှူးချုပ်ဂျာရီမိုင်ရာဆီရိုက သူတို့အားလုံးသည် အမျိုးသားဆွေးနွေးပွဲဖြစ်စဉ်များ၏ အစိတ်အပိုင်းဖြစ်လာခဲ့ကြောင်းနှင့် ငြိမ်းချမ်းရေးကသာ ပြည်တွင်းတွင်ကောင်းမွန်သော အဖြေရရန် နည်းလမ်းဖြစ်ကြောင်း ပြောခဲ့သည်။

ယခုကဲ့သို့ အမျိုးသားဆွေးနွေးပွဲတွင် ပါဝင်ရန်ကြေညာချက်ကို ကြားခဲ့ရကြောင်း၊ တောင်ဆူဒန်ပြည်သူများက မိမိတို့နိုင်ငံအတွက် ငြိမ်းချမ်းရေးဆောင်ကြဉ်းလာလိမ့်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိ၏ရဲဘော်ရဲဘက်များကို ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် ပါဝင်ဆောင်ရွက်ဖို့ တိုက်တွန်းကြောင်း လွန်ခဲ့သောနှစ်အကြမ်းဖက်ဖြစ်စဉ်အတွင်း မာချာနှင့်အတူ ဒီမိုကရက်တစ်ကွန်ဂိုသမ္မတနိုင်ငံသို့ ထွက်ပြေးလာသော ဆီရိုက ပြောကြားခဲ့သည်။

ဝမ်းနည်းကြေကွဲဖွယ်ဖြစ်စဉ်များကြောင့် တောင်ဆူဒန်ကို ကျောခိုင်းသွားသော လူတိုင်းကို နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ရန် ပြန်လည်ဖိတ်ခေါ်ခြင်းမှာ ယခုအချိန်လောက် သင့်တော်ကောင်းမွန်သောအချိန်မရှိဟု ဗိုလ်မှူးချုပ် အိုကီလိုအော်ဒွန်ဂိုက ပြောခဲ့သည်။

**(ဆင်ဟွာ)**

## နျူကလီးယားဆန့်ကျင်တိုက်ဖျက်မှုစစ်ဆင်ရေးအဖွဲ့ ICAN ငြိမ်းချမ်းရေးနိုဘယ်ဆုဆွတ်ခူး



**ဂျီနီဗာ အောက်တိုဘာ ၆**

နျူကလီးယားစစ်ပွဲဖြစ်ပွားလာနိုင်သည့်အန္တရာယ်ကို သတိပေးခဲ့သည့် နော်ဝေနိုဘယ်ဆုပေးအပ်ရေးကော်မတီသည် သောကြာနေ့တွင် ၂၀၁၇ခုနှစ်အတွက် နိုဘယ်ဆုကို လူသိနည်းသည့်နိုင်ငံတကာ စစ်ဆင်ရေးအဖွဲ့တစ်ဖွဲ့ကို ချီးမြှင့်လိုက်ကြောင်း သိရသည်။

ICAN အဖွဲ့သည် နျူကလီးယားလက်နက်ပိတ်ပင်တားဆီးရေးအတွက် ထောက်ခံအားပေးမှုများလုပ်လျက်ရှိသည့် အဖွဲ့တစ်ဖွဲ့ဖြစ်သည်။ နျူကလီးယားလက်နက်ဖျက်သိမ်းရေး နိုင်ငံတကာ စစ်ဆင်ရေးအဖွဲ့ (ICAN)သည် နိုင်ငံပေါင်းတစ်ရာကျော်တို့တွင်ရှိသည့် အစိုးရမဟုတ်သော အခြေခံလူတန်းစားများမဟာမိတ်အဖွဲ့တစ်ဖွဲ့အဖြစ် မိမိကိုယ်ကို ကိုယ်စားပြုဖော်ပြမှုပြုလုပ်ခဲ့သည်။

ICAN အဖွဲ့ကို ဩစတြေးလျတွင်အစပြု ဖွဲ့စည်းခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ဗီယင်နာ၌ တရားဝင်အဖွဲ့အစည်းတစ်ရပ်အဖြစ်ကြေညာခဲ့သည်။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာသော အချိန်ကာလများကထက် နျူကလီးယားလက်နက်အန္တရာယ်အလွန်ကြီးမားလာသည့် ကမ္ဘာကြီးတွင် ကျွန်ုပ်တို့နေထိုင်နေကြရသည်ဟုနော်ဝေနိုဘယ်ဆုရွေးချယ်ချီးမြှင့်ရေးကော်မတီအကြီးအကဲက ပြောကြားခဲ့သည်။

ပြီးခဲ့သည့်ဇူလိုင်လအတွင်းက နိုင်ငံပေါင်း ၁၂၂နိုင်ငံတို့သည် နျူကလီးယားလက်နက်တားဆီးရေး ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကိုအတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။ သို့သော် အဆိုပါသဘောတူစာချုပ်တွင် နျူကလီးယားလက်နက်ပိုင်ဆိုင်သည့်နိုင်ငံများဖြစ်ကြသည့် အမေရိကန်ပြည်ထောင်စု၊ ရုရှား၊ တရုတ်၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံများ မပါဝင်ခဲ့ပေ။

နိုဘယ်ဆုသည် အမေရိကန်ပြည်ထောင်စုနှင့်မြောက်ကိုရီးယားနိုင်ငံတို့အကြားတွင် နျူကလီးယားဆိုင်ရာတင်းမာမှုများမြင့်တက်နေချိန်တွင်လက်နက်ဖျက်သိမ်းရေးနှင့်ပတ်သက်၍ နှစ်ဖက်ပြေလည်မှုရရှိအောင်ရှာဖွေသွားနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ)**

## ဆူဒန်အပေါ်ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုကို ပြန်လည်ရုပ်သိမ်းရန် အမေရိကန် ပြင်ဆင်လျက်ရှိ

**ဝါရှင်တန် အောက်တိုဘာ ၆**

အမေရိကန်ပြည်ထောင်စုအနေဖြင့် ဆူဒန်အပေါ်ချမှတ်ထားသော ကာလရှည်ကြာစီးပွားရေးပိတ်ဆို့မှုကို ပြန်လည်ရုပ်သိမ်းရန် ပြင်ဆင်နေကြောင်း ရိုက်တာသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။

ထိုသို့ ကာလရှည်ကြာစီးပွားရေးပိတ်ဆို့မှုကို ပြန်လည်ရုပ်သိမ်းရန်ပြင်ဆင်ခြင်းသည် ဆူဒန်နိုင်ငံ၏ လူ့အခွင့်အရေးနှင့် အကြမ်းဖက်တန်ပြန် တိုက်ဖျက်ရေးများတွင် တိုးတက်မှုများရှိစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း အမေရိကန်အရာရှိတစ်ဦးက မကြာသေးမီတွင် ပြောခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဦးဆောင်သော အစိုးရသည် ဆူဒန်အပေါ်ကာလရှည်ကြာ စီးပွားရေးပိတ်ဆို့မှုကို ရုပ်သိမ်းရန် ကြေညာချက်ကိုစောနိုင်သမျှစောပြီး ကြေညာရန်ပြင်ဆင်နေကြောင်း အဆိုပါ အရာရှိကပြောကြားခဲ့ပါသည်။

တာဝန်မှ အနားမယူခင် ယခင်အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် အာဖရိကနိုင်ငံအပေါ် ချမှတ်ခဲ့သော ပြစ်ဒဏ်များကို ခေတ္တခဏလျော့ပေါ့သက်သာစေခဲ့သည်မှာ အချိန်ကာလအတော်ကြာခဲ့ပြီ ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။



၂၀၁၆ ခုနှစ်က ခါတွန်မြို့၏ လမ်းမတစ်နေရာကို တွေ့ရစဉ်

လွန်ခဲ့သော ဇူလိုင်လကလည်း ထရန့် ဦးဆောင်သော အမေရိကန်အစိုးရသည် ချမှတ်ထားသော အရေးယူပိတ်ဆို့မှုအားလုံးကို အပြည့်အဝဖယ်ရှားရန် သို့မဟုတ် မည်သို့မည်ပုံ လုပ်ဆောင်ရန်နှင့် ပတ်သက်ပြီး သုံးလတာ ရွှေ့ဆိုင်းခဲ့ကြောင်း သိရသည်။ ယခုအခါ အဆိုပါ အရေးယူပိတ်ဆို့မှုများကို ဖယ်ရှားရေး ကြေညာချက်တစ်ရပ်ကို မကြာမီထုတ်ပြန်တော့မည်ဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ)**

## ရုရှားအက်စ်-၄၀၀ လေကြောင်းကာကွယ်ရေးစနစ်ကို ဝယ်ယူရန် ဆော်ဒီလက်မှတ်ရေးထိုး

**ရီယာ့ဒ် အောက်တိုဘာ ၆**

ဆော်ဒီအာရေဗျက ရုရှားအက်စ်-၄၀၀ လေကြောင်းကာကွယ်ရေးစနစ်ကို ဝယ်ယူရန် သဘောတူခဲ့ကြောင်း သိရသည်။

အဆိုပါ သဘောတူညီချက်သည် ဆော်ဒီဘုရင်ဆော်လ်မန် မော်စကိုသို့ သွားရောက်ရာတွင် အလွတ်သဘောတွေ့ဆုံဆွေးနွေးပွဲ၏ ရလဒ်ဖြစ်ကြောင်း သိရသည်။

ဒူဘိုင်းအခြေစိုက် ရုပ်မြင်သံကြားလိုင်းက ဆော်ဒီအာရေဗျသည် ၎င်းနိုင်ငံ၏ ကိုယ်ပိုင်စစ်ရေးဆိုင်ရာဖွံ့ဖြိုးမှုအတွက် အဆိုပါ ရုရှားအက်စ်-၄၀၀ လေကြောင်းကာကွယ်ရေးစနစ်ကို ဝယ်ယူရန် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**(ရိုက်တာ)**

## နိုင်ငံတကာ သတင်းတိုထွာ

### ဘရူနိုင်းဘုရင် ထီးနန်းအမွေဆက်ခံခြင်း ရွှေရတုအထိမ်းအမှတ်သတင်းရယူရန် သတင်းထောက် ၂၀၀ ကျော်ရောက်ရှိ

**ဘန်ဒါဆီရီဘာဂါဝန် အောက်တိုဘာ ၆**

ဘရူနိုင်းဘုရင် ဆူလ်တန်ဟာဆန်နယ် ဘိုလ်ကီးယား၏ ထီးနန်းအမွေဆက်ခံခြင်း နှစ် ၅၀ ပြည့် ရွှေရတုနှစ်ပတ်လည် အထိမ်းအမှတ်သတင်းရယူရန် သတင်းထောက် ၂၀၀ ကျော် ဘရူနိုင်းသို့ စုရုံးရောက်ရှိနေကြသည်။ အဆိုပါ ရွှေရတုနှစ်ပတ်လည် အထိမ်းအမှတ်ကို အောက်တိုဘာ ၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသတင်းရယူရန် ပြည်တွင်းသတင်းသမားများသာမက နိုင်ငံခြားသတင်းဌာနများမှ ကိုယ်စားလှယ်ပေါင်း ၇၀ ကျော် မှတ်ပုံတင်ထားကြောင်း ဘရူနိုင်းဝန်ကြီးချုပ်ရုံး၏ ပြန်ကြားရေးဌာနမှ သိရသည်။ သတင်းရယူမည့် သတင်းဌာနများအနက် အေအက်ဖ်ပီ၊ ရိုက်တာ၊ အာဆီယံနိုင်ငံများမှ မီဒီယာများသာမက ဆင်ဟွာသတင်းဌာနကိုလည်း အောက်တိုဘာလ တစ်လလုံး အတွင်းပြုလုပ်မည့် အခမ်းအနားတစ်ခုလုံးအတွက် သတင်းရယူရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(ဆင်ဟွာ)**

### အီတလီနှင့်ဂျာမနီတို့ရှိ မာဖီးယားဂိုဏ်းများအား ဖြိုခွင်း

**ရောမ အောက်တိုဘာ ၆**

အီတလီနှင့်ဂျာမနီတို့တွင် ဆီဆီလျန် မာဖီးယားဂိုဏ်းအား ဖြိုခွဲနှိမ်နင်းနိုင်ရေး အဓိကစစ်ဆင်ရေးတစ်ရပ်ကို အီတလီ အာဏာပိုင်များက ပြုလုပ်ခဲ့ရာ အဆိုပါ စစ်ဆင်ရေးအတွင်း နာမည်ကြီး မာဖီးယားနှင့် ဆက်နွယ်နေသည်ဟု သံသယရှိသူ ၃၇ ဦးကို ဖမ်းဆီးနိုင်ရေး ကြိုးစားဆောင်ရွက်ခဲ့ကြောင်း ဆင်ဟွာ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အီတလီရှိ မြို့ပေါင်း ၁၄ မြို့တွင် အဆိုပါစစ်ဆင်ရေးကို ဆင်နွှဲခဲ့ခြင်း ဖြစ်ပြီး ဂျာမနီနိုင်ငံတွင်လည်း အလားတူ စစ်ဆင်ရေးများပြုလုပ်ခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

### ဥမင်လိုဏ်ခေါင်းအတွင်း ပိတ်မိနေသည့် အလုပ်သမားကိုးဦးကိုကယ်ဆယ်

**စီကျားကျောင် အောက်တိုဘာ ၆**

တရုတ်နိုင်ငံမြောက်ပိုင်းတွင် မော်တော်ကားဖြတ်သန်းမောင်းနှင်သည့် ဥမင်လိုဏ်ခေါင်းတစ်ခု ပြိုကျပျက်စီးမှုကြောင့် နာရီပေါင်း ၁၀၀ ခန့်ကြာအောင် ဥမင်လိုဏ်ခေါင်းအတွင်း ပိတ်မိနေခဲ့သည့် အလုပ်သမားကိုးဦးကို ကယ်ဆယ်ခဲ့ရကြောင်း သိရသည်။

လိုင်ယွမ်စီရင်စုရှိ ရင်အာလင်ဥမင်လိုဏ်ခေါင်းအတွင်း၌ ပိတ်မိနေသည့် အလုပ်သမားကိုးဦးတို့ကို ဗုဒ္ဓဟူးနေ့ညက ကယ်ဆယ်ခဲ့ရပြီး ယခုအခါ အဆိုပါ အလုပ်သမားများမှာ အခြေအနေကောင်းသွားပြီဖြစ်၍ စိုးရိမ်စရာမရှိတော့ကြောင်း သိရသည်။

မော်တော်ကားဖြတ်သန်းမောင်းနှင်သည့် ဥမင်၏ တစ်ဖက်ခြမ်းသည် ညနေ ၄ နာရီခန့်တွင် ပြိုကျပျက်စီးသွားခဲ့ပြီး အထွက်လမ်းကို ပိတ်ဆို့သွားစေခဲ့ကာ အလုပ်သမားများ ဥမင်အတွင်း၌ ပိတ်မိနေခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ **(ဆင်ဟွာ)**

# လွတ်လပ်ရေးအောင်ပွဲရရှိအောင် ကက်တလိုနီးယားကြိုးပမ်းနိုင်မည်လား

**ကလျာမိုးမြင့်**



ကက်တလိုနီးယားခေါင်းဆောင် Carles Puigdemont က အဲဒီဒေသကို စပိန်ကနေခွဲထွက်ပြီး လွတ်လပ်ရေးရရှိကြောင်း ကြေညာတော့မှာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီညွတ်တဲ့ လွတ်လပ်ရေးအတွက် မဲပေးမှုအဖြစ် အငြင်းပွားမှုတွေ ပေါ်ပေါက်ခဲ့ပြီး စပိန်ရဲတွေက အဲဒီမဲပေးမှုကို ပိတ်ဆို့တားဆီးဖို့ ကြိုးစားခဲ့ကြပါတယ်။

အကယ်၍သာ ရဲတွေရဲ့ကြိုးပမ်းမှုအောင်မြင်သွားရင် လွတ်လပ်ရေးဟာ ဘယ်နည်းနဲ့မဆို ပိတ်ပင်တားဆီးခံရမှာဖြစ်ပါတယ်။ ဒါပေမယ့် နိုင်ငံရေးအဖွဲ့တစ်ခုကနေ ထုံးတမ်းစဉ်လာအရ နုတ်ထွက်နေခြင်းဖြစ်တယ်လို့ ထင်မြင်ချက်အရပြောရမယ်ဆိုရင် ကက်တလိုနီးယားဒေသဟာ ကိုယ်ပိုင်အခြေအနေတစ်ခုပေါ်မှာ ရပ်တည်နိုင်မှုရှိပါ့မလားလို့ စဉ်းစားဖွယ်ရာဖြစ်ပါတယ်။

စပိန်ကနေခွဲထွက်ပြီး ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ရှာဖွေနေရတဲ့ အကြောင်းတွေကို မှန်းဆကြည့်ရင် ကက်တလိုနီးယားဟာ ဒေသတစ်ခုရဲ့ အဆင်တန်ဆာများစွာကို ပိုင်ဆိုင်ရရှိထားတယ်လို့ ဆိုနိုင်ကြောင်း ကက်တလိုနီးယားခေါင်းဆောင် Carles Puigdemont က ပြောကြားခဲ့ပါတယ်။ ကက်တလိုနီးယားမှာ ကိုယ်ပိုင်ရဲတပ်ဖွဲ့အင်အားစုဖြစ်တဲ့ Mossos d’ Esquadra ရှိတယ်။ ကိုယ်ပိုင်ရုပ်သံထုတ်လွှင့်တင်ဆက်မှု တရားဝင်ထိန်းသိမ်းရေး အဖွဲ့အစည်းရှိတယ်။ ပြီးတော့ ကမ္ဘာတစ်လွှားမှာရှိတဲ့ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို မြှင့်တင်ပေးနေတဲ့ နိုင်ငံခြားမစ်ရှင်တွေ၊ အဖွဲ့တွေကိုလည်း အဆင့်မြှင့်တင်နေတယ်။ ပြီးတော့ ကျောင်းတွေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေလိုမျိုး အများပြည်သူကို ဝန်ဆောင်မှုပေးတာတွေ၊ ပို့ဆောင်ပေးနေတာတွေလည်း ရှိနေတယ်။

ဒီလိုမျိုး ကိုယ်ပိုင်ဆောင်ရွက်နိုင်မှုတွေ ရှိနေသော်ငြားလည်းပဲ လွတ်လပ်ရေးရရှိမှုဖြစ်စဉ်အတွက်ကတော့ ဒီထက်ပိုပြီး ကြိုးစားလုပ်ဆောင်သွားရမယ့် အရာတွေ ရှိနေဦးမှာဖြစ်ပါတယ်။ နယ်စပ်ထိန်းချုပ်ရေး၊ အကောက်ခွန်ဆောင်ရွက်မှု၊ သင့်လျော်တဲ့ နိုင်ငံတကာဆက်ဆံရေး၊ ကာကွယ်ရေးနဲ့ ဗဟိုဘဏ်၊ ကုန်းတွင်းပိုင်း အခွန်ဘဏ္ဍာကိစ္စရပ်နဲ့ လေကြောင်းလိုင်းထိန်းချုပ်ရေး စတာတွေကို ထူထောင်ဖွဲ့စည်းသွားဖို့ လိုအပ်ပါတယ်။

လတ်တလောမှာတော့ ဒါတွေအားလုံးကို မက်ဒရစ်က စီမံဆောင်ရွက်နေပါတယ်။ မက်ဒရစ်ဟာ ကျွန်ုပ်တို့ဆီကနေ “ခါးပြတိုက်နေတယ်” ဆိုတဲ့ ကြွေးကြော်သံဟာ ခွဲထွက်ရေးဝါဒီတွေကြားမှာ တော်တော်လေးရေပန်းစားတဲ့ ကြွေးကြော်သံဆောင်ပုဒ်တစ်ခု ဖြစ်နေပါတယ်။ ဒီဆောင်ပုဒ်က ဘယ်လိုအဓိပ္ပာယ်ဆောင်နေသလဲဆိုတော့ ချမ်းသာကြွယ်ဝတဲ့ ကက်တလိုနီးယားဒေသဟာ စပိန်နိုင်ငံရဲ့ ပြင်ပကနေ ငွေရရှိနေတာတွေထက် ပိုပြီးပေးဆပ်နေရတယ်ဆိုတဲ့ သဘောမျိုးဖြစ်ပါတယ်။ တကယ်တမ်းမှာလည်း ကက်တလိုနီးယားဟာ စပိန်ရဲ့ တခြားသောနယ်မြေဒေသတွေနဲ့ နှိုင်းယှဉ်လိုက်ရင် ချမ်းသာကြွယ်ဝမှုအရှိဆုံးဒေသတစ်ခုဖြစ်ပါတယ်။ စပိန်လူဦးရေရဲ့ ၁၆ ရာခိုင်နှုန်းလောက်သာ ကက်တလိုနီးယားမှာ ရှိနေပေမယ့် ဒီဒေသရဲ့ ဂျီဒီပီဟာ စပိန်တစ်နိုင်ငံလုံးစာ ဂျီဒီပီပမာဏရဲ့ ၁၉ ရာခိုင်နှုန်းရှိပါတယ်။ ပြီးတော့ ကက်တလိုနီးယားရဲ့ နိုင်ငံခြားတင်ပို့မှုဟာ စပိန်တစ်နိုင်ငံလုံးစာရဲ့ လေးပုံတစ်ပုံကျော်လောက်ပမာဏရှိပါတယ်။

ဒါ့အပြင် ခရီးသွားလုပ်ငန်းအားဖြင့်လည်း ကက်တလိုနီးယားဟာ ၎င်းရဲ့ စီးပွားရေးအရှိန်အဝါကို ထိန်းထားနိုင်ပါသေးတယ်။ မနှစ်ကဆိုရင် စပိန်လူဦးရေ ၇၅ သန်းမှာ ကမ္ဘာလှည့်ခရီးသည် ၁၈ သန်းဟာ ကက်တလိုနီးယားကို အဓိကဆွဲဆောင်ရာအဖြစ် ရွေးချယ်ခဲ့ကြပါတယ်။ အလည်အပတ်ခရီးစဉ် အလာရောက်ဆုံးဒေသလို့ ပြောရမှာဖြစ်ပါတယ်။ တာရာဂိုနာဟာ ဥရောပရဲ့ ဓာတုထုတ်ကုန်ပစ္စည်းတွေ အများဆုံးထွက်ရှိရာဖြစ်သလို ဘာစီလိုနာကတော့ ကုန်ပစ္စည်းတန်ချိန်ပေါင်းများစွာ တင်ပို့တဲ့ ဥရောပရဲ့ ထိပ်တန်းဆိပ်ကမ်း အခု ၂၀ အနက် တစ်ခုကို ပိုင်ဆိုင်ထားတဲ့ နေရာဖြစ်ပါတယ်။

ကက်တလိုနီးယားပြည်သူတွေဟာ အခွန်အခပေးဆောင်ရာမှာ တခြားသောနယ်မြေဒေသတွေထက် ပိုပြီးပေးဆောင်နေရတယ်ဆိုတာ မှန်ပါတယ်။ ပြီးခဲ့တဲ့နှစ်က ကက်တလိုနီးယားပြည်သူတွေဟာ အများပြည်သူဆိုင်ရာသုံးစွဲမှုအပိုင်းမှာ ကျသင့်တာထက်ပိုပြီး ယူရိုငွေ ၁၀ သန်းနီးပါးလောက် ပေးအပ်ခဲ့ရတယ်လို့ စပိန်အစိုးရရဲ့ ကိန်းဂဏန်းဖော်ပြမှုတွေအရ သိရပါတယ်။ ကက်တလိုနီးယားသာ လွတ်လပ်ရေးရရှိသွားရင် ဒီလိုပေးဆောင်နေရတာတွေကနေ ခြားနားသွားအောင် လုပ်ဆောင်နိုင်မှာလား။

> **တချို့တွေကတော့ အကယ်၍ ကက်တလိုနီးယားဟာ လွတ်လပ်ရေးရရှိမှုကနေ အခွန်အခတိုးမြှင့်မှုကို အနိုင်ရရှိခဲ့မယ်ဆိုရင်တောင်မှ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းသစ်တွေ ထူထောင်ဖန်တီးရတာနဲ့တင် အဆင်မပြေမှုတွေ ဖြစ်လာနိုင်ပြီး အဲဒီအဖွဲ့အစည်းတွေကို စီးပွားရေးအရ အချိုးကျညီမျှမှုတွေမရှိဘဲ လည်ပတ်ဆောင်ရွက်ရတော့မှာ ဖြစ်ပါတယ်**

တချို့တွေကတော့ အကယ်၍ ကက်တလိုနီးယားဟာ လွတ်လပ်ရေးရရှိမှုကနေ အခွန်အခတိုးမြှင့်မှုကို အနိုင်ရရှိခဲ့မယ်ဆိုရင်တောင်မှ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းသစ်တွေ ထူထောင်ဖန်တီးရတာနဲ့တင် အဆင်မပြေမှုတွေ ဖြစ်လာနိုင်ပြီး အဲဒီအဖွဲ့အစည်းတွေကို စီးပွားရေးအရ အချိုးကျညီမျှမှုတွေမရှိဘဲ လည်ပတ်ဆောင်ရွက်ရတော့မှာ ဖြစ်တယ်လို့ သုံးသပ်ခဲ့ပါတယ်။

ဒီလိုနည်းနဲ့ ချမ်းသာကြွယ်ဝတဲ့ ဒေသတွေကနေ ဆင်းရဲမွဲတေတဲ့ ဒေသတွေဆီကို ငွေကြေးထပ်မံပြောင်းလဲဖြန့်ဖြူးသွားဖို့ဆိုတာဟာ စဉ်းစားစရာဖြစ်လာလိမ့်မယ်လို့ တချို့က အငြင်းပွားခဲ့ကြပါတယ်။ ပိုပြီး စိုးရိမ်ရမယ့်အချက်ကတော့ ကက်တလိုနီးယားက ပြည်သူလူထုရဲ့ ကြွေးမြီကိစ္စဖြစ်ပါတယ်။ ကက်တလန်အစိုးရဟာ ကက်တလိုနီးယားဂျီဒီပီရဲ့ ၃၅ ဒသမ ၄ ရာခိုင်နှုန်းသို့မဟုတ် ၇၇ ဘီလီယံ အကြွေးရှိနေပြီး စပိန်အစိုးရကို ယူရိုငွေ ၅၂ ဘီလီယံ အကြွေးဆပ်ဖို့ ကျန်ရှိနေပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်က စပိန်အစိုးရဟာ ငွေကြေးအကျပ်အတည်းကာလအပြီးမှာ နိုင်ငံတကာဈေးကွက်တွေဆီကနေ ငွေချေးဖို့ မတတ်နိုင်တဲ့သူတွေအတွက် အထူးရန်ပုံငွေတစ်ရပ်ကို ထူထောင်ခဲ့ပါတယ်။ အဲဒီရန်ပုံငွေ အစီအစဉ်ကနေ ကက်တလိုနီးယား ဟာ အမြတ်အစွန်းတွေ အများကြီးရရှိခဲ့ပါတယ်။ ရန်ပုံငွေ စထူထောင်လိုက်တဲ့ အချိန်မှာပဲ ယူရိုငွေ ၆၇ သန်း အကျိုးအမြတ်ရရှိခဲ့တာဖြစ်ပါတယ်။

လွတ်လပ်ရေးကြိုးပမ်းမှု အထမြောက် အောင်မြင်သွားခဲ့ရင် ကက်တလိုနီးယားဟာ အဲဒီရန်ပုံငွေ အစီအစဉ်ကနေရရှိမယ့် အကျိုးအမြတ်တွေကို လက်လွှတ်ဆုံးရှုံးသွားနိုင်သလို ဘယ်လောက်အတိုင်းအတာပမာဏအထိ အကြွေးတွေကို ပြန်ဆပ်နိုင်မှာလဲဆိုတဲ့ မေးခွန်းတွေကလည်း ထွက်ပေါ်လာနိုင်ဦးမှာဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ညှိနှိုင်းဆွေးနွေးမှုမှန်သမျှကို အရိပ်ထိုးနေမှာ သေချာပါတယ်။

ပြီးတော့ ဒေသအစိုးရရဲ့ကြီးမားတဲ့ ငွေကြေးပမာဏကို အကြွေးပေးဆပ်ဖို့ရှိနေချိန်မှာ မက်ဒရစ်ဟာ စပိန်ရဲ့ တစ်ပြည်လုံးစာကြွေးမြီပမာဏကို ဘာစီလိုနာကို လက်ဆင့်ကမ်းမျှဝေထမ်းဆောင်ဖို့ မျှော်လင့်ပါ့မလားဆိုတဲ့ သို့လောသို့လော မေးခွန်းတွေအတွက်လည်း ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ လွတ်လပ်ရေးကိုထောက်ခံတဲ့ တချို့အုပ်စုတွေကတော့ ကက်တလိုနီးယားဟာ နော်ဝေလိုပုံစံမျိုး ဆက်သွားသင့်တယ်လို့ ထင်မြင်ယူဆနေကြပါတယ်။ သီးသန့်ဈေးကွက်အဖွဲ့ဝင်တွေကလည်း ဥရောပသမဂ္ဂနဲ့ ပူးပေါင်းခြင်းမရှိပါဘူး။

ကက်တလိုနီးယား ပြည်သူတွေအနေနဲ့ ဒေသတွင်းမှာရှိတဲ့ နယ်စပ်ဒေသတစ်လျှောက်မှာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံသားတွေရဲ့ လွတ်လပ်စွာလှုပ်ရှားမှုကို ဆက်ပြီးလက်ခံသွားဖို့နဲ့ ဝန်ဆောင်မှုတွေအတွက် ကျသင့်တဲ့ အခွန်အခတွေကို ကျေကျေနပ်နပ်နဲ့ ပေးဆောင်သွားနိုင်ဖို့ပဲ မျှော်လင့်ရလိမ့်မယ်လို့ လွတ်လပ်ရေးကိုထောက်ခံသူ အချို့က သုံးသပ်ခဲ့ပါတယ်။

**(ဘီဘီစီ၊ ဆင်ဟွာ)**

# အမြင်အာရုံကောင်းစေဖို့ အရွယ်မရွေး မျက်စိစမ်းသပ်လို့ ကာကွယ်ကုသကြပါစို့

ဒေါက်တာ ကိုဦး (လင်းသစ္စာ)

**နိုင်ငံတော်အစိုးရအနေဖြင့် မျက်မမြင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် မျက်စိကုဌာနများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ မျက်စိအထူးကုဆရာဝန်၊ ဆရာမများ ထပ်မံလေ့ကျင့်မွေးထုတ်ပေးခြင်း၊ မျက်မှန်ကျွမ်းကျင် သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ လိုအပ်သော ခွဲစိတ်ကုသပစ္စည်းကိရိယာများ၊ ဆေးဝါးများကို ဝယ်ယူထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိ**

လူ့ဘဝတစ်သက်တာတွင် ကျန်းမာခြင်းသည် အရာအားလုံးထက် အရေးကြီးလှပါသည်။ မြတ်ဗုဒ္ဓကပင် ကျန်းမာခြင်း၏ အဓိကကျပုံကို ဖော်ပြလို၍ "အာရောဂျပရမံလာဘံ" ဟု ဟောတော်မူခဲ့ပါသည်။ ကျန်းမာခြင်းသည် ကောင်းသောလာဘ်တစ်ပါးဖြစ်ပြီး ကျန်းမာခြင်းနှင့်သာ ပြည့်စုံနေပါလျှင် အရာရာပြည့်စုံလာမည်ဟု ဆိုလိုခြင်းဖြစ်ပေသည်။

လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်ကာလတွင် ကမ္ဘာ့လူသားများစွာတို့မှာ သဘာဝဘေးအန္တရာယ်များကို မကာကွယ်နိုင်ခြင်း၊ အစားရေစာ ရှားပါးချို့တဲ့ခြင်း၊ ဖြစ်ပေါ်လာသော ရောဂါဝေဒနာများကို နိုင်နင်းစွာ မကုသနိုင်ခြင်း၊ ဖွားသေနှုန်းမြင့်မားခြင်း၊ စစ်ပွဲများ မကြာခဏဖြစ်ခြင်းတို့ကြောင့် လူ့ဘဝ၌သက်တမ်းရှည်စွာ နေခွင့်မရကြပေ။ နောက်ပိုင်းကာလများတွင်လည်း မသန့်ရှင်းသော နေထိုင်စားသောက်မှုစရိုက်များကြောင့် ကူးစက်ရောဂါဝေဒနာများ ခံစားကြရပြီး အသက်ဆုံးရှုံးကြရပါသည်။ အသက်မသေ ကျန်ခဲ့သူများမှာလည်း နာတာရှည်ဝေဒနာများ ခံစားရပြီး အသက်တိုကာ ဘဝအဆုံးသတ်သွားကြရပေသည်။

ယခု(၂၁)ရာစုတွင် ကျန်းမာရေးနှင့် ပတ်သက်သော တိုးတက်ပြောင်းလဲမှုများစွာ ဖြစ်ထွန်းခဲ့ပေပြီ။ အစွမ်းထက်သော ရောဂါကာကွယ်ဆေးများ၊ ထိရောက်သော ရောဂါကုသဆေးများ၊ တိကျမြန်ဆန်သော ရောဂါရှာဖွေမှုများ၊ အားထားရသော သုတေသနလုပ်ငန်းများကြောင့် သေဆုံးမှုများစွာ ကျဆင်းခဲ့ပေသည်။ သို့သော် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် တိုးတက်လာသော လူနေမှုစရိုက်ကြောင့် သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါ၊ ကင်ဆာရောဂါများ စသည့်မကူးစက်နိုင်သော ရောဂါများ တိုးတက်များပြားလာသကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်မူ ကူးစက်နိုင်သော ရောဂါများကြောင့် လည်းကောင်း၊ အာဟာရချို့တဲ့မှုကြောင့်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်နှင့် ဆက်နွှယ်နေသည့် ရောဂါတို့ကြောင့် လည်းကောင်း အသက်ဆုံးရှုံးမှုများ၊ စိတ်ပိုင်းဆိုင်ရာဆုံးရှုံးမှုများစွာ တွေ့ကြုံခံစားနေကြရပေသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (World Health Organization)က အနာရောဂါကင်းရှင်းပြီး ကိုယ်အင်္ဂါသန်စွမ်းမှုရှိရုံမျှသာမက ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခများပါပြီး ပြည့်စုံခြင်းရှိမှသာ ပြီးပြည့်စုံသော ကျန်းမာခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုထားပေသည်။

လူသားတစ်ယောက်အတွက် အဓိကလိုအပ်သောအရာမှာ မျက်စိ(စက္ခု)အလင်းပင်ဖြစ်သည်။ "မျက်စိအဆုံး နားအရှုံး" ဟူသော မြန်မာဆိုရိုးစကားလည်း ရှိပေသည်။ မျက်စိအမြင် ပျောက်ဆုံးခဲ့ပါက ထိုသူ၏ စိတ်ဓာတ်ခွန်အား ပျောက်ဆုံးတတ်သည့်အပြင် ဘဝကိုပါ လက်မြှောက်အရှုံးပေးကြသူများ အများအပြားရှိပေသည်။

မျက်စိကျန်းမာရေးစောင့်ရှောက်မှုအား ပြည်သူတစ်ရပ်လုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန်အလို့ငှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ၂၀၀၀ ပြည့်နှစ်မှ စတင်ကာ နှစ်စဉ်အောက်တိုဘာလ၏ ဒုတိယပတ် ကြာသပတေးနေ့ကို "ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့" (World Sight Day) အဖြစ် စဉ်ဆက်မပြတ်အထိမ်းအမှတ် အခမ်းအနားများဖြင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံများအားလုံး၌ တက်ကြွစွာ၊ ကျင်းပလှုံ့ဆော်ဆောင်ရွက်လျက်ရှိပေသည်။ ယခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ (World Sight Day)၏ ဆောင်ပုဒ်မှာ Universal Eye Health; Make Vision Count "အမြင်အာရုံကောင်းမွန်စေဖို့ အရွယ်မရွေး မျက်စိစမ်းသပ်လို့ ကာကွယ်ကုသကြပါစို့" ဖြစ်ပါသည်။ အဓိပ္ပာယ်အားဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) ၏ ခန့်မှန်းချက်များအရ ကမ္ဘာပေါ်တွင် အမြင်အာရုံ ချို့တဲ့သူပေါင်း ၂၄၆ သန်းနှင့် မျက်စိအမြင်ကွယ်နေသူပေါင်း ၃၉ သန်းခန့်ရှိကြောင်း၊ ယင်းတို့၏ ၆၅ ရာခိုင်နှုန်းသည် အသက် ၅၀ နှင့် အထက်တွင် ဖြစ်ပွားကြောင်း လေ့လာတွေ့ရှိရပေသည်။ အမြင်အာရုံချို့တဲ့သူများ၏ ၉၀ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲ နိုင်ငံများမှ ဖြစ်ကြပြီး ၈၀ ရာခိုင်နှုန်းသည် ကာကွယ်၍ ရနိုင်သော (Preventable) ကုသ၍ ရနိုင်သော (Treatable) မျက်စိရောဂါများ၊ ကလေးမျက်စိကွယ်၊ အမြင်ချို့တဲ့သော (Childhood Blindness) ရောဂါများလည်း ပါဝင်ပေသည်။ တစ်နည်းအားဖြင့် ကူးစက်နိုင်သော မျက်စိရောဂါများ (Infecious Causes of Blindness) သည် အဓိကပြဿနာ တစ်ရပ်ဖြစ်သကဲ့သို့ မကူးစက်နိုင်သော်လည်း မြင်အားချို့တဲ့မှုကို ဖြစ်စေသော (Noninfecious Causes of Blindness)များလည်း ရှိပေသည်။

မြန်မာနိုင်ငံတွင် ၁၉၆၄ ခုနှစ် ဝန်းကျင်ခန့်က ကူးစက်မြန်မျက်မြေးရောင် (မျက်ခမ်းစပ်ရောဂါ)သည် နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနနှင့် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ Elemination Criteria For Trachoma များဖြစ်သော ကူးစက်မြန်မျက်ခမ်းစပ်ဖြစ်ပွားမှုနှုန်း (တစ်နှစ်မှ ကိုးနှစ်အရွယ်ကလေးများ) အား ငါးရာခိုင်နှုန်းအောက်ကျဆင်းရေးနှင့် မျက်တောင်စိုက်၊ မျက်မွေးစူးရောဂါ ဖြစ်ပွားမှုနှုန်းကို ၀ ဒသမ ၁ ရာခိုင်နှုန်းအောက်သို့ လျော့ကျစေရေးတို့မှာ ယခုအခါ ပြည့်မီနေပြီး ကင်းစင်ပပျောက်ကြောင်း ကြေညာနိုင်ရေးအတွက် စီမံ၊ စောင့်ကြည့်ကာလသို့ရောက်ရှိလာသည်ကို ဝမ်းသာအားရစရာ တစ်ခုပင် ဖြစ်သည်။

ယခုအခါ ကူးစက်မျက်ခမ်းစပ်မှာ သိသာစွာ ကျဆင်းသွားသော်လည်း တိုးတက်လာသော လူနေမှုစရိုက်၊ ရာသီဥတု၊ ပတ်ဝန်းကျင်၊ အစားအသောက် ပြောင်းလဲမှုတို့ကြောင့် ဆီးချို၊ သွေးတိုးစသော ရောဂါများ ဖြစ်ပွားမှုနှုန်း များလာသည်နှင့် အမျှ နောက်ဆက်တွဲမျက်စိရောဂါများဖြစ်သည့် အတွင်းတိမ်၊ ရေတိမ်၊ မြင်လွှာတွင် သွေးကြောပိတ်ခြင်း၊ သွေးယိုစီးခြင်း၊ မြင်လွှာကွာခြင်း စသည်တို့လည်း တစ်ဆက်တည်းဖြစ် ပေါ်လာနိုင်သဖြင့် ရောဂါရှင်လူနာများအနေဖြင့် ကျွမ်းကျင်သည့် မျက်စိအထူးကု ဆရာဝန်ကြီးနှင့် ပြသကာ ဆွေးနွေးတိုင်ပင်ပြီး ကြိုတင်ကာကွယ်ကုသသင့်ပေသည်။

မြန်မာနိုင်ငံတွင်လည်း ကာကွယ်ကုသ၍ ရရှိနိုင်သော မျက်စိရောဂါများအနက် အဓိကမျက်စိမမြင်ခြင်းကို ဖြစ်ပေါ်စေနိုင်သော ရောဂါများမှာ-

- အတွင်းတိမ်မျက်စိရောဂါ (Cataract)
- ရေတိမ်မျက်စိရောဂါ (Glaucoma)
- မျက်မှန်လိုအပ်ခြင်း (Refractive Error)
- ထိခိုက်ဒဏ်ရာကြောင့် နောက်ဆက်တွဲဖြစ်သော မျက်စိရောဂါ (Traumatic Eye Disease)
- ဆီးချို သွေးတိုးကြောင့် ဖြစ်ပေါ်သော နောက်ဆက်တွဲ မျက်စိရောဂါပြဿနာများ (Diabetic and Hypertensive Retinopathy)
- ကလေးမျက်စိကွယ်၊ အမြင်ချို့တဲ့သော မျက်စိရောဂါများ (Childhood Blindness)

စသည်တို့ဖြစ်ကြပြီး ယင်းရောဂါများကြောင့် မျက်စိကွယ်၊ မျက်မမြင်ဘဝသို့ မရောက်ရှိစေရန် ရည်ရွယ်ကာ Avo-idable Blindness ကို ထိရောက်စွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် ၁၉၉၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် (Vision 20/20) The Right to Sight အစီအစဉ်ကို ချမှတ်ဆောင်ရွက်ခဲ့သကဲ့သို့ ၂၀၂၀ ပြည့်နှစ်တွင် ကာကွယ်ကုသ၍ ရနိုင်သော မျက်မမြင်ကာကွယ်ခြင်းများကို ကင်းစင်ပပျောက်အောင် ဆောင်ရွက်နိုင်စေရန် အလို့ငှာ (Elimination of Avoidable Blindness By the Year 2020) အား ချမှတ်အကောင်အထည်ဖော်ခဲ့ပါသည်။ ယင်းအစီအစဉ်၏ အဓိကရည်မှန်းချက်သည်-

၂၀၂၀ ပြည့်နှစ်မှာ ကာကွယ်ကုသ၍ရသော မျက်စိကွယ်ခြင်းများ ကင်းစင်ပပျောက်စေရန်အတွက် မျက်စိကွယ်နှုန်း (Blindness Rate) ကို ၀ ဒသမ ၅ ရာခိုင်နှုန်းကို လျှော့ချရန်။

- ၂၀၂၀ ပြည့်နှစ်တွင် ပဏာမမျက်စိကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ တစ်နိုင်ငံလုံး လွှမ်းခြုံမိစေရန်။

- မျက်စိအတွင်းတိမ် ကုသရာတွင် မျက်တွင်းမှန် (I.O.L) ထည့်သည့်နှုန်း အနည်းဆုံး ၉၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ဆောင်ရွက်ရန်တို့ ဖြစ်သည်။

- စက်မှုလက်မှု၊ အဆောက်အအုံ၊ ဓာတ်သတ္တုရှာဖွေရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ ယခင်ကထက် ပိုမိုကြိုးပမ်းဆောင်ရွက်သည့် အချိန်လည်း ဖြစ်ပေရာ ယင်းတို့ကြောင့် ဖြစ်ပေါ်လာတတ်သော လုပ်ငန်းခွင် မျက်စိကျန်းမာရေးများ၊ ဓာတုဗေဒပစ္စည်းများ(ဥပမာ-အက်စစ်၊ ထုံး)ကြောင့် လည်းကောင်း၊ အစားအစာနှင့် ဆေးဝါးများကြောင့်လည်း မျက်စိအမြင်ကို တစ်နည်းနည်းဖြင့် ထိခိုက်ဆုံးရှုံးစေနိုင်ပါသည်။ သို့ဖြစ်ပါ၍ သဘာဝမွေးရာပါ မျက်လုံးနှစ်ဖက်အား တစ်ဖက်စီကို မိမိကိုယ်တိုင်မြင်အားစမ်းသပ်စေခြင်း၊ တတ်သိကျွမ်းကျင်သူများနှင့် ဆွေးနွေးတိုင်ပင်ကုသခြင်းများကို အချိန်မဆိုင်း လုပ်ဆောင်ကြရမှာဖြစ်ပါသည်။

အခြားတစ်ဖက်တွင်လည်း ကလေးများတွင် ဖြစ်တတ်သော ကလေးသူငယ်မျက်စိကွယ်ရောဂါများကို မိဘများသာမက ကျောင်းဆရာ ဆရာမများ၊ ပတ်ဝန်းကျင်လူမှုအသိုင်းအဝိုင်းများကပါ မိမိတို့ကလေးများ၏ မျက်စိနှင့်ပတ်သက်သော မည်သည့်ရောဂါ၊ မည်သည့်အချိန်မျိုးတွင် မည်သို့ဖြစ်လာနိုင်သည်၊ မည်သည့်လက္ခဏာများက အရေးကြီးသည်ကို သိထားရန် လိုအပ်ပေသည်။ သို့မှသာ "ချိန်မီချုပ် အစုတ်သက်သာ" ဆိုသည့် စကားကဲ့သို့ ငယ်ရွယ်စဉ်ကပင် လျင်မြန်စွာကုသနိုင်ပါက အမြင်အာရုံဆုံးရှုံးခြင်းမှ ကာကွယ်ရာရောက်ပေမည်။

ကလေးသူငယ်များတွင် မျက်စိအမြင် ချို့တဲ့ခြင်းနှင့် မျက်စိကွယ်ခြင်းကိုအကြောင်းအမျိုးမျိုးတို့ကြောင့် ဖြစ်ပေါ်စေနိုင်သော်လည်း အဓိကအားဖြင့်-

၁။ မျက်မှန်ပါဝါလိုအပ်ခြင်း
၂။ ဗီတာမင်အေဓာတ်ချို့တဲ့ခြင်း
၃။ ပြင်းထန်စွာ မျက်စိနာခြင်း
(က) မွေးကင်းစအရွယ်တွင် မျက်စိပြင်း ထန်စွာနာခြင်း
(ခ) ကလေးအရွယ်တွင် မျက်စိပြင်းထန်စွာနာခြင်း
(ဂ) မျက်ခမ်းစပ်ရောဂါပိုးနှင့် အခြားရောဂါပိုးများကြောင့် မျက်စိနာခြင်း
(ဃ) ထိခိုက်ဒဏ်ရာများကြောင့် ဖြစ်ပွားခြင်း
(င) အပူလောင်ခြင်း၊ ဓာတုဗေဒပစ္စည်းများ (ငရဲမီး၊ ထုံးရည်၊ အက်စစ် ) ရေပူ၊ ရေအေး၊ ရေနွေးငွေ့
(စ) ကော်တီဆုံးပါသော မျက်စဉ်းဆေးများကို လွဲမှားစွာ သုံးခြင်း
(ဆ) ဆေးမြီးတို မျက်စဉ်းများကို လွယ်ကူစွာ သုံးစွဲတတ်ခြင်းတို့ကြောင့်ဖြစ်သည်။
၄။ ကလေးမျက်စိအတွင်းတိမ် (Cataract)
(က) မွေးရာပါအတွင်းတိမ် (Congenital Cataract)
(ခ) မွေးဖွားပြီးနောက် ဖြစ်တတ်သော အတွင်းတိမ် (Acquired Cataract)
၅။ မွေးရာပါ ရေတိမ်ရောဂါ (Congenital Glaucoma)
၆။ မျက်ခွံကျခြင်း (Congenital Ptosis)
၇။ မျက်စိစွေစောင်းခြင်း (Congenital Squit)
၈။ ကလေးမျက်စိကင်ဆာရောဂါ (Retinoblastoma)
၉။ အခြားမွေးရာပါမျက်စိရောဂါများ
(က) မွေးရာပါမျက်လုံးအိမ်သေးခြင်း (Abnormal small eye ball)
(ခ) အာရုံခံလွှာ မဖွံ့ဖြိုးခြင်း (Retianl Dystrophy)
(ဂ) အာရုံကြောမဖွံ့ဖြိုးခြင်း (Optic Nerve Atrophy)

စသည့်များစွာသော မျက်စိပြဿနာများရှိသည့်အနက် မျက်မှန်လိုအပ်ခြင်းကြောင့် ဖြစ်ပေါ်တတ်သော မျက်မမြင်နှုန်းသည် အများဆုံးတွေ့မြင်ကြရပြီး၊ လိုအပ်သော မျက်မှန်ပါဝါအား သေချာစွာ စစ်ဆေးတပ်ဆင်ပေးလိုက်ပါက ပုံမှန်အမြင်ကို ရရှိနိုင်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အမျိုးသားအမြင်သန်စွမ်းရေး (National Vision 2020) မျှော်မှန်းချက်အစီအစဉ်ကို ၂၀၀၀ ပြည့်နှစ် အောက်တိုဘာလ ၁၀ ရက်နေ့မှ စတင်ချမှတ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ်အရောက်တွင် ကာကွယ်ကုသ၍ ရသော မျက်စိရောဂါများ၏ ၂၅ ရာခိုင်နှုန်းကို လျှော့ချနိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိရာ မျက်ခမ်းစပ်နှင့် "မျက်မမြင်ကာကွယ်ရေးစီမံကိန်း" သည် အဓိကကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း တွေ့မြင်ရပေသည်။

ယခုလက်ရှိမြန်မာနိုင်ငံတွင် မျက်စိအထူးကုဆရာဝန်ပေါင်း ၃၃၀ ဦးခန့်ရှိနေပြီး လူဦးရေတစ်သိန်းခွဲတွင် မျက်စိဆရာဝန်တစ်ဦးနှုန်းဖြင့် စောင့်ရှောက်မှုပေးနိုင်မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာနကလည်း မျက်စိစမ်းသပ်မှုနှင့် ခွဲစိတ်ရာတွင် လိုအပ်သော ခေတ်မီကိရိယာများ၊ ဆေးဝါးများ၊ အတတ်ပညာပိုမိုတိုးတက်စေရန်အတွက် ပြည်တွင်း ပြည်ပသင်တန်းများ၊ နှီးနှောဖလှယ်ပွဲများ စဉ်ဆက်မပြတ် အားပေးဆောင်ရွက်ပေးသည်မှာ ဝမ်းသာစရာပင်ဖြစ်သည်။ WHO ၏ ရည်မှန်းချက်ဖြစ်သော အတွင်းတိမ်ခွဲစိတ်မှုနှုန်း Cataract Surgical Rate (C.S.R) မှာ လူဦးရေတစ်သန်းလျှင် ၃၀၀၀ သတ်မှတ်ထားရာ လက်ရှိမြန်မာနိုင်ငံတွင် C.S.R အတွင်းတိမ် ခွဲစိတ်မှုနှုန်းမှာ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၂၀၃၈ အထိ တိုးတက်လာသည်မှာ ကျေနပ်စရာပင်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် မျက်မမြင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် မျက်စိကုဌာနများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ မျက်စိအထူးကုဆရာဝန်၊ ဆရာမများ ထပ်မံလေ့ကျင့်မွေးထုတ်ပေးခြင်း၊ မျက်မှန်ကျွမ်းကျင် သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ လိုအပ်သော ခွဲစိတ်ကုသပစ္စည်းကိရိယာများ၊ ဆေးဝါးများကို ဝယ်ယူထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသာမက နိုင်ငံခြားတိုင်းပြည်များမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းမှ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်အလှူရှင်များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများဖြင့် မျက်မမြင် ကာကွယ်ရေးအတွက် တောနှင့် မြို့ပါမကျန် တန်းတူအခွင့်အရေး ရရှိစေရန်အတွက် အားထုတ်ဆောင်ရွက်နေချိန်လည်း ဖြစ်ပေသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ World Sight Day ကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် လှုံ့ဆော်စည်းရုံးကျင်းပကြသကဲ့သို့ မြန်မာနိုင်ငံတစ်ဝန်းတွင်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနအောက်ရှိ မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာနများရှိရာ မြို့များတွင်လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ဆေးရုံများ၊ ခရိုင်အဆင့် ဆေးရုံကြီးများရှိ မျက်စိကုဌာနများရှိရာ မြို့များတွင်လည်းကောင်း၊ တစ်ပြိုင်တည်းလှုံ့ဆော်ခြင်း၊ ပညာပေးခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းတို့ကို ပြုလုပ်ကြမည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရပါမူ ဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုဗဟိုပြုကျန်းမာရေးစောင့်ရှောက်မှုများကို အလေးထားကြိုးပမ်းဆောင်ရွက်နေချိန်လည်းဖြစ်သောကြောင့် အမြင်အာရုံမချို့တဲ့စေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်အတူ အခြားနီးနွှယ်ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာဦးစီးဌာနများ၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရများ၊ ပြည်သူလူထုအခြေပြု လူမှုရေးအသင်းအဖွဲ့များ၊ အစိုးရမဟုတ်သော နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများအားလုံးကလည်း တစ်ဦးချင်း၊ တစ်ယောက်ချင်းမှသည် အများပူးပေါင်းပါဝင်ကာ တက်ညီလက်ညီ ဆောင်ရွက်ခြင်းဖြင့် ယခုနှစ်ဆောင်ပုဒ်ဖြစ်သည့် Universal Eye Health; Make Vision Count "အမြင်အာရုံကောင်းစေဖို့အရွယ်မရွေးစမ်းသပ်လို့ ကာကွယ်ကုသကြပါစို့" အား ဖြည့်ဆောင်ရွက်ရာလည်းရောက်ပေမည်။ သို့မှသာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ရည်မှန်းချက်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ်တွင် ကာကွယ်ကုသ၍ရသော မျက်စိရောဂါများ လျော့နည်းပပျောက်စေရန် တွန်းအားအနေဖြင့် ယခင့်ယခင်ထက် ပိုမိုလက်တွဲကြိုးပမ်းသင့်ပါကြောင်း နှိုးဆော်တိုက်တွန်းရေးသားလိုက်ရပေသည်။

# ဖိလစ်ပိုင်နိုင်ငံတွင်ပြုလုပ်မည့် Miss Earth 2017 ပြိုင်ပွဲအတွက် အလှမယ်တင်စန္ဒာမျိုးအား စေလွှတ်

**ရန်ကုန် အောက်တိုဘာ ၆**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တိုးမြှင့်လုပ်ဆောင်လာစေရေး တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် လူသားများအားလုံးပါဝင်လာစေရန် ရည်ရွယ်ချက်နှင့် ရွေးချယ်ကျင်းပပြုလုပ်ခဲ့သည့် မယ်မြေကမ္ဘာမြန်မာအလှမယ်ရွေးချယ်ပွဲ Miss Earth 2018 ပြိုင်ပွဲကျင်းပရန်နှင့် အောက်တိုဘာ ၇ ရက်တွင် ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်ကာ Miss Earth 2017 ပြိုင်ပွဲကိုမြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် သွားရောက်ယှဉ်ပြိုင်မည့် Miss Earth Myanmar 2017 တင်စန္ဒာမျိုးအား ရွေးချယ်ခဲ့ကြောင်း သိရသည်။



ယင်းအပြင် Miss Earth Myanmar Organization အနေဖြင့် ထပ်မံ ကျင်းပမည့် Miss Earth Myanmar 2018 ပြိုင်ပွဲကြီးအတွက် City Director များကိုလည်း ဖိတ်ခေါ်သွားမည်ဖြစ်ပြီး Miss Earth Myanmar 2018 အတွက် မြို့နယ်အလိုက် (Miss Earth Myanmar 2018 ) City Director ခန့်အပ်ခြင်းနှင့် မြို့နယ်ဒေသအလိုက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းလိုသောအလှမယ်များ ပါဝင်လာစေရန် (City Miss 2018 )အလှမယ်များ ရွေးချယ်ကျင်းပသွားရန် စီစဉ်ထားကြောင်းလည်း သိရသည် ။

မြို့နယ်အလိုက်ရွေးချယ်ထားသော Miss Earth Myanmar (city 2018) ဆုရှင်များ ရွေးချယ်ပြီးပါကရွေးချယ်ခံထားရသောCity Miss များအနေဖြင့် Miss Earth Myanmar 2018 Grand Final ပြိုင်ပွဲကြီးကို ထပ်မံယှဉ်ပြိုင်သွားရမည်ဖြစ်ပြီး Miss Earth Myanmar 2018 Winner ဆုရှင်ကို ရွေးချယ်သွားမည်ဖြစ်ကြောင်း ရွေးချယ်ခံရသည့်Miss အနေဖြင့် နိုင်ငံပေါင်း ၉၀ ကျော် ယှဉ်ပြိုင်ကြမည့် Miss Earth နိုင်ငံတကာပြိုင်ပွဲကြီးသို့ စေလွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

# စံလင်း၏ သစ်ခက်တံတား

**ရန်ကုန် အောက်တိုဘာ ၆**

အချစ်သီချင်းများကို အေးငြိမ်းစွာသီဆိုပြီး ဂီတချစ်သူများအား သိမ်းပိုက်ထားခဲ့ဖူးသူ ဂီတသက်တမ်း ၂၈နှစ်တိုင်ရှိပြီးဖြစ်သည့် အဆိုတော်စံလင်းက သူ၏ ၁၀ခွေမြောက် သစ်ခက်တံတား တေးစီးရီးကို ယခုလအတွင်းထုတ်လုပ်ဖြန့်ချိသွားရန်ရှိသည်။

“ပထမထွက်တဲ့အခွေတွေနဲ့ နှိုင်းယှဉ်မယ်ဆိုရင် ကွာခြားမှုမရှိဘူးလို့ပဲ ပြောရမယ်ဗျ။ ကျွန်တော်က အားလုံးသိတဲ့အတိုင်း ဆိုနေကျပုံစံပဲဆိုမှာ။ ၂၀၁၆ တုန်းကလည်း ညဥ့်သုံးယံ ထွက်ထားတယ်။ အားလုံး ကိုယ်တိုင်ခံစားပြီး ရေးထားတဲ့ သီချင်းတွေပါ။ အသစ်လေးတွေပဲ ကျွန်တော့်စိတ်ကြိုက် ရွေးချယ်ဖန်တီးထားတာ။ ဒီအခွေ သစ်ခက်တံတားကတော့ တေးရေး ချစ်ဇော်ရေးပါတယ်။ အဓိပ္ပာယ်လေးလည်းရှိလို့ စီးရီးနာမည်လေးပေးဖြစ်တယ်။ ပရိသတ်က ကြိုက်တယ်၊ မကြိုက်ဘူး ဆိုတာ ဆုံးဖြတ်ပေးရမှာပါ။ ကျွန်တော်ကတော့ အကောင်းဆုံးဖန်တီးထားပါတယ်”ဟု စံလင်းက ဆိုသည်။

အဆိုပါ တေးစီးရီးတွင် တေးသီချင်း ၁၀ ပုဒ်ပါဝင်ပြီး သီချင်းအမျိုးအစားများမှာ ဂျက်စ်၊ ပေ့ါပ်နှင့် ဂီတာတစ်လက်ထဲတီးကာ သီဆိုသည့် တေးသီချင်းများ ပါဝင်သည်။ သူမေ့သည်ဖြစ်စေ မမေ့သည်ဖြစ်စေ၊ သတိရပေးပါ၊ နည်းနည်းတော့ ခါးတယ်၊ ဆောင်းပန်းချီ၊ လွတ်လပ်သူများ၊ သစ်ခက်တံတား၊ အကြီးအကဲများကို ရိုသေကြ၊ ဆန်ပြုတ်သောက်၍ အသက်ရှင်၊ လိပ်ပြာလုန့်သူ၊ ကြယ်ညီလာခံ၊ ပုံရိပ်စသည့် သီချင်းနာမည်များမှာ တေးသံရှင်ကိုယ်တိုင် ခံစားမှု၊ ဖန်တီးမှုများကြောင့် အသက်ဝင်လွန်းသည်ဟု စံလင်းက ညွှန်းဆိုထားသည်။



**ကိုလင်း**

# အနုပညာအလုပ်နှင့် အိမ်ထောင့်တာဝန်များကို မျှတစွာလုပ်ကိုင်မည့် နန်းမြတ်ဖြိုးသင်း

**ရန်ကုန် အောက်တိုဘာ ၆**

ဆရာဝန်တစ်ဦးလည်းဖြစ်၊ အနုပညာရှင်လည်းဖြစ်သည့် သရုပ်ဆောင်အဆိုတော် နန်းမြတ်ဖြိုးသင်းက မကြာမီကတင် ချစ်သူရှိကြောင်းကြေညာခဲ့ပြီး နိုဝင်ဘာ ၂၆ ရက်တွင် မင်္ဂလာပွဲကျင်းပမည်ဟု ထပ်မံပြောကြားလိုက်သည်။

“သူနဲ့လက်တွဲတာ သုံးနှစ်ရှိပါပြီ။ မင်္ဂလာဆောင်မယ်ဆိုပြီး အခုမှ သတင်းထွက်ရတာကလည်း ကိုယ်ကအနုပညာသမားဆိုတော့ အနေအထိုင်၊ အပြောအဆို၊ အသွားအလာကို အတတ်နိုင်ဆုံး ထိန်းသိမ်းပါတယ်။ အစစအရာရာ ချင့်ချိန်ပြီးနေထိုင်ရတာပါ။ ကိုယ်ချစ်တဲ့ ပရိသတ်ကြီး အထင်လွဲမှာကိုလည်း ကြောက်တယ်။ ပြီးတော့ မိသားစုဝင်တွေကလည်း အနေအေးကြသူတွေမို့ ဘာသံမှ မကြားချင်ကြဘူး။ ဒါကြောင့် ချစ်သူအကြောင်းကို ပရိသတ်ကြီးကို စောစောစီးစီး မပြောပြမိခဲ့ဘူး”ဟု နန်းမြတ်ဖြိုးသင်းက ဆိုသည်။

လူကြီးဆန်ပြီး အသက်လေးနှစ် ကြီးသောကြောင့် ကိုယ့်ကို အလျှော့ပေးလက်တွဲတတ်သည့် ချစ်သူမျိုးဖြစ်ကြောင်း၊ မိဘဆွေမျိုးများ အပြန်အလှန် လေ့လာကြပြီး သဘောတူ လက်ခံထားပြီးလည်းဖြစ်ကြောင်း သူက ပြောသည်။



နိုဝင်ဘာ ၂၆ ရက်တွင် ဆီဒိုးနားဟိုတယ်၌ လက်မှတ်ရေးထိုးခြင်း၊ စုလျားရစ်ပတ်ခြင်းနှင့် ညစာစားပွဲကျင်းပခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ပြီး အနုပညာလုပ်ငန်းများကိုလည်း အိမ်ထောင့်တာဝန်များအကြားမှပင် မျှတစွာ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သောကြောင့် ပရိသတ်ကြီး ဆက်လက်အားပေးပါဟု နန်းမြတ်ဖြိုးသင်းက မေတ္တာရပ်ခံထားသည်။

**ကိုလင်း**



# တေးရေးအသစ်၊ သီချင်းအသစ်များဖြင့် ချမ်းချမ်း၏ တေးသီချင်းများ နားဆင်ရတော့မည်

**ရန်ကုန် အောက်တိုဘာ ၆**

ဂီတလောကသို့ သံစဉ်များနှင့်ကမ္ဘာ တေးသီချင်းသီဆိုပွဲမှတစ်ဆင့် စတင်ဝင်ရောက်လာခဲ့ပြီး တကယ်ဆိုရင် အချစ်ပဲလိုတယ် သီချင်းဖြင့် ပရိသတ်အားပေးမှုရရှိခဲ့သည့် အဆိုတော် ချမ်းချမ်းက နောက်ဆုံးထွက်ရှိမည့် သို့ဟု အမည်ပေးထားသည့် တေးစီးရီးကို အောက်တိုဘာလလယ်တွင် ဖြန့်ချိသွားရန်ရှိကြောင်း သိရသည်။

**သို့လို့ပေးဖြစ်တာက**

အိပ်မက်စီးရီးထွက်ပြီးကတည်းက ပရိသတ်နဲ့ ဝေးကွာသွားသလို ခံစားရတယ်။ အခုသီချင်းတွေကို ပြန်သီဆိုမယ်။ ပရိသတ်ကြီးဆီ သို့ဆိုတဲ့ အဓိပ္ပာယ်နဲ့ အရောက်ပို့မယ်ဆိုတဲ့ခံစားချက်နဲ့ သို့လို့ အမည်ပေးခဲ့တာပါ။ ကိုယ်ချစ်တဲ့သူတွေဆီကို သတိရကြောင်း စာပို့တဲ့ပုံစံလေးပါ။ တေးရေးတွေက အသစ်တွေပဲ သုံးထားတယ်။ အောင်ခြိမ့်၊ ဒီလေး၊ ဆရာမီရာမိုရ်၊ အထွေးတို့ ရေးစပ်ပေးထားပါတယ်။ စုစုပေါင်း သီချင်းသစ် ၁၃ ပုဒ် ပါမှာပါ။

**တေးရေးအသစ်တွေကို အများဆုံးသုံးရခြင်းက**

အမှန်အတိုင်းပြောရရင် နာမည်ကြီးတဲ့ တေးရေးဆရာတွေက ကောင်းပါတယ်။ ဒါပေမယ့် သူတို့တွေအတွက် အချိန်က အလွန်ရှားတယ်။ ကိုယ့်အတွက် အချိန်အများကြီးမပေးနိုင်ဘူး။ ကိုယ်လိုချင်တဲ့ ပုံစံထပ်တူမကျတာမျိုး ဖြစ်နိုင်တယ်။ ဘာလို့လဲဆိုတော့ အချစ်သိပ်ဆန်တဲ့ ပုံစံမျိုး၊ နူးညံ့တာတွေကို ကြိုက်တဲ့ပုံစံမျိုး အခုခေတ်ရေစီးမှာ သိပ်လက်မခံချင်ကြဘူး။ တိုက်ရိုက်ဆန်တဲ့ ပုံစံမျိုးတွေရှိလာလို့ အဲလိုလေးပြောင်းလုပ်ချင်တာကြောင့်ပါ။ နောက်ပြီး မိဘမေတ္တာနဲ့ပတ်သက်တဲ့ သီချင်းကို ဆရာမီရာမိုရ်က ရေးပေးတယ်။ ထာဝရမြေဆိုတဲ့ ရုပ်ရှင်ကားမှာ ဇာတ်ဝင်တေးအနေနဲ့ပါမယ်။ ဆရာဇင်ယော်မောင်မောင်ကလည်း ဒီသီချင်းလေးကို လက်ဆောင်ပေးတယ်။ ပရိသတ်တွေလည်း တောင်းဆိုကြလို့ ပြန်ထည့်ထားတယ်။ နောက်တေးရေးဆရာတွေထဲက အထွေးဆိုရင်လည်း သီချင်းရေးတာ ကောင်းတယ်လေ။ ပရိသတ်ကြီးက သူ့ကိုသိပ်မသိကြသေးဘူး။ သူရေးတဲ့ပုံစံတွေက တော်ရုံသိပ်မခံစားတတ်ကြသေးဘူး။ တကယ်ပုံဖော်လိုက်မှသာ ကောင်းမှန်းသိတာမျိုးလို့ ထင်ပါတယ်။ ရွှက်ပုန်းသီးတေးရေးဆရာတွေလည်း ပါတော့ သူတို့ကို ကိုယ်နဲ့အတူလက်တွဲပြီး အပြန်အလှန် ပံ့ပိုးကူညီပေးကြတဲ့သဘောပါ။

**ဂီတသက်တမ်း ကိုးနှစ်တာဖြတ်သန်းမှု**

ချမ်းချမ်းအနေနဲ့ မယိမ်းမယိုင်ဘဲ ကိုယ်လုပ်ချင်တဲ့ ဝါသနာပါတဲ့အလုပ်ကို လုပ်နိုင်ခဲ့တယ်။ အဲဒီလိုပဲ အသက်ရလာတော့ ဘဝမှာဖြစ်ချင်တာထက် ဖြစ်သင့်တာကို ဦးစားပေးလုပ်ခဲ့တယ်။ အချိန်တစ်ခုမှာ ငါတော့ ဒါဖြစ်ရမယ် ဆိုတာမျိုးမဟုတ်ဘဲ ငါ့လက်ထဲကို ရောက်လာတဲ့ အခွင့်အရေးတစ်ခုကို အကောင်းဆုံးပုံဖော်ဖန်တီးပြီး လုပ်သွားမယ်ဆိုတာမျိုး ဖြစ်လာတယ်။ လူဆိုတာတော့ ဘဝမှာ အားလုံးကို ကျေနပ်တာမျိုးမရှိသလို အားလုံးဟာလည်း မကျေမနပ်ဖြစ်ရမယ့်အရာမျိုးမှ မဟုတ်တာ။ ရောက်တဲ့နေရာမှာ အကောင်းဆုံးတွေဖန်တီးယူကြဖို့ပဲ ရှိပါတယ်။

**ကိုလင်း**

# လာ့စ်ဗီးဂတ်စ်ပစ်ခတ်မှုအပြီး ဂျနီဖာလိုပက်ဇ်နှင့် ဂျေဆင်အယ်ဒင်းတို့ ဂီတဖျော်ဖြေပွဲများဖျက်သိမ်း



လာ့စ်ဗီးဂတ်စ်မြို့ ဂီတဖျော်ဖြေပွဲတစ်ခုတွင် လူအုပ်အတွင်းသို့ သေနတ်သမားတစ်ဦးက ပစ်ခတ်ခဲ့သဖြင့် အမေရိကန်သမိုင်းတွင် အဆိုးရွားဆုံးသော ပစ်ခတ်မှုဖြစ်ခဲ့ပြီးနောက် သေဆုံးသူများကို စာနာသောအားဖြင့် ကန်းထရီးအဆိုတော် ဂျေဆင်အယ်ဒင်းသည် ၎င်း၏ ဂီတဖျော်ဖြေပွဲသုံးခုကိုဖျက်သိမ်းတော့မည်ဟု ကြေညာခဲ့သည်။ ၎င်း၏ နယ်လှည့်ဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၁၂ ရက်တွင်ပြန်လည်စတင်မည်ဖြစ်သည်။ဂျေဆင်က သေနတ်ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိသူများနှင့် သေဆုံးသူများအတွက် စိတ်မကောင်းဖြစ်ရကြောင်း၊ ယခုသီတင်းပတ်အတွင်း လူများစိတ်ထိခိုက်နေမည်မှာလည်း သေချာကြောင်း၊ ထို့ကြောင့် ဖျော်ဖြေပွဲအားဖျက်သိမ်းလိုက်ခြင်းသည် အမှန်ကန်ဆုံးရွေးချယ်မှုဖြစ်ကြောင်း ပြောခဲ့သည်။ ယခုအချိန်မှာ ထိခိုက်ခံစားခဲ့ရသူများအတွက် အားပေးနှစ်သိမ့်ရမည့်အချိန်ဟုလည်း ဂျေဆင်ကပြောခဲ့သည်။

ဖျက်သိမ်းခဲ့သည့်ဂီတပွဲလက်မှတ်များကို ငွေပြန်အမ်းမည်ဖြစ်ကြောင်းသိရသည်။ ၎င်းကဲ့သို့ပင် ဂျနီဖာလိုပက်ဇ်သည်လည်း Jennifer Lopez: All I Have အမည်ရှိဂီတဖျော်ဖြေပွဲကို ဖျက်သိမ်းခဲ့ပြီး ပြန်လည်ဖျော်ဖြေမည်နေ့ကိုလည်းရွှေ့ဆိုင်းလိုက်သည်။

လာ့စ်ဗီးဂတ်စ်တွင်ဖြစ်ပွားခဲ့သော သေနတ်ပစ်ခတ်မှုကို ကြားကြားချင်း စိတ်ထိခိုက်တုန်လှုပ်ချောက်ချားရကြောင်း၊ သေဆုံးသူများ၊ ထိခိုက်ဒဏ်ရာရရှိသူများနှင့် မိသားစုဝင်များအတွက် ဆုတောင်းပေးကြောင်း ဂျေလိုက သူ၏ခံစားချက်ကို ထုတ်ဖော်ပြောကြားခဲ့သည်။

လာ့စ်ဗီးဂတ်စ်မြို့ပစ်ခတ်မှုအပြီးတွင် လူများသည် ဖျော်ဖြေပွဲများသွားရောက်ကြည့်ရှုရမည်ကို ကြောက်ရွံ့လာကြရာ တက္ကဆက်ရှိ ဂီတဖျော်ဖြေပွဲ ပွဲစီစဉ်သူများက လုံခြုံရေးကိုစိုးရိမ်၍ ပွဲကိုလာရောက်မကြည့်တော့လိုသူများကို လက်မှတ်ဖိုးများ ငွေပြန်အမ်းမည်ဖြစ်ကြောင်း ပြောခဲ့သည်။ **ရိုက်တာ ခြူး**

# လန်ဒန်ရုပ်ရှင်ပွဲတော်ဖွင့်ပွဲကျင်းပ



(၆၁) ကြိမ်မြောက် လန်ဒန်ရုပ်ရှင်ပွဲတော်ကို အောက်တိုဘာ ၄ ရက် ညက ဖွင့်လှစ်ခဲ့ပြီး ၁၂ ရက်ကြာ ကျင်းပမည်ဖြစ်ရာ ဖွင့်ပွဲညတွင် လန်ဒန်မြို့ကြီးမှာ စည်ကားသိုက်မြိုက်လျက်ရှိသည်။ ဖွင့်ပွဲအခမ်းအနားသို့ နာမည်ကြီးရုပ်ရှင်သရုပ်ဆောင်များတက်ရောက်ခဲ့ကြပြီး အဖွင့်ဇာတ်ကားမှာ ဒါရိုက်တာ အန်ဒီဆာကီ၏ Breathe ဖြစ်သည်။

ယင်းဇာတ်ကား၏ အဓိကသရုပ်ဆောင်များမှာ အန်ဒရူးဂါဖီလ်နှင့် ကလေရီဖွိုင်း တို့ဖြစ်ပြီး မသန်စွမ်းသူများ၏အခွင့်အရေးအတွက်ဆောင်ရွက်သူအဖြစ် ဂါဖီကသရုပ်ဆောင်ထားသည်။ အော်စကာဆုရှင် အမ်မာစတုန်းနှင့် ဘရိုင်ယန်ခရမ်စတုန်းတို့သည်လည်း Battle of the Sexes ဇာတ်ကားနှင့် Last Flag Flying ရုပ်ရှင်ဇာတ်ကားပရီမီးယားအတွက် လန်ဒန်ရုပ်ရှင်ပွဲတော်သို့ တက်ရောက်မည်ဖြစ်သည်။ (၆၁) ကြိမ်မြောက် လန်ဒန်ရုပ်ရှင်ပွဲတော်တွင် နိုင်ငံပေါင်း ၆၇နိုင်ငံမှ ဇာတ်ကားပေါင်း ၂၄၄ ကားပြသမည်ဖြစ်သည်။ ဇာတ်ကားတိုများနှင့် မှတ်တမ်းရုပ်ရှင်များလည်း ပြသသွားမည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ ဇာတ်လမ်းကောင်းပိုင်ရှင်များကိုလည်း ရုပ်ရှင်ပွဲတော်သို့လာရောက်ရန် ဖိတ်ခေါ်ကြောင်း ဗြိတိန်ရုပ်ရှင် အင်စတီကျူမှ အကြီးအကဲ အမန်ဒါ နီဗလ်ကပြောသည်။ **ရိုက်တာ ခြူး**

# ထားဝယ်ရိုးရာ သပိတ်မျှောပွဲတော်ဖွင့်ပွဲအခမ်းအနားကျင်းပ

**ထားဝယ် အောက်တိုဘာ ၆**

ဝါလကင်းလွတ် သီတင်းကျွတ်လပြည့်နေ့၌ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၏ ရိုးရာအစဉ်အလာမပျက် နှစ်စဉ်နှစ်တိုင်းကျင်းပလျက်ရှိသော ထားဝယ်ရိုးရာ သပိတ်မျှောပွဲတော်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၅ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဒေါင်းငူရပ်ဆိပ်ကမ်းသာလမ်း ထားဝယ်မြစ်ကမ်း၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် တာဝန်ရှိသူများက ထားဝယ်ရိုးရာသပိတ်မျှောပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များက ထားဝယ်ရိုးရာ သပိတ်မျှောပွဲကို ကိုယ်တိုင်ပါဝင်ကုသိုလ်ပြုကြပြီး ဒေသခံပြည်သူများက ထားဝယ်ရိုးရာသပိတ်မျှော မုခ်ဦးမုစ၍ အကွေ့၁၂ ကွေ့ရှိသော ဝက်ပါကို ပျော်ရွှင်စွာဖြတ်ကျော်ကာ ကုသိုလ်ယူကြသည်။

သပိတ်မျှောပွဲကို နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လပြည့်နေ့တွင် ပြုလုပ်ကျင်းပလေ့ရှိပြီး စေတနာရှင်၊ အလှူရှင်များက သပိတ်မျှောပွဲလာရောက် ကြည့်ရှုသူများကို စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ သပိတ်မျှောပွဲတွင် မီးပုံးပျံအငယ် လွှတ်တင်ခြင်း၊ ဇာတ်သဘင်များဖြင့်ဧည့်ခံဖျော်ဖြေခြင်း၊ ထားဝယ်ရိုးရာယဉ်ကျေးမှုအကများနှင့် အိုးစည်ဒိုးပတ်အကများဖြင့် သီဆိုဧည့်ခံဖျော်ဖြေခြင်းများဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**( တိုင်းဒေသကြီး ပြန်/ဆက်)**

# ပဲနီပြားနှင့် ပဲဇီးကွက်များ စျေးနှုန်းမြင့်တက်

**ရေစကြို အောက်တိုဘာ ၆**

ပြည်တွင်းစားသုံးမှုများသော ပဲနီပြားနှင့် ပဲဇီးကွက်များ စျေးမြင့်တက်လျက်ရှိသည်ဟု သိရသည်။ ယခုရက်များအတွင်းတွင် ပဲနီပြား တစ်ပြည်လျှင် လက်လီစျေး ငွေကျပ် ၅၀၀ ခန့် စျေးမြင့်တက်လျက်ရှိပြီး ပဲဇီးကွက် တစ်ပြည်လျှင် ထက်ဝက်ခေါက်ချိုးခန့် စျေးမြင့်တက်လာမှုကြောင့် ပဲစားသုံးသူ လျော့နည်းလာလျက်ရှိသည်ဟု သိရသည်။

"အရင်ရက်တွေကတော့ ပဲညှောက်ပေါက် တစ်ဘူးကို ငွေကျပ် ၁၀၀ နှင့်ရောင်းနိုင်တယ်၊ အခုရက်ပိုင်း ပဲနီပြား စျေးတက်လာလို့ တစ်ဘူး ၂၀၀ နဲ့ ရောင်းနေရတယ်၊ စျေးတက်ရောင်းရတော့ ဝယ်စားတဲ့သူ နည်းသွားတယ်။ အချို့ပဲရောင်းတဲ့သူတွေကတော့ ပဲနီပြားကို အညှောက်ဖောက် မရောင်းကြတော့ဘဲ အခြားပဲအစိုကို ပြောင်းရောင်းနေကြတယ်"ဟု ပဲနီပြား အညှောက်ဖောက် ရောင်းချသူတစ်ဦးက ပြောသည်။

ယခင် နှစ်များက ယခုကဲ့သို့ ပဲစိုက်ပျိုးချိန်များတွင် မျိုးစျေးမြင့်တက်လေ့ရှိသောကြောင့် ပဲစျေးမြင့်တက်လေ့ရှိသော်လည်း ယခုနှစ်ကဲ့သို့ စျေးမြင့်တက်ခဲ့ခြင်းမရှိကြောင်း သိရသည်။

"ကျွန်တော်တို့ တောင်သူတွေ အခုလို ပဲစိုက်ချိန်ဆိုရင် ပဲမျိုးစျေးက နှစ်တိုင်းလည်း ဒီလိုပဲတက်နေကျ စိုက်ပျိုးပြီးလို့ သီးနှံလည်းပေါ်ရော စျေးက ကျရောပဲ။ ဒီနှစ်ကတော့ ပဲနီပြားနဲ့ ပဲဇီးကွက်က နှစ်တိုင်းထက် စျေးပိုတက်နေတယ်။ နှစ်တိုင်းကတော့ အခုလောက်ထိ စျေးမရှိဘူး"ဟု ပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

ယခုအချိန်သည် မြစ်ရေဝင်ဒေသများ၌ ရေကျချိန်ဖြစ်၍ ပဲမျိုးစုံကို စိုက်ပျိုးကြခြင်းဖြစ်ရာ မျိုးစျေး မြင့်တက်လျက်ရှိသော်လည်း ယခုနှစ်တွင် ပိုမိုမြင့်တက်လျက်ရှိသည်ဟု သိရသည်။

"အခြားပဲတွေက ဒီလောက် စျေးမတက်ပါဘူး။ ပဲနီပြားနဲ့ ပဲဇီးကွက်ပဲ စျေးတက်တာပါ။ ကျွန်မတို့က မုံရွာပွဲရုံကနေဝယ်ရောင်းရတာပါ။ ပွဲရုံမှာ စျေးတက်ဝယ်ရတော့ ဒီမှာပြန်ရောင်းတော့လည်း စျေးတက်ရောင်းနေရတယ်" ဟု ပဲမျိုးစုံရောင်းချသည့် ဆိုင်ရှင်တစ်ဦးက ပြောသည်။

ထို့အတူ ပခုက္ကူ၊ မုံရွာ၊ ရေစကြိုမြို့တို့မှ ပွဲရုံများတွင် ပဲနီပြားနှင့် ပဲဇီးကွက်များ စျေးနှုန်းမြင့်တက်လျက်ရှိသည်ဟု သိရသည်။

"ဒီနှစ် ပဲနီပြားနှင့် ပဲဇီးကွက်က ပစ္စည်းရှားတော့ ဦးတို့ပွဲရုံတွေမှာကို ရောင်းစရာ မရှိတော့ဘူး။ လက်လီရောင်းနေကြတာတွေပဲ ရှိတော့တယ်။ လောလောဆယ် ပဲနီပြားက တစ်တင်း ငွေကျပ် ၂၇၀၀၀ နဲ့ ပဲဇီးကွက်က ငွေကျပ် ၄၀၀၀၀ လောက်ပေါက်စျေးရှိတယ်။ မနှစ်ကစျေးနဲ့ ယှဉ်ရင် ပဲနီပြားက တစ်တင်းကို ငွေကျပ် ၅၀၀၀လောက် စျေးတက်တယ်။ ပဲဇီးကွက်က ငွေကျပ် ၁၉၀၀၀ လောက် စျေးပိုတက်တယ်။ ပခုက္ကူကပွဲရုံတွေနဲ့ မုံရွာက ပွဲရုံတွေ မှာလည်း အဲဒီ စျေးရှိတာပါပဲ။ ရေစကြိုပွဲရုံက စျေးနဲ့ တစ်တင်းကို ငွေကျပ် ၅၀၀ လောက်ပဲ စျေးနှုန်းကွာခြားတာပါ။ စျေးတက်လာတဲ့ အဓိကအကြောင်းကတော့ အရင်နှစ်တွေက ပဲနီပြားနဲ့ ပဲဇီးကွက် စျေးမကောင်းခဲ့တော့ စိုက်တဲ့သူနည်းတယ်။ စိုက်တဲ့သူနည်းခဲ့တော့ ပစ္စည်းရှားသွားလို့ စျေးတက်လာတာပါ"ဟု ရေစကြိုမြို့ ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးအေးကိုက ပြောသည်။

**အိမ့္မွန်ဆွေ(ရေစကြို)**

# မန္တလေးဈေးချိုတွင် လာမည့်နှစ်အတွင်း ဓာတ်လှေကားတစ်စင်း ထပ်မံတပ်ဆင်မည်

**မန္တလေး အောက်တိုဘာ ၆**

မန္တလေးမြို့ရှိဈေးချိုတော်တွင် လာမည့်နှစ်အတွင်း ဓာတ်လှေကားတစ်စင်း ထပ်မံတပ်ဆင်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဘတ်ဂျက်ငွေလျာထားပြီးဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောကြားသည်။

"လက်ရှိ ဈေးချိုမှာ ပျက်နေတဲ့ ဓာတ်လှေကားတွေကို ပြင်ပေးနေတယ်။ နောက်ပြီး မန္တလေးမြို့ဈေးတွေမှာရှိတဲ့ အများသုံးသန့်စင်ခန်းတွေကို ဒီနှစ်ဘတ်ဂျက်ထဲက ရသလောက်သုံးပြီး ပြုပြင်ပေးနေတယ်။ နောင်လာမယ့်ဘတ်ဂျက်မှာလည်း ဆက်ပြီးပြုပြင်ပေးဦးမယ်"ဟု ၎င်းကပြောသည်။

ထို့အပြင် မန္တလေးပြည်သူများ လာရောက်ရောင်းဝယ်မှု များပြားသည့် ဈေးများတွင် အများသုံးသန့်စင်ခန်းများ ထပ်မံတိုးချဲ့ဆောက်လုပ်ပေးသွားမည်ဖြစ်ပြီး ဈေးချိုရှိ သန့်စင်ခန်းများကိုလည်း လာမည့်ဘတ်ဂျက်တွင် ပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ၌ မန္တလေးမြို့တော်ရှိ ဈေးများအတွင်း စားသုံးရန်မသင့်သည့် ဆိုးဆေးပါဝင်သည့် ကုန်ပစ္စည်းများ ရောင်းချမှုမရှိစေရန်အတွက် မန္တလေးမြို့တော်စည်ပင်မှ FDA နှင့် ပေါင်းစပ်၍ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မှုစ်၊ ငါးပိ၊ လက်ဖက်စသည့် ကုန်ပစ္စည်းများတွင် အနည်းငယ်ကင်းစင်သွားသော်လည်း ရောင်းချနေသူများ တွေ့ရှိနေဆဲဖြစ်ခြင်းကြောင့် ဆိုးဆေးကင်းစင်ဆိုင်များအား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးသွားနိုင်ရေးနှင့် လိုက်နာမှုမရှိသည့်ဆိုင်များကိုလည်း တစ်လပိတ်သိမ်းသည်အထိ အရေးယူနိုင်ရန် FDA နှင့် မြို့တော် စည်ပင်သာယာရေးကော်မတီတို့ ညှိနှိုင်းဆွေးနွေးထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ၂၀၁၇ ခုနှစ် အောက်တိုဘာလ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၆**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် အောက်တိုဘာ ၁ ရက်မှ ၇ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများနှင့် အောက်တိုဘာ ၈ ရက်မှ ၁၂ ရက်အတွင်း မြန်မာပြည်တစ်ပြည်လုံးမှ ဆုတ်ခွာသွားနိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင်မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇ ရက်မှ ၉ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် အောက်တိုဘာလ ပထမ ၁၀ ရက်ပတ်အတွင်း မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် သုံးပေမှ ငါးပေခန့်နှင့် မန္တလေးမြို့စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် တစ်ပေမှ သုံးပေခန့် မြင့်တက်လာနိုင်ပြီး အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် အောက်တိုဘာလ ပထမ ၁၀ရက်ပတ်အတွင်း ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် လေးပေမှ ခြောက်ပေခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် နှစ်ပေမှ လေးပေခန့် မြင့်တက်လာနိုင်သည်။

**(မိုး/ဇလ)**

# ဖျာပုံမြို့မှ ပျက်စီးနေသည့်လမ်းများကို မူလလမ်းထက်ချဲ့ပြီး ကွန်ကရစ်ခင်းမည်

**ဖျာပုံ အောက်တိုဘာ ၆**

ဖျာပုံမြို့ မြို့မရပ်ကွက်များအတွင်းရှိ ပျက်စီးနေသည့် လမ်းများကို ရေရှည်ခိုင်ခံ့ကောင်းမွန်စေရေးနှင့် ယာဉ်များပြားလာမှုကြောင့် လမ်းပိတ်ဆို့မှုများမရှိစေရေး တို့အတွက် မူလလမ်းအကျယ်ထက်ချဲ့ပြီး မိုးတွင်းတွင် ရေဝပ်မှုများမရှိအောင် ကွန်ကရစ်လမ်းများအဖြစ် ခင်းသွားမည်ဖြစ်ကာ လမ်းအချို့ကို ကွန်ကရစ်စခင်းနေပြီဖြစ်ကြောင်း သိရသည်။

စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးတင့်လွင်ဦးက မိုးရွာသွန်းမှုများပြားသည့် အရပ်ဒေသများတွင် ကတ္တရာလမ်းနှင့်မသင့်တော်တော့ကြောင်း၊ ရေဝပ်လျှင် အပျက်မြန်ကြောင်း၊ ပြန်လည်ပြုပြင်ဖာထေးရာတွင်လည်း ခက်ခဲကြောင်း၊ ကာလရှည် ကောင်းမွန်ခိုင်ခံ့အောင်နှင့် ပြုပြင်ရာတွင်လည်း လွယ်ကူမှုရှိအောင် ကွန်ကရစ်လမ်းက ပိုမိုကောင်းမွန်ကြောင်း၊ သို့အတွက် မြို့မရပ်ကွက်အတွင်းမှ အဓိကကျသည့်လမ်းများဖြစ်သော ရတနာလမ်း၊ ဗိုလ်ချုပ်လမ်းနှင့် ရွှေဝါမြိုင်လမ်းတို့ကိုစည်ပင်ရန်ပုံငွေကျပ်သိန်း ၁၆၀၀ကျော်ဖြင့် အဆင့်မြင့်ကွန်ကရစ်ခင်းမည်ဖြစ်ကြောင်း၊ လမ်းခင်းရာတွင် လက်ရှိ ယာဉ်များပြားလာမှု အခြေအနေအရ ယာဉ်ကြောပိတ်ဆို့မှုများမရှိအောင် မူလလမ်းအကျယ်ထက် တိုးချဲ့ပြီး ခင်းသွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၄ ရက်က ပြောကြားသည်။



ကွန်ကရစ်လမ်းခင်းကျင်းရာတွင် ရတနာလမ်း အရှည်၂၁၇၅ ပေ၊ အကျယ် ပေ၂၀ကို ခွင့်ပြုငွေကျပ် ၁၀၈၆ သိန်း၊ ဗိုလ်ချုပ်လမ်း အရှည်ပေ ၅၀၀၊ အကျယ် ၁၈ ပေကို ငွေကျပ်၂၃၈ ဒသမ၄ သိန်းနှင့် ရွှေဝါမြိုင်လမ်း အရှည် ပေ ၃၈၀၊ အကျယ် ၁၄ ပေကို ငွေကျပ် ၁၂၃ ဒသမ ၆ သိန်း အသုံးပြု၍ ခင်းသွားမည်ဟု သိရသည်။

ဖျာပုံမြို့တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေဖြင့် အဆိုပါလမ်းသုံးလမ်းကို ကွန်ကရစ်ခင်းသည့်အပြင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေနှင့် ပြည်သူများ ထည့်ဝင်ငွေ ပူးပေါင်းပြီး လမ်းလေးလမ်းကိုလည်း အ ဆင့်မြင့်ကွန်ကရစ်လမ်းများအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# ကြံစိုက်တောင်သူများထံမှ ဝယ်ယူမည့်ဈေးနှုန်းကို ဝယ်ချိန်နီးမှသာ ကြော်ငြာသွားမည်

**ရေတာရှည် အောက်တိုဘာ ၆**

စပါးဈေးနှုန်းကျဆင်းစဉ်အခါက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ကြံသီးနှံစိုက်ပျိုးသည့် တောင်သူဦးရေ မြင့်တက်လာပြီး ယခင်နှစ်က ကြံရာသီပိတ်ခါနီးတွင် သကြားစက်ရုံက တစ်တန်လျှင် ငွေကျပ်ခုနစ်သောင်းနှုန်းအထိ ဈေးမြှင့်ဝယ်ယူခဲ့သည့်အတွက် နောက်ကျရောင်းသော ကြံစိုက်တောင်သူများ ငွေလုံးငွေရင်းရရှိကာ အဆင်ပြေသွားကြသည်ကို တွေ့ခဲ့ရသည်။

ပြီးခဲ့သည့်နှစ်က အပိတ်ဈေးနှုန်းမြင့်တက်ခဲ့၍ ယခုနှစ်တွင် ကြံစိုက်ပျိုးသည့် တောင်သူအရေအတွက် ပိုမိုများပြားလာကာ ကြံရာသီတွင် ဝယ်ယူမည့်ဈေးနှုန်းကို သိရှိလိုကြသည်။ သို့ရာတွင် လတ်တလောအနေဖြင့် ကြံဝယ်ယူမည့်ဈေးနှုန်းကို သတ်မှတ်ရခြင်းမရှိသေးကြောင်း ရေတာရှည်မြို့ အမှတ်(၆)သကြားစက်ရုံမှ လက်ထောက်စက်ရုံမှူး ဦးတင်ဌေးက ပြောကြားသည်။ “ဈေးနှုန်းက လတ်တလော မသိရသေးပါဘူး။ အစည်းအဝေးတွေ လုပ်ရဦးမှာ။ ကြံဝယ်ယူခါနီး တစ်ပတ်လောက် အလိုကျရင်တော့ ကြော်ငြာပေးသွားမှာပါ”ဟု ၎င်းက ဆက်ပြောသည်။

ကြံသီးနှံမှာ နှစ်ပတ်လည်သီးနှံဖြစ်သော်လည်း မြေဆီဩဇာကုန်ကျစရိတ် နည်းပါးခြင်းအပြင် အခြားသော ဓာတုဆေးဝါးများ ဝယ်ယူသုံးစွဲရန် မလိုအပ်ခြင်းတို့ကြောင့် တောင်သူများအတွက် အဆင်ပြေနိုင်သည့် သီးနှံတစ်ခုလည်းဖြစ်သည်။ ကြံဈေးနှုန်းကျဆင်းစဉ်က စိုက်ကေမှာ ထောင်ဂဏန်းဝန်းကျင်သာရှိခဲ့ကာ ကြံစိုက်မြေများတွင် စပါးကို ပြောင်းလဲစိုက်ပျိုးခဲ့ကြပြီး နောက်ပိုင်းတွင် စပါးဈေးနှုန်းကပါ ဆက်လက်ကျဆင်းခဲ့သလို ကြံက ဈေးနှုန်းအရ ပို၍တွက်ခြေကိုက်သောဈေးနှုန်းသို့ ရောက်လာသဖြင့် တောင်သူများအနေဖြင့် ကြံသီးနှံကို ပြန်လည်စိတ်ဝင်စားလာခဲ့ခြင်းဖြစ်သည်။

“လက်ရှိတော့ ကျွန်တော်တို့စက်ရုံက ချေးငွေထုတ်ပေးထားတဲ့ စိုက်ဧက ၂၀၀၀ ကျော်ရှိတယ်။ စက်ရုံစိုက်ခင်းက ၈၅၀ ဆိုတော့ ၂၈၅၀ ဧကပေါ့။ အခြားစိုက်ထားတဲ့ တောင်သူတွေလည်း ရှိပါတယ်။ အားလုံးတော့ အတိအကျသိဖို့ခက်တယ်”ဟု လက်ထောက်စက်ရုံမှူး ဦးတင်ဌေးက ရှင်းလင်းပြောကြားသည်။ ရေတာရှည်မြို့နယ်တွင် အမှတ်(၅)သကြားစက်ရုံ(မြို့လှ)နှင့် အမှတ်(၆)သကြားစက်ရုံ(ရေတာရှည်မြို့)တို့ ရှိပြီး မြို့နယ်တစ်ခုလုံးတွင် ကြံစိုက်ဧက ၁၃၅၀၀ ကျော်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးဝင်းမြင့်၏ ပြောကြားချက်အရ သိရသည်။

**ကိုလွင်(ဆွာ)**

# ဆရာအလုပ်ကို ဝင်လုပ်သူနည်းလာခြင်းကြောင့် ဆရာလုပ်ငန်းကို အားဖြည့်ဂုဏ်တင်ရန်လိုအပ်

**စစ်ကိုင်း အောက်တိုဘာ ၆**

နိုင်ငံအများစုတွင် ဆရာအလုပ်(Teacher Profession)ကို ဝင်ရောက်လုပ်ကိုင်သည့်လူငယ်များ နည်းပါးလာခြင်းကြောင့် ဆရာ့လုပ်ငန်းကို အားဖြည့်ဂုဏ်တင်ရန်လိုသလို ပညာရေးသည် လူတစ်ဦးချင်းနှင့် အဖွဲ့အစည်းတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်ကို သိရှိကြရန်လိုအပ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်က ကမ္ဘာ့ဆရာများနေ့ အခမ်းအနားတွင် ပြောကြားသည်။

၂၁ရာစု ပညာခေတ်မှာ ကမ္ဘာ့နိုင်ငံအသီးသီးမှာ အရည်အသွေးကောင်းမွန်တဲ့ ဆရာကောင်းတွေ အမှန်ပဲလိုအပ်နေပါတယ်။ အခုအခါမှာ ဆရာကောင်းတွေ ရှားလာတာနဲ့ ရင်ဆိုင်နေကြရပြီဖြစ်ပါတယ်။ ဒါကြောင့်ဆရာကောင်းများ ဆရာ့ဘဝ ဆရာ့လောကကို အဆက်မပြတ် ဝင်ရောက်လုပ်ကိုင်လာနိုင်စေဖို့ အထူးလိုအပ်နေပါတယ်။ တိုင်းပြည်တစ်ပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ ဆရာများရဲ့ဘဝ ဆရာများရဲ့လူနေမှုအဆင့်အတန်းများနဲ့ တိုက်ရိုက်ဆက်နွှယ်နေတာကို သတိပြုရမှာဖြစ်ပါတယ်”ဟု ဒေါက်တာမြင့်နိုင်က ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက မြတ်ဆရာသီချင်း စုပေါင်းသီဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ကမ္ဘာ့ကုလသမဂ္ဂကပေးပို့သည့် သဝဏ်လွှာကို စစ်ကိုင်းတိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးက ဖတ်ကြားခဲ့ကြောင်း သိရသည်။

“၂၀၀၂ ခုနှစ်ကစပြီး ကမ္ဘာ့ဆရာများနေ့ကို ကမ္ဘာနဲ့အဝန်း သတ်မှတ်ခဲ့ကြပေမယ့် မြန်မာနိုင်ငံမှာ မြန်မာ့ရိုးရာယဉ်ကျေးမှုတစ်ရပ်အနေနဲ့ ဘုရား-တရား-သံဃာ-မိဘ-ဆရာဆိုပြီး ဆရာဆရာမတွေကို အနန္တောအနန္တငါးပါးမှာ တစ်ပါးအပါအဝင်အဖြစ် ပူဇော်ခံထိုက်တဲ့ပုဂ္ဂိုလ်အဖြစ် တန်ဖိုးထားခဲ့ကြပါတယ်။ လူ့လောကကြီးမှာ အောင်မြင်မှုရှိစေဖို့ အသိပညာအလိမ္မာရှိစေဖို့ မှန်ကန်တဲ့လမ်းကြောင်းပေါ်မှာ မှန်မှန်ကန်ကန် ဆုံးဖြတ်ရပ်တည်စေဖို့ သတ်မှတ်ကျင်းပကြတာဖြစ်ပါတယ်။ ကျောင်းသားဟောင်းကြီးတွေကလည်း ငယ်ငယ်က သင်ကြားပြသပေးခဲ့ မြေတောင်မြှောက်ပေးခဲ့ကြတဲ့ ဆရာကြီးဆရာမကြီးတွေကို အမြတ်တနိုးလေးစားမှုနဲ့ အာစရိယပူဇော်ပွဲတွေ အနယ်နယ်အရပ်ရပ်မှာ ပြုလုပ်နေကြတာဟာ ဆရာ့ဂုဏ်ကိုအလေးထားကြတဲ့ မြန်မာလူမျိုးတို့ရဲ့မွန်မြတ်တဲ့ယဉ်ကျေးမှုဖြစ်ပါတယ်”ဟု စစ်ကိုင်းတိုင်းဒေသကြီးပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အခမ်းအနားတွင် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အဖြစ် အသက် ၇၅နှစ်နှင့်အထက် ဆရာကြီး ဆရာမကြီးများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ကာ ကမ္ဘာ့ဆရာများနေ့ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရသော ကျောင်းသားကျောင်းသူများကို ဆုများချီးမြှင့်ခဲ့သည်။

**မျိုးဝင်းထွန်း (မုံရွာ)**



# ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းအတွက် အသိပေးဆွေးနွေး

**ပလောက် အောက်တိုဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့၌ အသက် ၁၅ နှစ်အောက် ကလေးတိုင်းအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက် ထိုးနှံခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းဆောင်ရွက်ရန်အတွက် အသိပေးဆွေးနွေးပွဲကို အောက်တိုဘာ ၄ ရက်က ပလောက်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပလောက်မြို့အုပ်ချုပ်ရေးမှူး ဦးမျိုးဝေက အမှာစကားပြောကြားပြီး တိုက်နယ်ဆရာဝန် ဒေါက်တာဖြိုးထက်အောင်က ဂျပန်ဦးနှောက်ရောင်ရောဂါနှင့် ပတ်သက်၍ သိကောင်းစရာများနှင့် ကာကွယ်ဆေးထိုးခြင်းဆိုင်ရာ လုပ်ငန်းများကို အသိပေးဆွေးနွေးခဲ့သည်။ ကာကွယ်ဆေးများကို ကျောင်းအခြေပြုနှင့် ပြည်သူအခြေပြုဟု ခွဲခြား၍ နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ထိုးပေးသွားမည်ဖြစ်သည်။

ဆေးထိုးခြင်းလုပ်ငန်းဆောင်ရွက်မည့် အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ရီရီသိန်းက ကျောင်းအခြေပြုတွင် တစ်ရက်လျှင် ကျောင်းသူ ကျောင်းသား ၅၀၀ အတွက် ကျန်းမာရေးဆရာမ တစ်ဦးနှင့် အကူအဖြစ် ကျောင်းဆရာမသုံးဦးတို့ဖြင့် နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိလည်ကောင်း၊ ပြည်သူ့အခြေပြုတွင် တစ်ရက်လျှင် ပြည်သူ ၁၅၀ အတွက် ကျန်းမာရေးဆရာမတစ်ဦး၊ စေတနာ့ဝန်ထမ်း သုံးဦးတို့ဖြင့် ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိလည်းကောင်း ထိုးပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**နိုင်ဦး(ပြန်/ဆက်)**

# မြိတ်မြို့၌ လူငယ်အရေးလှုပ်ရှားမှုများဆောင်ရွက်ရန် Youth Club ဖွဲ့စည်းရေး ဆွေးနွေး

**မြိတ် အောက်တိုဘာ ၆**

မြိတ်မြို့၌ လူငယ်များ၏ အသိဉာဏ်မြင့်မားရေး၊ မိမိကိုယ်ကို ယုံကြည်မှုရှိစေရေး၊ ရပ်ရွာအရေးကိစ္စများတွင် ပါဝင်ကူညီဆောင်ရွက်နိုင်ရေးနှင့် လူငယ်အရေး လှုပ်ရှားမှုများကို ဝါသနာတူလူငယ်များစုစည်း၍ ဆောင်ရွက်နိုင်ရေးအတွက် Youth Club ဖွဲ့စည်းရန် အောက်တိုဘာ ၄ ရက်က မြိတ်ခရိုင်ပြည်သူ့စာကြည့်တိုက် Community Center ခန်းမ၌လူငယ်များ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝင်းကြည်က Youth Club ဖွဲ့စည်းခြင်း ရည်ရွယ်ချက်များကို ဆွေးနွေးပြောကြားပြီး Youth Club ကို ဥက္ကဋ္ဌ၊ အဖွဲ့ဝင်(သို့) တာဝန်ခံများနှင့် အဖွဲ့ဝင်ဟူ၍ မည်သို့ဖွဲ့စည်းမည်၊ မည်သူတို့နှင့်ဖွဲ့စည်းမည်ကို အကြံပြုပေးကြရန် ပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာကြသူများက Youth Club ဖွဲ့စည်းမည့် ရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းဝင်များ၊ လူမှုရေးအဖွဲ့အစည်းဝင်များ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲတက်ရောက်သူများ၏ ဝိုင်းဝန်းဆွေးနွေးချက်အရ ကနဦးတွင် ဦးဆောင်မည့်သူ ခုနစ်ဦးဖြင့် ယာယီ စတင်ဖွဲ့စည်းခဲ့ကြကာ အောက်တိုဘာ ၂၂ ရက်တွင် ထပ်မံဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**



# မြေဆီလွှာထိန်း ဇက်တီဗာမြက်မျိုးနှင့် စားဖိုဆောင်သီးနှံမျိုးစေ့များပေးအပ်

**ဖာပွန် အောက်တိုဘာ ၆**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့မှ ဒေသခံတောင်သူများအား တောင်ပေါ်ဒေသ မြေဆီလွှာထိန်း ဇက်တီဗာမြက်မျိုးနှင့် စားဖိုဆောင်သီးနှံမျိုးစေ့များ ပေးအပ်ပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၃ ရက်က ကျင်းပခဲ့သည်။

မြက်မျိုးနှင့် သီးနှံမျိုးစေ့ ပေးအပ်ပွဲတွင် ဖာပွန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသက်ဆွေက ဇက်တီဗာမြက်၏ သဘာဝ ပတ်ဝန်းကျင်နှင့် မြေဆီလွှာ၊ ရေထိန်းသိမ်းခြင်းအကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနက အခမဲ့ဖြန့်ဝေသော စားဖိုဆောင်သီးနှံများ၏ စိုက်စနစ်များအကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးမှူးတို့က ဒေသခံတောင်သူများအား ဗာတီဗာမြက်မျိုးများ၊ စားဖိုဆောင်သီးနှံမျိုးစေ့များကို ပေးအပ်ပြီး ဗာက်တီဗာမြက်စိုက်ပျိုးမည့် သံလွင်မြစ်ကမ်းဘေးရှိ မြေနေရာများကို သွားရောက်ကြည့်ရှုကာ နေရာသတ်မှတ်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ကမမောင်းမြို့ ရပ်ကွက်(၄)ရှိ ဆင်းသုခစပါးစိုက်ကွက် ငါးကေတွင် ပြုလုပ်သော သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ စုပေါင်းကြဲပက်ပွဲသို့ သွားရောက်ပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူးက စိုက်ပျိုးနည်းစနစ်များကို တောင်သူများအား ရှင်းလင်းပြောကြားပြီး လက်တွေ့ပြသခဲ့သည်။

**မောင်မွှေး**

# အထူးဂရုပြုစောင့်ရှောက်ရန်လိုသောကလေးများအား ပြုစုပျိုးထောင်မည့် ဆရာ ဆရာမ သင်တန်းဖွင့်

**ဟားခါး အောက်တိုဘာ ၆**

မြန်မာနိုင်ငံမှ အထူးဂရုပြုစောင့်ရှောက်ရန် လိုအပ်သော ကလေးများ(ဉာဏ်ရည်မသန်စွမ်းကလေးများ)အား ပြုစုပျိုးထောင် သင်ကြားပေးမည့် ဆရာ ဆရာမများအား မွေးထုတ်ပေးရန် ရက်တိုသင်တန်းကို အောက်တိုဘာ ၄ ရက်က ဟားခါးမြို့၌ စတင်ဖွင့်လှစ်ခဲ့သည်။

ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် အဆိုပါသင်တန်းဖွင့်ပွဲတွင် ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝီကောက အမှာစကားပြောကြားပြီး ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှူး ဦးချန်ပဲ့က သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံ အထူးပညာရေးအသင်းမှ အတွင်းရေးမှူး ဦးဒေးဗစ်ဇော်ဒိမ်က သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းသို့ ဟားခါးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ပြည်နယ်လူမှုဝန်ထမ်းရုံးမှ ဝန်ထမ်းများနှင့် ဒေင် မသန်စွမ်းရိပ်မြုံ(ဟားခါး)မှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၄ ရက်မှ ၇ ရက်အထိ လေးရက်ကြာသင်တန်းဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန် /ဆက်)**

# သမိုင်းဝင် နတ်မော်တိလောဥသျှောင်ဘုရားကြီးတွင် ဆီမီး ၈၄၀၀၀ ထွန်းညှိပူဇော်

**ဟသ်ာတ အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် နတ်မော်ကျေးရွာတွင် တည်ထားကိုးကွယ်သည့် သမိုင်းဝင် တိလောဥသျှောင် ရှင်သာလျောင်းဘုရားကြီးတွင် (၂၃) ကြိမ်မြောက် ဆီမီး ၈၄၀၀၀ ထွန်းညှိပူဇော်ပွဲကို အောက်တိုဘာ ၄ ရက် ညပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

ဆီမီးပူဇော်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမန်းဂျော်နီက ဆီမီး ၈၄၀၀၀ ထွန်းညှိပူဇော်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဟသ်ာတခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ရပ်ဝေးရပ်နီးမှ ဘုရားဖူးပြည်သူများ စုပေါင်း၍ သမိုင်းဝင် တိလောဥသျှောင်ရှင်သာလျောင်းဘုရားကြီးတွင် ဆီမီး ၈၄၀၀၀ ကို ကပ်လှူထွန်းညှိ ပူဇော်လှူဒါန်းခဲ့ကြသည်။

**ကျော်ကျော်(ပြန်/ဆက်)**



# ထိုင်းအခြေစိုက် မြန်မာအလုပ်သမားကူညီရေးအဖွဲ့များအား ထိုင်းတာဝန်ရှိသူ တွေ့ဆုံဆွေးနွေး



**ဗန်ကောက် အောက်တိုဘာ ၆**

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအရေး ကူညီမှုလုပ်ငန်းများကို ထိုင်းနိုင်ငံတွင်အခြေစိုက်၍ ဆောင်ရွက်ပေးလျက်ရှိသည့် ပရဟိတအဖွဲ့အစည်းများအား ထိုင်းအစိုးရ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားကာကွယ်စောင့်ရှောက်ရေးဗဟိုဌာန အကြီးအကဲက ဗဟိုဌာနချုပ် အစည်းအဝေးခန်းမသို့ အောက်တိုဘာ ၃ ရက်က ဖိတ်ခေါ်၍ အလုပ်သမားရေးရာ ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမားများ၏ အခက်အခဲပြဿနာများကို လိုက်လံကူညီဆောင်ရွက်ပေးလျက်ရှိသည့် ပရဟိတအဖွဲ့အစည်းများဖြစ်သော LPN, RAKSTHAI နှင့် AAC အဖွဲ့များအား ဖိတ်ခေါ်တွေ့ဆုံကာ ထိုင်းနိုင်ငံအတွင်း လာရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာအလုပ်သမားများ၏ အခက်အခဲများ၊ ဖြစ်ပေါ်လာသည့် ပြဿနာများကို ထိုင်းနိုင်ငံတွင်း Call Center ဖွင့်လှစ်ကာ ထိုင်းအစိုးရ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားကာကွယ်စောင့်ရှောက်ရေးဌာနက ပရဟိတအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်များချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အလုပ်သမားအခွင့်အရေးချိုးဖောက်သည့် ထိုင်းနိုင်ငံသားပိုင် အလုပ်ရုံများကို ပူးပေါင်းစစ်ဆေးနိုင်ရန် အစီအစဉ်များလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖိတ်ခေါ်ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း ထိုင်းနိုင်ငံအခြေစိုက် မြန်မာအလုပ်သမားကူညီစောင့်ရှောက်ရေး AAC မဟာမိတ်အဖွဲ့၏ လူမှုကွန်ရက်စာမျက်နှာပါ သတင်းများအရ သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ဆောမြို့တွင် သီတင်းကျွတ် မီးကြာလှည့်ပွဲ စည်ကားစွာကျင်းပ

**ဆော အောက်တိုဘာ ၆**

ဝါလကင်းလွတ် သီတင်းကျွတ်ကာလတွင် မီးကြာလှည့်ခြင်းဖြင့် ဆီမီးပူဇော်ခြင်းသည် မကွေးတိုင်းဒေသကြီး ယောအရပ်ဒေသဖြစ်သော ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကျောက်ထုနှင့် ကျောမြို့နယ်မြေဒေသများ၌ နှစ်စဉ်ကျင်းပလေ့ရှိသော ရိုးရာဓလေ့တစ်ခုဖြစ်ပြီး ယခုနှစ် သီတင်းကျွတ်မီးကြာလှည့်ပွဲကို ဂန့်ဂေါခရိုင် ဆောမြို့ဒက္ခိဏာရာမ ရွှေစေတီကျောင်း၌ အောက်တိုဘာ ၄ ရက် ညပိုင်းက ကျင်းပခဲ့သည်။



မီးကြာလှည့်ပွဲကျင်းပနိုင်ရန် ရောင်စုံစက္ကူ၊ မှန်ရောင်စက္ကူတို့ကို နှီးဖြင့်ပေါင်းစပ်လျက် မီးကြာခွက်များပြုလုပ်ခြင်း၊ မီးကြာပန်းများ၊ မုလေးပွားများ၊ ကြက်လျှာများ ပြုလုပ်ခြင်း၊ ဝဏ်ပါဆောက် လုပ်ခြင်းနှင့် အနီးပတ်ဝန်းကျင် ရပ်ကွက်/ကျေးရွာများမှ လူငယ်မောင်မယ် မီးကြာအဖွဲ့များ ပွဲတော်၌ ပါဝင်ဆင်နွှဲနိုင်စေရန် ဖိတ်ကြားခြင်းတို့ကို တစ်လခန့် ကြိုတင်ဆောင်ရွက်ကြရသည်။

မီးကြာလှည့်ပွဲမှာ ပန်းကတောင်း၊ တံခွန်၊ ကုက္ကား မုလေးပွား၊ ကြာပွင့်ပုံသဏ္ဌာန် ပြုလုပ်ထားသည့် မီးကြာခွက်များတွင် ဖယောင်းတိုင်စိုက်ထူထွန်းညှိထားသည့် မီးကြာခွက်ကိုင်ဆောင်သော အမျိုးသမီးများက အဆိုအကများဖြင့် ဘုန်းတော်ကြီးကျောင်းများသို့ ဆီမီးပူဇော်ရန် စည်းကမ်းတကျ စီတန်းလှည့်လည် သွားရောက်ကြရသည့် ပွဲတော်ဖြစ်သည်။ “အခုလို ပွဲတော်ကျင်းပရခြင်းကတော့ ယောဒေသရဲ့ ရိုးရာဓလေ့ မပျောက်ပျက်စေရန်၊ တစ်ရွာနှင့်တစ်ရွာ ချစ်ခင်ရင်းနှီးမှု ပိုမိုရရှိစေရန်နဲ့ ယဉ်ယဉ်ကျေးကျေး ဆက်ဆံတတ်ပြီး စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မြဲစေရန် စတဲ့ ဦးတည်ချက်များနဲ့ ပျော်ရွှင်စရာပွဲတော်တစ်ခုအဖြစ် အစဉ်အဆက် ကျင်းပပြုလုပ်တဲ့ ယောဓလေ့ပွဲတော်တစ်ခုဖြစ်ပါတယ်”ဟု မီးကြာလှည့်ပွဲဖြစ်မြောက်ရေး ကော်မတီဝင် ဦးလှရွှေက ပြောသည်။

ယခုနှစ် သီတင်းကျွတ် မီးကြာလှည့်ပွဲတွင် ရပ်ကွက်၊ ကျေးရွာ ၁၂ ခုတို့မှ လူငယ်မောင်မယ်များ ပါဝင်ဆင်နွှဲကြကာ ဝဏ်ပါလှည့်လည်ပြီး ဆီမီးပူဇော်ကန်တော့ခြင်းကို ဒေသဓလေ့ အိုးစည်ဝိုင်းများပါ ထည့်သွင်းလျက် စည်ကားစွာကျင်းပခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## MCPA Quiz ဉာဏ်စမ်းပြိုင်ပွဲ၏ နိုင်ငံအဆင့် ဆုချီးမြှင့်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၆**

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ ဩဂုတ်လအတွင်းက ကျင်းပပြီးစီးခဲ့သော နည်းပညာဆိုင်ရာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲဖြစ်သည့် MCPA Quiz ပြိုင်ပွဲ၏ နိုင်ငံအဆင့်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၈ ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီမှ ၁၂ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park Conference Hall ၌ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကွန်ပျူတာတက္ကသိုလ်များ၊ နည်းပညာ ကောလိပ်များနှင့် တက္ကသိုလ်များ၊ အခြားတက္ကသိုလ်၊ ကောလိပ်များနှင့် ပုဂ္ဂလိကသင်တန်းကျောင်းများတွင် ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် IT ပညာရပ်များကို ပို၍စိတ်ဝင်စားမှုရှိလာပြီး အရည်အသွေး ပြည့်ဝလာစေရန်နှင့် IT နည်းဆိုင်ရာ ပညာဗဟုသုတများ တိုးပွားလာစေရန်၊ အဖွဲ့လိုက် ပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် Team Work လုပ်ကိုင်တတ်စေရန်၊ နိုင်ငံတကာ အသိအမှတ်ပြု IT စာမေးပွဲများ ဖြေဆိုရာတွင် အဆင်သင့်ဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် MCPA Quiz ပြိုင်ပွဲကို မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းကကြီးမှူးပြီး နှစ်စဉ်ကျင်းပနေခြင်းဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## ရခိုင်ပြည်သူများအတွက် SMS မှလှူဒါန်းနိုင်မည့်အစီအစဉ် MPT ပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၆**

ARSA အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုဖြစ်ရပ်များကြောင့် ထွက်ပြေးတိမ်းရှောင်နေထိုင်ရသော ရခိုင်ပြည်နယ်မှ ပြည်သူများအတွက် MPT ဆင်းကတ်သုံးစွဲသူများအနေဖြင့် SMS မှတစ်ဆင့် ပါဝင်လှူဒါန်းနိုင်သည့် အစီအစဉ်ကို MPT က အောက်တိုဘာ ၃ ရက်မှ စတင်ပြုလုပ်ထားပြီး အောက်တိုဘာလကုန်အထိ လှူဒါန်းနိုင်မည်ဖြစ်ကြောင်း MPT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

MPT သုံးစွဲသူများအနေဖြင့် ရခိုင်ပြည်နယ်မှ ပြည်သူများအတွက် ရိုးရှင်းလွယ်ကူသည့် SMS ပေးပို့ခြင်းစနစ်ကို အသုံးပြု၍ လှူဒါန်းမှုများပြုလုပ်နိုင်ရန် စီစဉ်ပေးထားခြင်းဖြစ်ကြောင်း၊ SMS ပေးပို့လှူဒါန်းရာတွင် ကြိုတင်ငွေဖြည့်ကတ် အသုံးပြုသူများဖြစ်စေနှင့် Postpaid(အသုံးပြုပြီးမှ ပေးချေသည့်စနစ်)စနစ်သုံးသူများဖြစ်စေ လှူဒါန်းနိုင်မည်ဖြစ်ပြီး နံပါတ် ၃၀၀၁ သို့ ၅၀၀ ဟု စာတိုပေးပို့၍ တစ်ကြိမ်လျှင် ကျပ် ၅၀၀ ကို လှူဒါန်းနိုင်ပြီး ဖုန်းဘေလ်ထဲမှ ၅၀၀ ကျပ်ကို အလို အလျောက်ကောက်ခံသွားမည်ဖြစ်ကြောင်း၊ လှူဒါန်းသူများအနေဖြင့် ဆင်းမ်ကတ် ထဲတွင် ဖုန်းဘေလ်လက်ကျန်ငွေ လုံလောက်သရွေ့အကြိမ်အရေအတွက်ကို စိတ်ကြိုက်ထည့်ဝင်လှူဒါန်းနိုင်ကြောင်း၊ SMS ပို့၍ လှူဒါန်းခြင်းအတွက် အဆိုပါ SMS ပေးပို့ခကို MPT က ဖြတ်တောက်မည်မဟုတ်ဘဲ လှူဒါန်းမှုပြုလုပ်သည့် ၅၀၀ ကျပ်ကိုသာ အသုံးပြုသူများ၏ ဖုန်းဘေလ်လက်ကျန်ငွေမှ ဖြတ်တောက်သွားမည်ဖြစ်ကြောင်း သိရသည်။

MPT မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ထွန်းက "အခုလို လှူဒါန်းမှုထောက်ပံ့မှုတွေ ပြုလုပ်ပေးနိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်နေတာနဲ့အတူ ကျွန်တော်တို့အနေနဲ့ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ပြည်သူတွေနည်းတူ ခံစားရပါတယ်။ ဒါကြောင့် MPT အနေနဲ့ ထိခိုက်ခံစားနေရတဲ့ ပြည်သူတွေကို အကျိုးပြုနိုင်ဖို့ SMS ကတစ်ဆင့် လှူဒါန်းလို့ရနိုင်မယ့် ကဏ္ဍတစ်ခုကို ပြုလုပ်ခဲ့တာဖြစ်ပြီးတော့ ကျွန်တော်တို့ရဲ့သန်းပေါင်းများစွာသော သုံးစွဲသူတွေကို ဒီလိုလှူဒါန်းမှုမှာ အင်တိုက်အားတိုက် ပါဝင်လာဖို့အတွက်ကိုလည်း တိုက်တွန်းချင်ပါတယ်။ ဒီလိုပါဝင်လာတာကြောင့်လည်း ရခိုင်ဒေသမှာရှိနေတဲ့ပြည်သူတွေ ခံစားနေရတဲ့ ဘေးဒုက္ခတွေကနေ သက်သာရာရစေဖို့ ကျွန်တော်တို့အနေနဲ့ တစ်ဖက်တစ်လမ်းကနေ မျှဝေဖေးမပေးနေတယ်ဆိုတာကို မြင်တွေ့ရစေမှာပါ"ဟု ပြောသည်။

MPT ၏ SMS မှတစ်ဆင့် လှူဒါန်းကြမည့် သုံးစွဲသူများ၏ အလှူငွေများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းငွေလှူဒါန်းသွားမည်ဖြစ်ပြီး လှူဒါန်းပြီးစီးမှုအခြေအနေကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

MPT အနေဖြင့် ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်းကလည်း နိုင်ငံအတွင်းရှိ ရေဘေးသင့် ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်သူများထံမှ SMS မှတစ်ဆင့် အလှူငွေကောက်ခံပေးခဲ့ရာ ကျပ်သိန်း ၂၉၀၀ ကျော်ရရှိပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းလှူဒါန်းနိုင်ခဲ့သလို ၂၀၁၆ ငလျင်ဒဏ်ကြောင့် ပုဂံဒေသနှင့် ရခိုင်ဒေသမှ ရှေးဟောင်းစေတီပုထိုးများ ထိခိုက်ပျက်စီးမှုများအတွက်လည်း SMS မှတစ်ဆင့် ပြည်သူများက ပေးပို့လှူဒါန်းငွေ ကျပ်သိန်း ၁၆၀၀ ကို ကောက်ခံပေး၍ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင် မွမ်းမံထိန်းသိမ်းနိုင်ရေးအတွက် လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

**သူရဖြိုး**

## သက်သာသောနှုန်းထားနှင့် ပြည်ပတွင် အင်တာနက်သုံးနိုင်မည့် အစီအစဉ်ကို တယ်လီနောမိတ်ဆက်

**ရန်ကုန် အောက်တိုဘာ ၆**

စင်ကာပူနိုင်ငံသို့ သွားရောက်လည်ပတ်မည့် တယ်လီနောသုံးစွဲသူများအတွက် ဈေးနှုန်းသက်သာစွာဖြင့် အင်တာနက်အသုံးပြုနိုင်မည့် အစီအစဉ်သစ်တစ်ခုကို တယ်လီနောမြန်မာက စက်တင်ဘာ ၃၀ ရက်က စတင်မိတ်ဆက်ခဲ့ပြီး ထိုအစီအစဉ်အရ စင်ကာပူနိုင်ငံတွင် တယ်လီနောဆင်းကတ်ဖြင့် အင်တာနက်အသုံးပြုခမှာ တစ်မဂ္ဂါဘိုက်လျှင် ၁၅ ကျပ်သာကျသင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အင်တာနက်အသုံးပြုမှု အစီအစဉ်သစ်ကို အသုံးပြုခြင်းဖြင့် စင်ကာပူနိုင်ငံမှ တယ်လီနောသုံးစွဲသူများအနေနှင့် ယခင်နှုန်းထားထက် ၉၉ ရာခိုင်နှုန်းအထိ ဈေးနှုန်းသက်သာစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ထိုအစီအစဉ်ကို တယ်လီနောသုံးစွဲသူများအနေဖြင့် မည်သည့်အပိုနှုန်းထားမှ ထပ်မံပေးဆောင်စရာမလိုဘဲ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

"စင်ကာပူနိုင်ငံကို သွားရောက်လည်ပတ်သူတွေအနေနဲ့ သူတို့ရဲ့မိတ်ဆွေတွေ၊ မိသားစုတွေနဲ့ တွေ့ဆုံဖို့အပြင် စီးပွားရေးကိစ္စတွေ လုပ်ဆောင်ဖို့အတွက်လည်း သွားရောက်ကြတယ်ဆိုတာကို ကျွန်တော်တို့ သိရှိထားပါတယ်။ အခု စင်ကာပူနိုင်ငံကိုရောက်ရှိတဲ့အခါမှာ တယ်လီနောဆင်းကတ်တွေကိုဖွင့်ထားရုံနဲ့ 4G အင်တာနက်ကို စတင်အသုံးပြုနိုင်ပါပြီ"ဟု တယ်လီနောမြန်မာ၏ ဈေးကွက်ဖော်ဆောင်ရေးအရာရှိချုပ်ဖြစ်သူ Joslin Myrthong က ပြောသည်။

စင်ကာပူနိုင်ငံသို့ မြန်မာနိုင်ငံမှ နှစ်စဉ် လာရောက်လည်ပတ်သူဦးရေသည် တစ်သိန်းကျော်ရှိပြီး စင်ကာပူနိုင်ငံသို့ သွားရောက်လည်ပတ်လိုသော မြန်မာနိုင်ငံမှ ခရီးသွားများအနေဖြင့် ဗီဇာကင်းလွတ်ခွင့် ရရှိထားသည့်အတွက်လည်း သွားရောက်လည်ပတ်သူ ပိုများလာရာ တယ်လီနောမြန်မာအနေနှင့် သုံးစွဲသူများအတွက် ဈေးနှုန်းသက်သာစွာ အင်တာနက်သုံးနိုင်သော ယခုပရိုမိုးရှင်းအစီအစဉ်ကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

တယ်လီနောမြန်မာအနေဖြင့် တယ်လီနောဆင်းကတ်ကို အသုံးပြုနိုင်သောနိုင်ငံများ ပိုမိုများပြားလာရန်လည်း ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်တွင် တယ်လီနောသုံးစွဲသူများသည် နိုင်ငံပေါင်း ၁၁၂ နိုင်ငံရှိ မိတ်ဖက် တယ်လီကွန်းကုမ္ပဏီပေါင်း ၁၄၀ ၏ ကွန်ရက်များတွင် ချိတ်ဆက်အသုံးပြုနိုင်ပြီဖြစ်သည်။ တယ်လီနော၏ 4G roaming ဝန်ဆောင်မှုကိုလည်း ထိုင်း၊ မလေးရှား၊ မကာအိုနှင့် စင်ကာပူနိုင်ငံများတွင် ရရှိနေပြီဖြစ်ကာ အခြားနိုင်ငံများတွင်ပါ ရရှိစေရန်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူရဖြိုး**

## တစ်စက္ကန့် တစ်ကျပ်နှုန်းဖြင့် နိုင်ငံတကာသို့ ဖုန်းခေါ်နိုင်သည့် ပျော်ရွှင်စရာ တနင်္ဂနွေအစီအစဉ် အူရီဒူးပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၆**

အပတ်စဉ် တနင်္ဂနွေနေ့တိုင်းတွင် မြန်မာနိုင်ငံမှ နိုင်ငံတကာသို့ တစ်စက္ကန့်လျှင် တစ်ကျပ်နှုန်း(တစ်မိနစ်လျှင် ၆၀ ကျပ်နှုန်း)ဖြင့် တိုက်ရိုက်ဖုန်းခေါ်နိုင်မည့် ပျော်ရွှင်စရာ တနင်္ဂနွေ အထူးအစီအစဉ်ကို အူရီဒူးမြန်မာက အောက်တိုဘာ ၅ ရက်မှ စတင်ပြုလုပ်လိုက်ကြောင်း သိရသည်။

အဆိုပါ ပျော်ရွှင်စရာတနင်္ဂနွေ အထူးအစီအစဉ်အရ ပြည်တွင်းရှိ အူရီဒူးသုံးစွဲသူများအားလုံးအနေဖြင့် သက်သာသောနှုန်းထားဖြစ်သည့် တစ်စက္ကန့်လျှင် တစ်ကျပ်နှုန်းဖြင့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ကနေဒါနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဗြိတိန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စု စသည့် နိုင်ငံများသို့ တိုက်ရိုက်ဖုန်းခေါ်ဆိုနိုင်မည်ဖြစ်သည်။

လူအများစုအနေဖြင့် တနင်္ဂနွေနေ့များတွင် အိမ်တွင်အနားယူအပန်းဖြေကြပြီး နိုင်ငံတကာသို့ ရောက်ရှိနေကြသော မိသားစုများနှင့် မိတ်ဆွေများထံသို့လည်း ဖုန်းခေါ်ဆိုလေ့ရှိ၍ အူရီဒူးအနေဖြင့် နိုင်ငံတကာသို့ ဈေးနှုန်းသက်သာစွာ ဖုန်းခေါ်ဆိုနိုင်မည့် ပျော်ရွှင်စရာတနင်္ဂနွေ အထူးအစီအစဉ်ကို ပြုလုပ်ခြင်းဖြစ်ကြောင်း အူရီဒူးမြန်မာ၏ မားကတ်တင်းအရာရှိချုပ် Ms.Charity Safford က ပြောသည်။ အဆိုပါ အစီအစဉ်အရ ပြည်ပသို့ ဖုန်းခေါ်ဆိုရမည့်သူများအနေဖြင့် ကုန်ကျစရိတ် ပိုမိုသက်သာပြီး အချိန်ပိုမိုကြာမြင့်စွာ စကားပြောဆိုနိုင်တော့မည်ဖြစ်သည်။

**သူရဖြိုး**

## အွန်လိုင်းရှော့ပင်အချို့ ရောင်းသူကျင့်ဝတ်ကို လိုက်နာရန်လို

**ရန်ကုန် အောက်တိုဘာ ၆**

အွန်လိုင်းရှော့ပင်များ ခေတ်စားလာချိန်တွင် ကိုယ်ပိုင်ဝက်ဘ်ဆိုက်များတည်ထောင်၍ အွန်လိုင်းရှော့ဖွင့်ပြီး ရောင်းသူများရှိသလို အများစုမှာ အလွယ်တကူလုပ်နိုင်သော ဖေ့စ်ဘုတ်စာမျက်နှာများဖြင့် ကြော်ငြာ၍ ရောင်းချလာကြသည်။ အချို့ဝက်ဘ်ဆိုက်များမှာ ဝက်ဘ်ဆိုက်တည်ထောင်သူက ကုန်ပစ္စည်းများရောင်းချနေသလို အခြားရောင်းလိုသူများအနေဖြင့်လည်း အကောင့်များဖွင့်၍ ရောင်းချနိုင်ရန် ဝန်ဆောင်မှုပေးထားသည်။

အွန်လိုင်းရှော့ပင်တစ်ခုအနေဖြင့် ကျင့်ဝတ်မလိုက်နာ၍ သုံးစွဲသူအများစု နစ်နာရသည့် ကိစ္စတစ်ခု ယခုအောက်တိုဘာလဆန်းက ဖြစ်ခဲ့သည်။ ထိုဝက်ဘ်ဆိုက်မှာ ဝင်ရောက်အသုံးပြုသူဦးရေ များစေရန်အတွက် အကောင့်ဖွင့်ပြီး ဈေးဝယ်သူများအား သတ်မှတ်ထားသောရမှတ်(Gold)များ ပေးခြင်း၊ ဝက်ဘ်ဆိုက်ကို အချိန်မှန် ဝင်ရောက်ကြည့်ရှုသူများအား (Gold)များ ပေးခြင်းတို့ဖြင့် ဆွဲဆောင်ထားကာ ထို Gold များကို စုဆောင်းထားသူများအနေဖြင့် စုထားသည့် ပမာဏအလိုက် ဝက်ဘ်ဆိုက်ရှိပစ္စည်းများကို ပြန်လည်ဝယ်ယူနိုင်သည်။ ဝက်ဘ်ဆိုက်အနေဖြင့် ထိုသို့ Gold စုဆောင်းနိုင်သည့် ပရိုမိုးရှင်းအစီအစဉ်ကို လုပ်ထားသည်မှာ တစ်နှစ်ကျော်ပြီဖြစ်သလို အချို့သော ဝက်ဘ်ဆိုက်အသုံးပြုသူများမှာလည်း Gold များကို တစ်နှစ်နီးပါးကြာအောင် စုဆောင်းထားခဲ့သည်။

ထိုအစီအစဉ် တစ်နှစ်ကျော်ကြာချိန် စက်တင်ဘာ ၃၀ ရက်တွင် ဝက်ဘ်ဆိုက်အနေဖြင့် ပေးထားသော Gold များကို အောက်တိုဘာ ၁ ရက်မှစ၍ ပယ်ဖျက်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ တစ်ရက်တည်းသာ အချိန်ပေး၍ ကြေညာခဲ့သဖြင့် အချိန်တစ်နှစ်ခန့် Gold စုထားသူများမှာ စုထားသော Gold များဖြင့် ပစ္စည်းဝယ်ရန် အချိန်မရဘဲ ဆုံးရှုံးခဲ့ရသည်။ အချိန်မီသိလိုက်သော အနည်းစုမှအပ အများစုမှာ အချိန်ကုန်ခံ၍ စုဆောင်းထားသော Gold များ အလကားဖြစ်ခဲ့ရသည်။

အွန်လိုင်းရှော့ပင်များ ခေတ်စားလာချိန်တွင် ဝက်ဘ်ဆိုက်များနှင့် ဖေ့စ်ဘုတ်ပေါ်ရှိ အွန်လိုင်းရှော့ပင် စာမျက်နှာများတွင် လူသိများရန်နှင့် ပစ္စည်းများရောင်းရရန်အတွက် မက်လုံးပေးဆွဲဆောင်မှုများမှာလည်း များလာသည်ကိုတွေ့ရ၍ အွန်လိုင်းရှော့များမှ ဝယ်ယူမည့်သူများအနေဖြင့် သတိထားရန် လိုအပ်လျက်ရှိကာ ရောင်းသူများအနေဖြင့်လည်း ကျင့်ဝတ်လိုက်နာကြရန် လိုအပ်လျက်ရှိသည်။

**သူရဖြိုး**

**New Product**

## Samsung Galaxy Note 8

Samsung Galaxy Note 8 ဟာ ဆမ်ဆောင်းရဲ့ တန်ဖိုးမြင့်ဖုန်းစီးရီးဖြစ်တဲ့ Galaxy Note စီးရီးစ်ထဲက နောက်ဆုံးထွက် ဖုန်းမော်ဒယ်သစ်တစ်ခုဖြစ်ပြီး နိုင်ငံတကာဈေးကွက်ရော ပြည်တွင်းဈေးကွက်မှာပါ စက်တင်ဘာလအတွင်းက စတင်မိတ်ဆက်ခဲ့ပါတယ်။ တန်ဖိုးမြင့်ဖုန်းဖြစ်သလို အရည်အသွေးပိုင်းမှာလည်း မြင့်မားပြီး နောက်ဆုံးပေါ် နည်းပညာတွေကိုလည်း အသုံးပြုထားပါတယ်။

မျက်နှာပြင်အကျယ်ဟာ ၆ ဒသမ ၃ လက်မရှိလို့ အရွယ်အစားကြီးမားပြီး အထက်အောက် ရှည်လျားတဲ့ မျက်နှာပြင်ကြောင့် အင်တာနက်စာမျက်နှာတွေ သုံးတဲ့အခါ အကြိမ်ကြိမ်ရွှေ့စရာမလိုဘဲ သုံးရတာ ပိုအဆင်ပြေစေမှာဖြစ်ပါတယ်။ Screen Resolution က 1440x2960 pixels ရှိလို့ ရုပ်ထွက်ပိုင်း အထူးကောင်းမွန်ပါတယ်။ Super Amoled Touch Screen မျက်နှာပြင်ကို အစင်းရာ အခြစ်ရာတွေခံနိုင်မယ့် Corning Gorilla Glass 5 နဲ့ ဖုံးအုပ်ထားပါတယ်။ Home ခလုတ်ဟာ 3D Touch စနစ်ဖြစ်ပါတယ်။

အန်းဒရွိုက်ဗားရှင်းအနေနဲ့ 7.1.1(Nougat)ကို အသုံးပြုထားပြီး Octa-core CPU နဲ့ RAM က 6GB ပါဝင်တာကြောင့် အပလီကေးရှင်းအမျိုးမျိုးနဲ့ ဂိမ်းအမျိုးမျိုးကို ပေါ့ပေါ့ပါးပါး သုံးနိုင်မှာဖြစ်ပါတယ်။ အင်တာနယ်မင်မိုရီအနေနဲ့ 64GB, 128 GB နဲ့ 256GB လို့ သုံးမျိုးထွက်ထားပါတယ်။ မင်မိုရီကတ် ထပ်စိုက်သုံးမယ်ဆိုရင်လည်း 256GB အထိကို ထောက်ပံ့ပေးထားပြီး ဆင်းကတ်တစ်ကတ်နဲ့ မင်မိုရီကတ် စိုက်သုံးနိုင်တဲ့ Single နဲ့ ဆင်းကတ်တစ်ကတ်နဲ့ မင်မိုရီကတ် သို့မဟုတ် နောက်ထပ်ဆင်းကတ်တစ်ကတ် စိုက်သုံးနိုင်တဲ့ Hybrid လို့ နှစ်မျိုးရှိပါတယ်။

ကင်မရာပိုင်းမှာတော့ ၁၂ မဂ္ဂါပစ်ဇယ် နောက်ကင်မရာနှစ်လုံးကို မြင်ကွင်းကျယ်ပုံရိုက်ခြင်း၊ အဝေးကနေ အနီးကပ်ပုံတွေရိုက်ကူးခြင်း(telephoto lens)စတဲ့ လုပ်ဆောင်ချက်တွေနဲ့ ပေါင်းစပ်ထားပါတယ်။ ဓာတ်ပုံရိုက်ပြီး ပြန်ကြည့်တဲ့ preview mode မှာ အရောင်ကိုထိန်းညှိနိုင်မယ့် Live focus လုပ်ဆောင်ချက်လည်း ပါဝင်ပါတယ်။ ကင်မရာနှစ်လုံးရဲ့ Dual Sensor ကြောင့် အလင်းရောင်နည်းတဲ့ နေရာတွေမှာပါ ကြည်လင်တဲ့ရုပ်ပုံတွေ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ဆယ်လ်ဖီကင်မရာအနေနဲ့တော့ ၈ မဂ္ဂါပစ်ဇယ်ရှိတဲ့ Smart auto focus ကင်မရာ ပါဝင်ပါတယ်။

Galaxy Note8 ရဲ့ ထူးခြားချက်တွေအနေနဲ့ ရေနဲ့ဖုန်ဒဏ်ကို ပိုမိုပြီး ခံနိုင်ရည်ရှိအောင် လုပ်ပေးထားပြီး မျက်နှာပြင်ကို ရေစိုနေချိန်မှာတောင် ဖုန်းရဲ့ SPen နဲ့ စာရေးသား အသုံးပြုနိုင်မှာဖြစ်ပါတယ်။ Galaxy Note စီးရီးစ်တွေမှာ ပါဝင်တဲ့ S Pen ကိုလည်း ဟာ့ဒ်ဝဲနဲ့ ဆော့ဖ်ဝဲပိုင်းမှာ အရင်ဖုန်းမော်ဒယ်တွေထက် အဆင့်မြှင့်တင်ထားပါတယ်။ ဒါ့အပြင် S Pen ရဲ့ Translate လုပ်ဆောင်ချက်က စာတစ်လုံးချင်းဖြစ်စေ စာတစ်ကြောင်းလုံးကိုဖြစ်စေ ဘာသာစကား ၇၁ မျိုးအထိ ဘာသာပြန်ပေးနိုင်မှာဖြစ်ပါတယ်။ နောက်ထပ် ထူးခြားချက်တစ်ခုကတော့ အားသွင်းစနစ်ကိုလည်း




ပိုမိုအဆင့်မြှင့်တင်ထားတာဖြစ်ပြီး 3300 mAh Li-Ion ဘက်ထရီကို အလျင်အမြန်အားသွင်းနိုင်မယ့် ကြိုးမဲ့အားသွင်းစနစ်လည်း ပါဝင်ပါတယ်။ Galaxy Note8 ကို ပြည်တွင်းမှာ တယ်လီနောနဲ့ပူးပေါင်းကာ အင်တာနက်သုံးခွင့်အပိုရမယ့် အစီအစဉ်တွေ၊ အခြားလက်ဆောင်ပစ္စည်းတွေပေးတဲ့ အစီအစဉ်တွေနဲ့ စက်တင်ဘာ ၁၈ ရက်ကနေ ၂၇ ရက်အထိ pre order စနစ်နဲ့ စတင်ရောင်းချခဲ့ပါတယ်။ ကိုယ်ထည်အရောင်အနေနဲ့ အနက်ရောင်၊ ရွှေရောင်နဲ့ မီးခိုးရောင်တွေကို ရရှိနိုင်မှာ ဖြစ်ပြီး ဈေးနှုန်းက ကျပ် ၁၂၇၀၀၀၀ ဖြစ်ပါတယ်။

**သူရဖြိုး**

# မေတ္တာထမင်းချိုင့်လေးများ

**စိမ်း (ဥပဒေ)**

မနှစ်က ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အဖြစ် ကျွန်မရဲ့မင်္ဂလာပါဆရာမ ဆောင်းပါးလေး မြန်မာ့အလင်းသတင်းစာမှာ ဖော်ပြခံခဲ့ရပါတယ်။ ဒီနှစ်တော့ ကျန်းမာရေးကြောင့် စာရေးခြင်းကို ရပ်နားထားခဲ့ပါတယ်။ ဒီနှစ်အတွက် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါးတစ်ပုဒ်ကိုတောင်မှ မရေးဖြစ်သေးတဲ့ ကိုယ့်ကိုယ်ကိုယ် အားမလို အားမရဖြစ်ခဲ့မိတယ်။ ဒါ့ကြောင့် ဘာရေးရမလဲလို့ စဉ်းစားနေတာလည်း အတော်ကြာနေပါပြီ။ ရေးစရာ အကြောင်းအရာကို ရုတ်တရက် စဉ်းစားမရ ဖြစ်နေတာ စာရေးသူရဲ့ အားနည်းချက်ပဲ ဖြစ်မယ်ထင်ပါတယ်။ နောက်တစ်ချက်က မနှစ်က ကျွန်မတာဝန်ကျခဲ့တဲ့ ဒေသကတပည့်လေးတွေအကြောင်း ကိုယ့်ရဲ့အတွေ့အကြုံကို ရေးထားတဲ့ တကယ့်အဖြစ်အပျက် ဖြစ်နေတာကြောင့် ဒီနှစ်လည်း တပည့်တွေရဲ့ တကယ့်အဖြစ်အပျက် စိတ်ခံစားမှုလေးကိုရေးပြီး ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုချင်တာပါ။

"ဆရာဆိုတာ ပီတိကိုစား အားရှိ၏၊ တပည့်မရှား တစ်ပြားမရှိ"ဆိုတဲ့ စကားလို ဆရာနဲ့တပည့်ကြားက သံယောဇဉ်၊ ချစ်ခြင်းမေတ္တာကို ရုပ်လုံး ထင်ဟပ်စေတဲ့ မေတ္တာ ဆောင်းပါးလေးကို ရေးဖွဲ့ချင်မိတယ်။ "ပီတိကိုစား အားရှိ၏" ဆိုတဲ့ ခံစားချက်မျိုးကို ဆရာ၊ ဆရာမတွေမှာသာ ခံစားရတာပါ။ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ဆရာ ဆရာမ တွေမှာသာ ခံစားရတာပါ။ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ဆရာ ဆရာမတွေဟာ လိုက်နာရတဲ့ စည်းကမ်းတွေ၊ စောင့်ထိန်းရတဲ့ ကျင့်ဝတ်သိက္ခာတွေ အများကြီးပါ။

အနန္တဂိုဏ်းဝင်ဆိုတဲ့ စကားနဲ့အညီ အရိုအသေတန်အောင်လည်း နေလို့မရပါ။ ကျွန်မပညာရေးကောလိပ်တက်စဉ်က သင်ခဲ့ရတဲ့ ဘာသာရပ်တွေထဲမှ ပညာရေး သဘောတရား ဘာသာထဲက ဆရာ၏ တာဝန်ဝတ္တရားများနှင့် ဆရာ ဆရာမများ လိုက်နာရန် စည်းကမ်းများဆိုတဲ့ အခန်းကို သင်ယူခဲ့ရပါတယ်။ အဲ့ဒီအထဲကမှ ဆက်ဆံရေးဆိုတဲ့ အပိုင်းလေးအကြောင်းကို ရှင်းပြချင်ပါတယ်။ ဆက်ဆံရေးမှာ ဆရာတပည့် ဆက်ဆံရေး၊ ဆရာအချင်းချင်း ဆက်ဆံရေး၊ ဆရာနှင့် ဆရာကြီး ဆက်ဆံရေး၊ ဆရာနှင့် လုပ်သားပြည်သူ ဆက်ဆံရေးဆိုပြီး လေးမျိုးခွဲခြားပြထားပါတယ်။

အဲဒီအထဲမှာ ဆရာနှင့် တပည့် ဆက်ဆံရေးက နံပါတ်တစ်နေရာမှာ ရှိနေပါတယ်။ ဒါဟာ ဘာလဲဆိုတော့ ဆရာသည် နေ့စဉ် အချိန်တော်တော်များများမှာ တပည့်တွေနဲ့ ဆက်ဆံထိတွေ့နေသူဖြစ်ခြင်းကြောင့်ပဲ ဖြစ်ပါတယ်။

ဆရာတပည့် ဆက်ဆံရေးကို အကျယ်တဝင့်ရှင်းပြရရင် ဆရာသည် တပည့်များ အပေါ်တွင် စေတနာကောင်းထား၍ ဆက်ဆံရမည်၊ စာသင်သောအခါ ဝတ်ကျေတန်းကျေမသင်ဘဲ အပင်ပန်းခံသင်ရမည်၊ တပည့်များ၏ ရင်းနှီးခင်မင်မှုကို ရအောင် ဆက်ဆံရမည်၊ ကလေးများအပေါ်၌ သနားသင့်သည့် နေရာ၌ သနားသင့်သည်၊ သက်ညှာ သင့်သည့်နေရာ၌ သက်ညှာခြင်း၊ မိမိကိုယ်ကို ကလေးများ၏နေရာ၌ ထား၍ ကလေးများ၏ အပြုအမူများကို နားလည်တတ်ရမည်၊ ခွင့်လွှတ်တတ်ရမည်၊ ကလေးများနှင့် ရင်းရင်းနှီးနှီးဆက်ဆံရမည်၊ မျက်နှာကြီးမျက်နှာငယ်မလိုက်ရ။ ကလေးနှင့် ဆက်ဆံရာ၌ ၎င်းတို့၏ ပညာတတ်မြောက်ရေး၊ ပေါင်းသင်းဆက်ဆံမှုပြေပြစ်ရေး၊ အကျင့်စာရိတ္တ ကောင်းမွန်ရေးနှင့် စိတ်ဓာတ်ကောင်းမွန်လာရေးကို ရှေးရှုကာ လူရည်ချွန်၊ လူရည်မွန်ကလေးများ ဖြစ်လာစေရန် အမြဲတမ်းသတိနှင့်ယှဉ်၍ စေတနာ ကောင်းထားကာ ခင်မင်ရင်းနှီးဖော်ရွေစွာနှင့် ဆက်ဆံသင့်ပေသည်ဆိုပြီး ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။

ဒီအချက်တွေကို ကြည့်ခြင်းအားဖြင့် ဆရာဆိုတာ တပည့်များအပေါ်မှာ မိဘတစ်ဦးကဲ့သို့ ကျောသားရင်သားမခွဲ ခြားဘဲ ဆက်ဆံရမယ်၊ မေတ္တာထားရမယ် ဆိုတာ အထင်အရှားပါ။

ဒီနေ့လို နည်းပညာတိုးတက်လာတဲ့ခေတ်မှာ Facebook ဆိုတဲ့ Social Media အပေါ်မှာ မကြာခဏတွေ့နေရတဲ့ ဆရာ ဆရာမတွေနဲ့ ကျောင်းသားများအကြား၊ ဆရာ ဆရာမတွေနဲ့ ကျောင်းသားမိဘများအကြား ပြဿနာတွေဟာဆိုရင် ဆရာ တပည့်ဆက်ဆံရေးမပြေလည်မှုတွေက ဆင်းသက်လာကြတာချည်းပါပဲ၊ ဖြစ်မြောက်စေချင်တဲ့ ဆရာများ၏စေတနာ လွန်ကဲမှုတွေလို့ပဲ ခေါင်းစဉ်တပ်ပါရစေ။

အိုးသည်သည် အိုးကောင်းလိုချင်လျှင် နာနာရိုက်ရသည်ဆိုပေမယ့်လည်း တစ်ခါတစ်ရံ လိုအပ်တာထက် ပိုရိုက်မိရင်လည်း အိုးကွဲရမှာပါပဲ၊ တပည့်တစ်ယောက်ရဲ့ စိတ်ပိုင်းဆိုင်ရာကို ထိခိုက်နာကျင်သွားအောင် လုပ်မိရင်လည်း ပြန်ရမည့်ရလဒ်က အနုတ်လက္ခဏာပဲ ဖြစ်မှာပါ။ မလျော့လွန်းမတင်းလွန်း စောင်းကြိုးညင်းဆိုသကဲ့သို့ တစ်ဦးကမေတ္တာ၊ တစ်ဦးကစေတနာ သဘောသက်ရောက်အောင် ဆရာရဲ့နွေးထွေးတဲ့ မေတ္တာစေတနာကို တပည့်လေးတွေရကြရင် အဲ့ဒီတပည့်တွေဟာ သူတို့စိတ်ထဲမှာ ကျောင်းစာသင်ခန်းဆိုတာ ပျော်စရာကမ္ဘာလေးတစ်ခုဖြစ်နေမှာပါ။ ကျောင်းနေပျော်၍ စာတော်ရမည်ဆိုတဲ့ ဆောင်ပုဒ်နဲ့ညီအောင် ကျင့်ကြံရမှာက ဆရာတွေရဲ့တာဝန်ပါ၊ ဆရာတပည့် ဆက်ဆံရေးဆိုတဲ့ ပြဋ္ဌာန်းချက်အတိုင်းသာ လိုက်နာကျင့်ကြံနိုင်ရင် ဆရာတွေအနေနဲ့ ပြန်ရမှာက ပီတိဆိုတဲ့ကြည်နူးစရာလေးတွေပါ။

ကျွန်မခံယူထားတာကတော့ ဆရာတပည့်ဆက်ဆံရေးဟာ ဥယျာဉ်မှူးနှင့် ပန်းကလေးတွေပါပဲ။ ဆရာတွေဟာ ဥယျာဉ်မှူးတွေပါ။ တပည့်တွေကတော့ ပန်းပင်ကလေးတွေပေါ့။ ဥယျာဉ်မှူးတစ်ယောက်ဟာ သူ့ရဲ့ပန်းပင်ကလေးတွေကို ဘယ်အချိန်မှာ ရေလောင်းရမယ်၊ ဘယ်အချိန်မှာပေါင်းသင်ရမယ်၊ ဘယ်အချိန်မှာ အားဆေးကျွေးရမယ်ဆိုတာသိနေမှ သူ့ရဲ့ပန်းပင်ကလေးတွေမှာ လှပခံ့ညားတဲ့ ပန်းပွင့်ကလေးတွေ ပွင့်လာမှာဖြစ်ပါတယ်၊ ပန်းပင်ကလေးတွေ ကျန်းမာသန်စွမ်းပြီး လှပတဲ့ ပန်းပွင့်ကလေးတွေ ပွင့်လာတာကိုကြည့်ပြီး ကြည်နူးရတဲ့ပီတိမျိုးဟာ ဆရာတွေမှာသာလျှင် ခံစားရတာပါ၊ ကိုယ့်ရဲ့မေတ္တာစေတနာကြောင့် ပြန်ရတဲ့ပီတိတွေပါပဲ။

ကျောင်းဆရာမအဖြစ် ရပ်တည်နေတဲ့ ကျွန်မဟာလည်း တပည့်ပေါင်း မြောက်မြားစွာနဲ့ နေ့စဉ်ထိတွေ့နေရတာပါ၊ အလှာမျိုးစုံ၊ လူတန်းစားမျိုးစုံနဲ့ ဘဝအခြေအနေမျိုးစုံက တပည့်လေးတွေမှာ တူညီတဲ့အချက်တစ်ချက်ကတော့ ဆရာမအပေါ် သိပ်ချစ်ကြတာပါပဲ၊ အကြောင်းတစ်စုံတစ်ရာကြောင့် ကျွန်မကျောင်းပျက်ခဲ့လို့ ကျောင်းပြန်တက်တဲ့နေ့ကျရင် မိခင်ပျောက်တဲ့ကလေးတွေလို သူတို့သိပ်ဝမ်းသာကြတယ်၊ စာသင်ခန်းထဲကို ကျွန်မဝင်လာရင် လက်ခုပ်တီးပြီးတော့ကို ကြိုဆိုကြတယ်၊ ဆရာအင်အားမလုံလောက်တဲ့ ကျွန်မတို့ကျောင်းမှာ နဝမတန်းမြန်မာစာကို အချိန်ပိုင်းနဲ့ ကျွန်မသင်ပေးရပါတယ်။ အဲ့ဒီအချိန်မှာ တပည့်လေးတွေကို သင်ခန်းစာတွေပေးခဲ့ပြီး ခဏတော့လျစ်လျူရှုထားခဲ့ရပါတယ်။ အတန်းပြန်ဝင်ချိန်တိုင်း သူတို့လေးတွေ မကြာခဏပြောတဲ့စကားက ဆရာမရယ် နဝမတန်းကို သွားမသင်ပါနဲ့လား၊ ဒီမှာပဲ တစ်နေကုန်နေပေးပါလားတဲ့၊ သူတို့လေးတွေ နားလည်အောင် ပြန်ရှင်းပြပေးရတဲ့ စကားက သားတို့ သမီးတို့လိုပဲ သူတို့လည်း ကျောင်းသားတွေပါပဲ၊ သူတို့တွေမှာလည်း စာသင်ပေးရမယ့် ဆရာမ လိုအပ်နေလို့ပါလို့ ကျွန်မရဲ့တပည့်လေးတွေကို ရှင်းပြရသေးတယ်လေ၊ တကယ်တော့ သူတို့တွေက ကျွန်မနဲ့ တစ်နေကုန် အတူရှိချင်တဲ့ သူတို့ရဲ့ ဆန္ဒပါပဲလေ။

တစ်နေ့ မနက်ခင်းမှာတော့ သူတို့လေးတွေရဲ့ မမျှော်လင့်ဘဲ လုပ်ရပ်ကြောင့် ကျွန်မမျက်ရည်ဝဲမတတ် ဖြစ်ခဲ့ရပါတယ်။ နံနက်ပိုင်း ဘုရားရှိခိုး နာမည်ခေါ်၊ စာရင်းသွင်းပြီးတဲ့အချိန် ကျွန်မရဲ့စားပွဲပေါ်ကို သူတို့လေးတွေရဲ့ ထမင်းချိုင့်တွေ လာတင်ကြတော့တာပါပဲ၊ ရုတ်တရက် အံ့သြသွားပြီး ဘာလုပ်ကြတာလဲလို့ မေးမိတော့ ဆရာမစားဖို့ ဟင်းပေးတာပါတဲ့၊ ဆရာမကြိုက်တဲ့ချိုင့်က ဟင်းကို ယူစားပါတဲ့လေ၊ ကျွန်မရဲ့စားပွဲပေါ်မှာ ထမင်းချိုင့်လေးတွေ တန်းစီနေတာပါပဲရှင်၊ ကျွန်မ မမျှော်လင့်မိသော၊ ကျွန်မ မထင်မှတ်မိသော သူတို့လေးတွေရဲ့ လုပ်ရပ်ဟာ ကျွန်မရင်ကို လှုပ်ခတ်သွားစေခဲ့တာပါပဲ။

အဲဒီအချိန် ကျွန်မခံစားလိုက်ရတာက ပီတိဆိုတဲ့ ကြက်သီးထစရာကောင်းလှတဲ့ ခံစားမှု အိုး---- ဆရာမတွေရဲ့ ပီတိဆိုတာက ဒါလည်း ပါတာပါလား၊ ခေတ္တခဏ သူတို့ထမင်းချိုင့်လေးတွေကို ငေးကြည့်နေမိခဲ့ပါတယ်။ အဲဒီနေ့ကစလို့ နေ့စဉ်နေ့တိုင်း ကျွန်မရဲ့စားပွဲပေါ်မှာ ထမင်းချိုင့်လေးတွေကို မြင်တွေ့ရပါတယ်။ တကယ်တော့ သူတို့လေးတွေဟာ ကျွန်မရဲ့တပည့်လေးတွေ မဟုတ်ပါဘူး၊ ကျွန်မရဲ့သားသမီးတွေပါပဲ၊ သူတို့ ထမင်းချိုင့်လေးတွေထဲက သူတို့စိတ်ကျေနပ်အောင် ဟင်းနည်းနည်းစီ ယူစားနေရတဲ့ ကျွန်မဟာ နေ့စဉ် ဘာဟင်းရယ်လို့ အမည်တပ်လို့ မရလောက်အောင်ကို ကျွန်မထမင်းချိုင့်ထဲမှာ ဟင်းတွေရောလို့ရယ်လေ၊ သူတို့ ထမင်းချိုင့်ထဲမှာ ထည့်ထားတာက ထမင်းနဲ့ ဟင်းတွေဆိုပေမယ့် ကျွန်မမြင်လိုက်၊ ခံစားလိုက်ရတာက သူတို့ရဲ့ ချစ်ခြင်းမေတ္တာ စေတနာတွေပါပဲရှင်။

တကယ်တော့ ကျွန်မနေ့စဉ် စားနေတာ ထမင်းနဲ့ ဟင်းမဟုတ်ပါဘူး၊ ပီတိတွေကို စားနေတာပါ၊ ကျွန်မရဲ့စားပွဲပေါ်မှာ နေ့တိုင်းမြင်တွေ့နေရတဲ့ ထမင်းချိုင့်လေးတွေဟာ သာမန်ထမင်းချိုင့်လေးတွေ မဟုတ်ပါဘူး၊ မေတ္တာထမင်းချိုင့်လေးတွေပါ၊ မေတ္တာထမင်းချိုင့်လေးတွေပါပဲရှင်------------။

**အိုးသည်သည် အိုးကောင်းလိုချင်လျှင် နာနာရိုက်ရသည်ဆိုပေမယ့်လည်း တစ်ခါတစ်ရံ လိုအပ်တာထက် ပိုရိုက်မိရင်လည်း အိုးကွဲရမှာပါပဲ၊ တပည့်တစ်ယောက်ရဲ့ စိတ်ပိုင်းဆိုင်ရာကို ထိခိုက်နာကျင်သွားအောင် လုပ်မိရင်လည်း ပြန်ရမည့်ရလဒ်က အနုတ်လက္ခဏာပဲဖြစ်မှာပါ။ မလျော့လွန်းမတင်းလွန်း စောင်းကြိုးညင်းဆိုသကဲ့သို့ တစ်ဦးကမေတ္တာ၊ တစ်ဦးကစေတနာ သဘောသက်ရောက်အောင် ဆရာရဲ့နွေးထွေးတဲ့ မေတ္တာစေတနာကို တပည့်လေးတွေရကြရင် အဲ့ဒီတပည့်တွေဟာ သူတို့စိတ်ထဲမှာ ကျောင်းစာသင်ခန်းဆိုတာ ပျော်စရာကမ္ဘာလေးတစ်ခုဖြစ်နေမှာပါ။ ကျောင်းနေပျော်၍ စာတော်ရမည်ဆိုတဲ့ ဆောင်ပုဒ်နဲ့ညီအောင် ကျင့်ကြံရမှာက ဆရာတွေရဲ့တာဝန်ပါ၊ ဆရာတပည့် ဆက်ဆံရေးဆိုတဲ့ ပြဋ္ဌာန်းချက်အတိုင်းသာ လိုက်နာကျင့်ကြံနိုင်ရင် ဆရာတွေအနေနဲ့ ပြန်ရမှာက ပီတိဆိုတဲ့ကြည်နူးစရာလေးတွေပါ။**

## သုဝဏ္ဏဝတီမြို့ နန်းတောင်းစုလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပ

**သုဝဏ္ဏဝတီ အောက်တိုဘာ ၆**

မွန်ပြည်နယ် စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးမင်းကျော်လွင် တက်ရောက်အားပေး၍ သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက် နန်းတောင်းစုလမ်းအား ကွန်ကရစ်လမ်းသစ် ဆောက်လုပ်ပြီးစီး၍ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၅ ရက် ညနေ ၄ နာရီခန့်က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(ယာပုံ)**

အဆိုပါလမ်းသစ်ဖွင့်လှစ်ပွဲကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်၊ သုဝဏ္ဏဝတီမြို့ အုပ်ချုပ်ရေးမှူး စိုးသူရ၊ သထုံမြို့နယ်စည်ပင်သာယာရေးဦးစီးအရာရှိ ဦးသန့်ဇင်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါလမ်းသစ်သည် အရှည်ပေ ၁၄၀၀၊ အကျယ် ၁၂ ပေ၊ ထု ခြောက်လက်မရှိပြီး သထုံမြို့နယ်စည်ပင်က ငွေကျပ် ၃၄၂ သိန်း အကုန်အကျခံကာ ဒေသခံပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေချောမွေ့စေရန်အတွက် တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



"ဒီလမ်းက မိုးတွင်းမှာ သွားလာရခက်ခဲတဲ့လမ်းဖြစ်လို့ အဆင်ပြေအောင် ဆောင်ရွက်ပေးတဲ့ အစိုးရကို ကျေးဇူးတင်ပါတယ်"ဟု နန်းတောင်းစုလမ်းသာယာရေး ကော်မတီဝင် တစ်ဦးက ပြောသည်။ **ခွန်(ဝင်းပ)**

## ကျောက်ဖြူမြို့နယ်၌ စီမံကိန်းကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေး

**ကျောက်ဖြူ အောက်တိုဘာ ၆**

ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနေထက်ရှိန်နှင့်အဖွဲ့သည် အောက်တိုဘာ ၂ ရက်က ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ တတိယနှစ် အကောင်အထည်ဖော်ဆောင် ရွက်နေသော နှမ်းဖဲတောင်ကျေးရွာ မြစိမ်းရောင်စီမံကိန်းနှင့် ဒုတိယနှစ် အကောင်အထည်ဖော်ဆောင်ရွက်နေသော ပြိုင်းစေ့ကေကျေးရွာမြစိမ်းရောင်စီမံကိန်းတို့ရှိ ကော်မတီဝင်များနှင့် တွေ့ဆုံပြီး စီမံကိန်းချေးငွေဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ ကျောက်ဖြူမြို့နယ်အတွင်း၌ စီမံကိန်းကျေးရွာ ၂၆ ရွာရှိပြီး စုစုပေါင်း ၂၃၀၀ ဦးအား ငွေကျပ်သန်း ၇၈၀၀၀ ကို ထုတ်ချေးထားပြီးဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မသုံးခင်မှာဆင်ခြင်ဖွယ် ပလတ်စတစ်အန္တရာယ်

လူတိုင်းလူတိုင်း ကိုယ်နေထိုင်ရာမြို့ကို သန့်ရှင်းလှပပြီး သဘာဝအတိုင်း အေးချမ်းသာယာနေတဲ့ မြို့တစ်မြို့အဖြစ် အမြဲမြင်တွေ့လိုကြပါတယ်။




သို့ပေမယ့် မြို့ရဲ့အလှအပတွေကို ဖျက်ဆီးပြီး သဘာဝပတ်ဝန်းကျင်ကို ပျက်စီးယိုယွင်းစေတဲ့အကြောင်းတရားတွေထဲမှာ မြို့သူမြို့သားတွေ ကိုယ်တိုင်သတိမထားမိဘဲ ကျူးလွန်မိတဲ့ကိစ္စကတော့ ပလတ်စတစ်အိတ်တွေ၊ ပလတ်စတစ်ရေဘူးတွေကို လွယ်လင့်တကူ လက်ခံသုံးစွဲနေခြင်းပဲ ဖြစ်ပါတယ်။

မနက်မိုးလင်းချိန် နံနက်စာဝယ်တဲ့အချိန်ကနေစပြီး ထိတွေ့သုံးစွဲနေကြတဲ့ ကြွပ်ကြွပ်အိတ်လို့ သိကြတဲ့ တစ်ခါသုံးပလတ်စတစ်အိတ်တွေ၊ ပလတ်စတစ်ရေသန့်ဘူး၊ အချိုရည်ဘူးတွေကို အသုံးပြုပြီးတိုင်း အလွယ်တကူ စွန့်ပစ်နေခြင်းဟာ ကိုယ်နေထိုင်ရာ မြို့ရွာရပ်ကွက်ရဲ့ သဘာဝပတ်ဝန်းကျင်နဲ့ အလှတရားတွေ တစ်စစ ယိုယွင်းထိခိုက်လာမယ်ဆိုတာကို သဘောပေါက်သိရှိပြီး ဒီအန္တရာယ်တွေ မကျရောက်အောင် ဘယ်သူတွေကများ ကာကွယ်စောင့်ရှောက်မလဲဆိုတာ စိတ်ဝင်စားစရာပါ။

ဈေးဝယ်ထွက်တဲ့အခါတိုင်း ပလတ်စတစ်အိတ်တွေအစား Recycle လုပ်နိုင်တဲ့ ဈေးဝယ်အိတ်လေးဆောင်ထားပြီး ပလတ်စတစ်သောက်ရေသန့်ဘူးတွေအစား ကိုယ့်ရေဘူးနဲ့ကိုယ်သုံးရင်း အမှိုက်ကိုလည်း စနစ်တကျ စွန့်ပစ်မယ်ဆိုရင် အဲ့ဒီသူဟာ မိမိမြို့ကို သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုတွေ မတိုးပွားလာအောင် တစ်ထောင့်တစ်နေရာကနေ စောင့်ရှောက်ကာကွယ်နေတဲ့ City Hero တစ်ယောက် ဖြစ်သွားပါပြီ။

တိုးတက်လာတဲ့ နည်းပညာတွေနဲ့အတူ ယနေ့လူသားတွေရဲ့ အသုံးအဆောင်ပစ္စည်းတွေထဲမှာ မော်တော်ယာဉ်ကစလို့ ကြွပ်ကြွပ်အိတ်အဆုံး ပလတ်စတစ်ကို အသုံးပြုကြပါတယ်။ ဒီအထဲမှာ မနက်မိုးလင်းကတည်းက လူတွေ အဓိကအသုံးပြုတဲ့ပစ္စည်းကတော့ တစ်ခါသုံး ပလတ်စတစ်အိတ်၊ ရေသန့်ဘူး၊ ဖော့ဘူးတွေပါပဲ။

ကျွန်တော်တို့နိုင်ငံမှာ အများဆုံး မြင်ရတာကတော့ ပစ္စည်းထုပ်ပိုးသယ်ယူရာမှာ အသုံးဝင်လှတဲ့ ကြွပ်ကြွပ်အိတ်ပါပဲ။ နောက်ထပ်ပစ္စည်းကတော့ တစ်ခါသုံးပလတ်စတစ်ရေသန့်ဘူးပါ။ ကမ္ဘာပေါ်မှာ နှစ်ပေါင်း ၄၀၀ ကျော် မပျက်စီးမယ့် ဒီပစ္စည်းတွေကို ဖောဖောသီသီ သုံးစွဲမှုရဲ့ အကျိုးဆက်ဟာ ကမ္ဘာမြေထုနဲ့ ပင်လယ်သမုဒ္ဒရာထဲမှာ အမှိုက်ပုံကြီးဖြစ်လို့ လာပါပြီ။

ကြွပ်ကြွပ်အိတ်တွေကို ကမ္ဘာအနှံ့မှာ သုံးစွဲမှုဟာ နှစ်စဉ် ဘီလျံ ၅၀၀ အထိရှိနေပြီး ဒါတွေကို မြေကြီးပေါ်တန်းစီချလိုက်မယ်ဆိုရင် ကမ္ဘာကို အကြိမ်ပေါင်း ၄၂၀၀လောက် ပတ်နိုင်တယ်လို့ ဩစတြေးလျ၊ ပြင်သစ်၊ ဂျာမနီ၊ နယူးဇီလန်၊ မြောက်အမေရိက၊ တောင်အာဖရိက၊ ဆွီဒင်၊ ယူနိုက်တက်ကင်းဒင်း UK တို့မှာ အခြေစိုက်လုပ်ကိုင်နေတဲ့ သမုဒ္ဒရာကယ်ဆယ်ရေးအဖွဲ့ Ocean Crusaders က ဆိုထားပါတယ်။

ဩစတြေးလျနိုင်ငံမှာ ၂၀၀၉-၂၀၁၀ တစ်နှစ်အတွင်း တစ်လီတာဝင် ရေသန့်ဘူးပေါင်း ၅၈၂.၉ မီလျံအထိ ထုတ်လုပ်သုံးစွဲခဲ့ပြီး အဲဒီအရေအတွက်ရဲ့ ၃၆ ရာခိုင်နှုန်းကိုပဲ ပြန်အသုံးပြုနိုင်ခဲ့ပြီး ကျန်တဲ့ အရေအတွက်ဟာ အမှိုက်အဖြစ် တင်ကျန်ရစ်ခဲ့တယ်လို့ Ocean Crusaders အဖွဲ့ရဲ့ ကိန်းဂဏန်းတွေအရ သိရပါတယ်။

ဒီအရာတွေကို မြန်မြန်ဖျက်ဆီးဖို့ဆိုရင် မီးရှို့ခြင်းနည်းလမ်းတစ်ခုတည်းရှိပြီး အဲ့ဒီနည်းလမ်းကို သုံးမယ်ဆိုရင် လေထုညစ်ညမ်းမှုဖြစ်ပေါ်မှု မြင့်မားလွန်းတာကြောင့် အစိုးရတွေက သုံးစွဲမှုလျှော့ချခြင်းနည်းလမ်းကို တိုက်တွန်းနေကြပါတယ်။

မြန်မာပြည်မှာလည်း နောက်ဖေးလမ်းကြားကစလို့ အထင်ကရလမ်းမကြီးတွေပေါ်အထိ အများဆုံးတွေ့ရတဲ့ အမှိုက်ကို ပြပါဆိုရင် ပလတ်စတစ်နဲ့ လုပ်ထားတဲ့ တစ်ခါသုံး သောက်ရေသန့်ဘူးခွံတွေနဲ့ ကြွပ်ကြွပ်အိတ်တွေပါပဲ။ မြန်မာပြည်မှာ ဖွံ့ဖြိုးပြီးနိုင်ငံတွေလို ပလတ်စတစ်ကပေးတဲ့ ဆိုးကျိုးကို ကြီးကြီးမားမားမတွေ့ရသေးပေမယ့်လည်း လက်ရှိသုံးစွဲနေတဲ့ပုံစံမျိုးနဲ့ ဆက်သွားနေမယ်ဆိုရင်တော့ ဒီလိုဆိုးကျိုးမျိုးကို မလွဲမသွေရင်ဆိုင်ကြုံတွေ့ရမှာ ဖြစ်ပါတယ်။

ပလတ်စတစ်အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်အောင် ပြီးခဲ့တဲ့ အစိုးရလက်ထက် အမျိုးသားလွှတ်တော်မှာလည်း ဥပဒေကြမ်းရေးဆွဲဖို့ ဆွေးနွေးခဲ့ဖူးတာတွေလည်းရှိပါတယ်။ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ စီးပွားရေးလုပ်ငန်းတွေဘက်ကလည်း တစ်ဖက်တစ်လမ်းက ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါတယ်။

မကြာသေးခင်ကပဲ နာမည်ကြီး ရုပ်ရှင်သရုပ်ဆောင်တွေကိုယ်တိုင် ပုဂံဒေသမှာ "Say, No Plastic bag" ပလတ်စတစ်အိတ်သုံးစွဲခြင်းကို ငြင်းဆိုပါဆိုတဲ့ လက်ကမ်းစာစောင်တွေဝေပြီး ပလတ်စတစ်အိတ်သုံးတာကို လျှော့ချဖို့အတွက် ပညာပေးဆောင်ရွက်မှုတွေ လုပ်ဆောင်ခဲ့တာတွေ့ရပါတယ်။

လွန်ခဲ့တဲ့ ၂၀၁၄ ခုနှစ်ကစလို့ ရန်ကုန်မြို့ရှိ City Mart Super market ဆိုင်ခွဲများ အားလုံးတွေမှာလည်း "No Plastic Bag Day" အစီအစဉ်တစ်ရပ်ကို လတစ်လရဲ့ ၅ ရက်နေ့တိုင်းနဲ့ Marketplace by City Mart ဆိုင်တွေမှာ လတစ်လရဲ့ နောက်ဆုံးတနင်္လာနဲ့ အင်္ဂါနေ့တွေမှာ ဈေးဝယ်သူတွေနဲ့အတူ ပူးပေါင်းဆောင်ရွက်မှုနဲ့ အကောင်အထည်ဖော်ခဲ့ပါတယ်။

ဒါ့အပြင် တစ်ခါသုံး ပလတ်စတစ်အိတ်အစား အကြိမ်ကြိမ် ပြန်လည်လျှော်ဖွပ်သုံးစွဲနိုင်တဲ့ Reusable bag၊ ရေသန့်ဘူးအစား ကိုယ်ပိုင် ရေဘူးငယ်လေးတွေကို အစားထိုးသုံးစွဲပြီး မိမိရဲ့မြို့ကို သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကနေ ကာကွယ်ပေးကြဖို့ တိုက်တွန်းအားပေးတဲ့အနေနဲ့ City Hero Kit တွေကိုလည်း စက်တင်ဘာ ၂၁ ရက်ကနေစတင်ပြီး ရောင်းချပေးနေကြောင်း သိရပါတယ်။

City Hero Kit ဘူးထဲမှာတော့ City Hero အမှတ်တံဆိပ်နဲ့ ဈေးဝယ်တဲ့အခါ သုံးတဲ့ shopping bag၊ ကိုယ်ပိုင်ရေဘူး၊ ရင်ထိုးတစ်ခုနဲ့ City Hero အဖြစ် ဂုဏ်ပြုတဲ့ ကတ်ပြားတွေ ပါဝင်ပါတယ်။ City Hero Kit တစ်စုံလုံးကို ကျပ် ၅၀၀၀ နဲ့ ရောင်းချပေးလျက်ရှိပြီး အရေအတွက် ကန့်သတ်ထုတ်လုပ်ထားပါတယ်။

City Hero ရေဘူးကို ဖွင့်ကြည့်လိုက်ရင် အတွင်းဘက်မှာ အညိုရောင်မြေထည်နဲ့ လုပ်ထားတာကို တွေ့ရမှာပါ။ အအေးဓာတ်ကို ကြာရှည်ထိန်းနိုင်ပြီး သောက်ရေအိုးထဲက ရေကိုသောက်ရသလို ခံစားရအောင် ပြုလုပ်ထားတဲ့အတွက် အပူထက် ရေအေးထည့်ဖို့ ပိုပြီးသင့်တော်ပါတယ်။

အကြိမ်ကြိမ်လျှော်ဖွပ်အသုံးပြုနိုင်တဲ့ City Hero ဈေးဝယ်အိတ်က ခေါက်သိမ်းထားရင် လက်တစ်ဝါးစာလောက်ပဲရှိပြီး ချိတ်ကွင်းလည်းပါတာမို့ ကိုယ့်ရဲ့ကျောပိုးအိတ်၊ လက်ဆွဲအိတ်မှာ ပေါ့ပေါ့ပါးပါးဆောင်ထားနိုင်ပါတယ်။ City Hero ရင်ထိုးကို ကိုယ့်မြို့ကိုယ့်ရွာရဲ့ သဘာဝပတ်ဝန်းကျင်ကို စောင့်ရှောက်သူတစ်ဦးအဖြစ် ဦးထုပ်၊ အင်္ကျီ၊ လွယ်အိတ်ကျောပိုးအိတ်တွေမှာ ဂုဏ်ယူစွာ အလှဆင်နိုင်ပါတယ်။

City Hero Kit မှာ ပလတ်စတစ်အိတ်အစား ကိုယ်ပိုင်အိတ်လေးနဲ့ Shopping ထွက်နိုင်ဖို့ City Hero ဈေးဝယ်အိတ်၊ ပလတ်စတစ်ရေသန့်ဘူးတွေ အစား ကိုယ်ပိုင်ရေဘူးလေးနဲ့ ကိုယ်သုံးနိုင်ဖို့ City Hero ရေဘူး၊ City Hero အဖြစ် ဂုဏ်ယူနိုင်ဖို့ City Hero အမှတ်တံဆိပ်ရင်ထိုးလေးတွေပါဝင်ပါတယ်။ ရန်ကုန်မြို့ရဲ့ City Hero များအတွက် အရေအတွက် ကန့်သတ်ပြီးသာ ထုတ်လုပ်ထားပါတယ်။ City Hero အမှတ်တံဆိပ်လေးများကို တွေ့တိုင်း မလိုအပ်ဘဲ ပလတ်စတစ်ပစ္စည်းတွေ လျှော့ချ အသုံးပြုဖို့ သတိပြုမိကြဖို့လည်း မျှော်လင့်ပါတယ်။ အထူးသဖြင့် City Hero Kit ရောင်းရငွေအားလုံးကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေမှာ အသုံးပြုသွားမယ်လို့ Marketing Executive မနှင်းလဲ့ဝေက ပြောပါတယ်။ ဖျက်ဆီးပစ်ဖို့ ခက်ခဲသလို ပျက်စီးဖို့လည်းနှစ်ပေါင်းရာချီအောင် ကြာမြင့်တဲ့ တစ်ခါသုံး ပလတ်စတစ်အိတ်တွေကို အသုံးမပြုခင်ကတည်းကဘဲ တတ်နိုင်သမျှမသုံးစွဲဖြစ်အောင် ကြိုးပမ်းမှသာ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုတွေ မဖြစ်စေဖို့ တားဆီးကာကွယ်နိုင်မှာဖြစ်ပါတယ်။ ပလတ်စတစ်တွေဟာ အမှိုက်ဖြစ်သွားချိန်မှာ Recycle ပြုလုပ်ရတာဟာ ငွေကြေးကုန်ကျများတဲ့အပြင် ပျက်စီးဖို့ကြာမြင့်တာကြောင့် မြေဆီလွှာ၊ သက်ရှိတွေနဲ့ သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာ ထိခိုက်စေတာကို သတိပြုမိပြီး တစ်ခါသုံး ပလတ်စတစ်အိတ်တွေ၊ ရေသန့်ဘူးတွေကို မိမိကိုယ်တိုင် တတ်နိုင်သမျှ လျှော့ချသုံးစွဲသလို နီးစပ်ရာပတ်ဝန်းကျင်ကိုလည်း ကောင်းမွန်တဲ့ ဒီအလေ့အကျင့်တွေ ပြန့်ပွားအောင် ဆောင်ရွက်နိုင်မှသာ မိမိနေထိုင်ရာ မြို့ရွာဒေသရဲ့ ပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရာ ရောက်မှာပါ။




သဘာဝပတ်ဝန်းကျင်ကို အလေးထားဂရုစိုက်သူ၊ အမှိုက်ကိုစနစ်တကျစွန့်ပစ်သူ၊ ပလတ်စတစ်အိတ်နဲ့ ရေသန့်ဘူးတွေကို လျှော့ချသုံးစွဲပြီး မြို့ရဲ့ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို တားဆီးကာကွယ်ပေးမယ့် City Hero တွေကို သင့်ရဲ့မြို့က စောင့်မျှော်လျက်ရှိတာကြောင့် ယနေ့ပဲ City Hero အဖြစ် ပြောင်းလဲလိုက်ကြပါစို့။

## အများပိုင်ကုမ္ပဏီဖွဲ့စည်း၍ အဆင့်မြင့်ရော်ဘာ ထုတ်လုပ်မည်

**သံဖြူဇရပ် အောက်တိုဘာ ၆**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် အများပိုင်ကုမ္ပဏီနှင့် အဆင့်မြင့်ရော်ဘာစက်ရုံကို ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ပံ့ပိုးမှုအရ သံဖြူဇရပ်မြို့နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ဦးဆောင်၍ အောက်တိုဘာ ၂ ရက်က စတင်ဖွဲ့စည်းတည်ထောင်ပြီး အဆင့်မြင့်ရော်ဘာများ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သံဖြူဇရပ်မြို့နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ဦးဆောင်တည်ထောင်သော အများပိုင်ဖြစ်သည့် ရတနာရွှေဖြူ ကမ္ဘာ့ဈေးကွက်ဝင် အဆင့်မြင့်ရော်ဘာပြား ထုတ်လုပ်မည့်စက်ရုံကို တည်ထောင်ရန် စက်တင်ဘာလ တတိယပတ်မှစတင်၍ အစုရှယ်ယာရှင်များ ဖိတ်ခေါ်ခဲ့သည်။ သတ်မှတ်ကာလအတွင်း မူလမျှော်မှန်းထားသည့် အစုရှယ်ယာများ အပြည့်အဝ ပါဝင်ခဲ့ခြင်းကြောင့် အောက်တိုဘာ ၂ ရက်မှစ၍ အုပ်ချုပ်မှုဒါရိုက်တာအဖြစ် ဦးအောင်ရွှေ ဦးဆောင်သည့် လုပ်ငန်းဒါရိုက်တာ ၁၁ ဦးနှင့် ကျွမ်းကျင်ပညာရှင်များပါဝင်သောအဖွဲ့ကို ရှယ်ယာရှင်များက ရွေးချယ်ဖွဲ့စည်းသည်။ ဒါရိုက်တာအဖွဲ့က ဦးဆောင်၍ အဆင့်မြင့်ရော်ဘာစက်ရုံတစ်ရုံကို သံဖြူဇရပ်-ကျိုက္ခမီကားလမ်းဘေး မြေနေရာ၌ စတင်ဆောက်လုပ်နေပြီး စက်ရုံအနေဖြင့် ယခုနှစ် ရော်ဘာရာသီအချိန်မီ ထုတ်လုပ်မှုစတင်သွားမည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံ၏ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုတွင် မွန်ပြည်နယ်သည် စိုက်ပျိုးမှုအများဆုံးပြည်နယ်ဖြစ်ပြီး ပြည်နယ်အတွင်းမှ သံဖြူဇရပ်မြို့နယ်သည်လည်း ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုများသော မြို့နယ်တစ်ခုဖြစ်သည်။ သို့သော် ဒေသတွင်းမှ ရော်ဘာခြံ လုပ်ငန်းရှင်အများစု ထုတ်လုပ်သော ရော်ဘာပြားအရည်အသွေးမှာ အဆင့်နိမ့်ပြီး ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်မှုမရှိခြင်းကြောင့် လက်ရှိအချိန်တွင် ထုတ်လုပ်နေသည့် အဆင့်နိမ့်ရော်ဘာများကို ဈေးကွက်မဝင်သည့် ဈေးနှုန်းအနိမ့်ဖြင့် ရောင်းချနေရပြီး ခြံရှင်များ၊ တောင်သူများအတွက် ဝင်ငွေနှင့် အကျိုးအမြတ် များစွာ နစ်နာမှုရှိနေကြောင်း သိရသည်။

ကျော်ဝင်း(ပြန်/ဆက်)

## ဇင်းကျိုက်ရေတံခွန်၌ လာရောက်လည်ပတ်သူများ စည်ကား

**ဇင်းကျိုက် အောက်တိုဘာ ၆**

မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်မြို့ ကျောက်သဘော်ရေတံခွန် အပန်းဖြေစခန်း၌ သီတင်းကျွတ်လပြည့်နေ့က ရပ်ဝေးရပ်နီးမှ လာရောက်လည်ပတ် အပန်းဖြေသူများ၊ ဘုရားဖူးလာသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

အဆိုပါ ဇင်းကျိုက်ကျောက်သဘော်ရေတံခွန် အပန်းဖြေစခန်းသည် ဝါတွင်းကာလအဝင်ဖြစ်သော ဝါဆိုလပြည့်နေ့မှစပြီး ဝါကျွတ် သီတင်းကျွတ်လပြည့်နေ့အထိ လည်ပတ်သူများနှင့် အပန်းဖြေလာရောက်သူ များပြားလေ့ရှိကြောင်း သိရသည်။

“သီတင်းကျွတ်ကျောင်းပိတ်တာနဲ့ဆိုတော့ ကျွန်တော်တို့ သူငယ်ချင်းတွေစုပြီး မော်လမြိုင်ဘက်ကိုလည်ပတ်ရင်းနဲ့ ရေတံခွန်ကို လမ်းကြုံဝင်ဖြစ်တာပါ။ ဒီမှာ ရေတံခွန်ရဲ့သဘာဝအလှအပ၊ တောတောင်တွေရဲ့ သဘာဝအလှအပတွေကို တွေ့ရတယ်။ တကယ့်ကို အပန်းဖြေချင်စရာ နေရာလေးတစ်ခုပါပဲ”ဟု ရန်ကုန်မြို့မှ အလည်အပတ် လာရောက်သူ လူငယ်တစ်ဦးက ပြောသည်။

နေခြည်(ဇင်းကျိုက်)


အချိန်နေရာမရွေး
ချက်ချင်းမြန်မြန်ငွေလွှဲရန်
M-ပိုက်ဆံနဲ့ ငွေဖြည့်ပြီး
ဖုန်းငွေ ၂၀ ရယူပါ
M-ပိုက်ဆံ
*999#
ကို ခေါ်ဆို
စာရင်းသွင်းပြီး
App ကို
ဒေါင်းလုတ်ရယူပါ
ooredoo
စည်းမျဉ်းစည်းကမ်းများအတိုင်းသာ

Step | DIVA | SOLO | VJM Victory Jewellery Management Co., Ltd | OASIS | Caspar | Classic Collection | HEINH | Style Kids | REFORM | Sweetie kids

T-Zar | KS Collection | Iris Beauty | GIFFARINE | Kool | i-MAX

Casablanca | AURA | TRUE | TEN | ZEAL collection | VANSON

Forever | နီလာ ပိုးထည် | Forever | TODAY | TRI | DELIGHT

HORN | CADDE CLUB | OM | YUKI & AKI | BABY House | PTK

ရွှေနဒီ | Mizz | PWINTOO | D cash | Fashion Idol | Pu Pu Kids Fashion

1st GENERATION | Nana | limelight | CNC men's wear | essence cosmetics | YY Kids

Kiddo Juniors | Fa Ra | SHOE GALLERY | FREEWAY | Lynsy | Little Baby




● 29 September - 8 October 2017 ( All Branches )

● အထူးလျှော့ဈေးများနှင့် ဂမုန်းပွင့်ဆိုင် အားလုံးတွင် ဝယ်ယူ အားပေးနိုင်ပါသည်။



မူးလျှင်ရှူ-မောလျှင်သောက်

TMR000849(0516)

ကြော်ငြာခွင့် ပြုချက်အမှတ် - တဆဝက(စာနယ်ဇင်း)၁၄၅/၁၁၁၇

**ရွှေမှန်နန်း** အမှတ်တံဆိပ်

ပန်းပေါင်းစုံ **သွေးဆေး**

အမူးအမောများခြင်း၊ ထိုင်မော၊ ထမောဖြစ်ခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊
အစားအသောက်ပျက်ခြင်း၊ အသား အရေစိုပြေမှုကင်းခြင်း၊ တင်းတိပ်ထွက်ခြင်း၊
မီးယပ်ကွက်များထွက်ခြင်းနှင့် မီးယပ်သွေးဆုံးရောဂါများအတွက်
မြန်မာ့ဆေးစွမ်းကောင်း

ဖြန့်ချိရေး - အမှတ်(၁၀၂)၊(၃၈)လမ်းအောက်၊ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၃၇၆၈၀၈၊ ၅၄၉၀၄၂၊ ၅၉၀၀၃၄။



**ကားမျိုးစုံငှားသည်။**

ခရီးစဉ်မျိုးစုံနှင့် လချုပ်များအတွက် ကားမျိုးစုံငှားနိုင်ပါသည်။ ယဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။

MT&K Tours Ph:01-656573
09-975599880, 09-31065335



မနောရမ္မပညာဒါနသင်တန်းများဖွင့်မည်

စမ်းချောင်းမြို့နယ်၊ အရှေ့ဥယျာဉ်တိုက်၊ မနောရမ္မပညာဒါနကျောင်းတွင် ဝါရင့်ဆရာ/ဆရာမကြီးများကိုယ်တိုင်အင်္ဂလိပ်၊ ပြင်သစ်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ဂျာမန်၊ ထိုင်း၊အီလက်ထရွန်းနစ်၊ **Management**၊ ကွန်ပျူတာသင်တန်း၊ စာရင်းကိုင် **LCCI- I+II** သင်တန်းများနှင့် ဖုန်းပြင် **Hardware/Software** သင်တန်းများကို ပညာဒါနအဖြစ်သင်ကြားပေးမည်။

သင်တန်းအားလုံး – ၂၁–၁၀–၂၀၁၇ ရက်ဖွင့်မည်။

စုံစမ်းရန် – အရှေ့ဥယျာဉ်တိုက်၊ဗဟိုလမ်း(ရှမ်းလမ်း) တရားရုံးအနောက်(ဓာတ်ဆီဆိုင်အနီး) (စမ်းချောင်း)
၀၁–၅၃၇၀၂၆၊၅၁၈၀၂၄၊၀၉–၇၇၁၁၆၆၃၂၀



**ဒဂုံမြို့သစ်**

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်းများရှိ မြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

ဖုန်း–၀၉–၈၆၂၃၁၈၈
ဖုန်း–၀၉–၅၀၈၄၁၂၉



**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

ရန်ကုန်–ပုသိမ်လမ်းမ၊ လှိုင်သာယာတိုးကိတ်အနီး မျက်နှာစာပေ(၈၀)×နောက်ပေ(၆၇၀)၊ အဆောက်အဦ တံတားပါ၊ မြေပိုင်/အုတ်ခံကပြီး ၁ဧက 2500L

Ph: 09-785084831



**အောင်သရဖူ**

အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

လူကြီးမင်းတို့၏အိမ်ခန်း၊ရုံးခန်းများ ပြောင်းရွှေ့ခြင်းအတွက် အလုပ်သမား နှင့် ကားစီစဉ်ပေးသည်။

အမှတ်–၁၈၃၊မြမယ်မုံအိမ်ရာ၊ လေးထောင့်ကန်လမ်းမ၊

09254009334,
09254009335,
09254009336



**လက်ရှိငှားရမ်းနေသော နေရာကောင်း ဆိုင်းဘုတ်နေရာရောင်းရန်**

❖ ရန်ကုန်–မန္တလေး အမြန်လမ်းတိုးဂိတ်အနီး
❖ ၁၁၅ မိုင် ယာဉ်ရပ်နားစခန်း
❖ မိတ္ထီလာယာဉ်ရပ်နားစခန်း

09-773173300, 09-785505018



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4G/7973 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**



**မြေကွက်များ ဈေးကောင်းပေးဝယ်လိုသည်။**

ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း)တို့တွင် မြေကွက်များ ဝယ်လိုသည်။

✲အိမ်ခြံအရောင်းအဝယ်ပွဲစားခများ ပွဲခပေးရန်မလို✲

Ph: 01-2339310, 01-2339355, 01-578044



**6TH YEAR ANNIVERSARY BIG SALE**

**05-10-2017 to 03-11-2017**

ကျွန်းဂေဟာ အဆင့်မြင့်ပရိဘောဂ

လက်လွတ်မခံသင့်သည့် အထူးအခွင့်အရေး

ဝယ်ယူအားပေးသော Customer များကို ကျေးဇူးတုန့်ပြန်သောအားဖြင့် 10% to 50% **Discount** (မူလဈေးနှုန်းကိုပြုပြင်ထားခြင်းမရှိပါ) ပေါင်းခံပြီးသောကျွန်းသားကို အဆင့်မြင့်စက်ကြီးများဖြင့်ပြုလုပ်ထားသော ပရိဘောဂပစ္စည်းများကို အာမခံဖြင့် ရောင်းချပေးပါသည်။



Contact us -
09-250398536
09-458707139






Add : No.27(B), Kabar Aye Pagoda Rd, Yankin T/s.



ဝိတိုရိယဆေးရုံ
Victoria Hospital

HVC
Heart & Vascular Centre

ဝိတိုရိယဆေးရုံ နှလုံးနှင့်သွေးကြောဌာနတွင်
**Bulgaria** နိုင်ငံမှနှလုံးနှင့်သွေးကြောအထူးကုဆရာဝန်ကြီးသည်
အပတ်စဉ်တနင်္လာနေ့မှ သောကြာနေ့အတွင်း
မနက် (၁၀:၀၀) နာရီမှနေ့လည် (၁၂:၀၀) နာရီ နှင့်
ညနေ (၄:၀၀) နာရီမှ ညနေ (၆:၀၀) နာရီအထိ
ပြင်ပလူနာများကြည့်ရှုပေးသွားမည်ဖြစ်ကြောင်း
သတင်းကောင်းပါးအပ်ပါသည်။

**လူနာစာရင်းပေးသွင်းလိုပါက**

Hunt Line - +95 1 9666141
Hot Lines - +95 9 783666 141~4 Ext - 7080 (or) 2



**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် 6H/2672 ယာဉ်လက်ဝယ်ရှိသူ ဦးတင်မြင့် ၉/မမန(နိုင်)၀၅၂၆၅၃ မှ ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## အောက်တိုဘာလ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၆**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် အောက်တိုဘာ ၁ ရက်မှ ၇ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများနှင့် အောက်တိုဘာ ၈ ရက်မှ ၁၂ ရက်အတွင်း မြန်မာတစ်ပြည်လုံးမှ ဆုတ်ခွာသွားနိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းသုံးကြိမ် ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်မှာ ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

ချင်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမှုထက်ပိုပြီး စာမျက်နှာ ၅ ကော်လံ ၁ ❏

## မိတ္ထီလာ မိုးကောင်းအန္တကူရေလယ်ဘုရားသို့သွားရာ သစ်သားတံတားပေါ် ကန်ရေကျော်လျက်ရှိ

**ချမ်းသာ (မိတ္ထီလာ)**

**မိတ္ထီလာ အောက်တိုဘာ ၆**

မိတ္ထီလာမြို့ မိတ္ထီလာကန်တောင်ကန်အတွင်းရှိ မိုးကောင်းအန္တကူရေလယ်ဘုရားသို့သွားရာ သစ်သားတံတားပေါ်တွင် အောက်တိုဘာ ၆ ရက် နံနက်ပိုင်းက ကန်ရေကျော်လျက်ရှိပြီး ကန်မှာလည်း ရေပြည့်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါတံတားပေါ်တွင် မိတ္ထီလာကန်ရေကျော်နေပြီး ဘုရားဖူးရာရင်ပြင်တော်ပေါ်တွင်လည်း ကန်ရေများ ဝင်ရောက်ကျော်လွန်နေသောကြောင့် ဘုရားဖူးလာသူများ ဘုရားဖူးမြော်ကန်တော့ခြင်း လတ်တလောတွင် ပြုလုပ်နိုင်ခြင်းမရှိကြောင်း တွေ့ရသည်။ အောက်တိုဘာ ၅ ရက်(သီတင်းကျွတ်လပြည့်နေ့) ညနေပိုင်းအချိန်အထိ မိုးကောင်းအန္တကူရေလယ်ဘုရားသို့သွားရာ သစ်သားတံတားပေါ်တွင် ကန်ရေကျော်ခြင်းမရှိခဲ့ဘဲ ညပိုင်းအချိန်တွင် မိုးအဆက်မပြတ်ရွာသွန်းခြင်း၊ ကန်အတွင်းသို့ စီးဝင်သည့် ချောင်းများမှ ရေများဝင်ရောက်ခြင်းတို့ကြောင့် အဆိုပါတံတားပေါ်တွင် ကန်ရေကျော်သည်အထိ ကန်ရေပြည့်လာခြင်းဖြစ်သည်။ ဒေသခံများ၏ ကန်ရေပြည့်မှတ်ဟု စာမျက်နှာ ၅ ကော်လံ ၃ ✣



# ရန်ကုန်မြို့၌ ပထမဆုံးစတင်ပြေးဆွဲမည့် Yangon water Bus ခရီးစဉ်စဆုံး ငွေကျပ် ၃၀၀ နှုန်းသတ်မှတ်



ပထမဆုံးစတင်ပြေးဆွဲမည့် Yangon Water Bus ရေယာဉ်များ ဆိပ်ကမ်း၌ ဆိုက်ကပ်ထားစဉ်

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-တင်စိုး**

**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် အောက်တိုဘာ ၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ဗိုလ်တထောင်ဆိပ်ကမ်းနှင့် အင်းစိန်ခုံးကျော်တံတား ပထမဆုံးစတင်ပြေးဆွဲပေးမည့် Yangon Water Bus ခရီးစဉ် စ/ဆုံး လမ်းကြောင်းတစ်ကြောင်းတွင် ငွေကျပ် ၃၀၀ နှုန်းဖြင့် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း ယနေ့ နံနက် ၉ နာရီက ဗိုလ်တထောင်ဆိပ်ကမ်း၌ ကျင်းပသော Yangon Water Bus ဖွင့်ပွဲအခမ်းအနားတွင် တင့်တင့်မြန်မာအုပ်စုကုမ္ပဏီ ဥက္ကဋ္ဌ ဒေါ်တင့်တင့်လွင်က ပြောကြားသည်။

"အခုလောလောဆယ် Water Bus ကို ၁၃ စင်းနဲ့ စတင်ပြေးဆွဲပါမယ်။ ခရီးသည် ၂၃၀ စီးက သုံးစင်း၊ ခရီးသည် ၆၀ စီးက သုံးစင်း၊ ခရီးသည် ၁၂၀ စီးက ခုနစ်စင်း စတင်ပြေးဆွဲမှာပါ။ ခရီးသည် စီးနင်းတဲ့ဦးရေပေါ်မှာမူတည်ပြီး ဘယ်နေရာ၊ ဘယ်မှတ်တိုင်တွေမှာ လိုအပ်တာတွေကို လေ့လာသုံးသပ်ပြီး သုံးလအတွင်း ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားဖို့ရှိပါတယ်။ ခရီးသည်လုံခြုံမှုအတွက်လည်း Water Bus တွေမှာ အသက်ကယ်အင်္ကျီတွေကို ရေထဲမှာ နှစ်နာရီ၊ သုံးနာရီကျော်ကြာနေနိုင်ပြီး ကောင်းမွန်တဲ့ အသက်ကယ်အင်္ကျီတွေ စီစဉ်ထားပါတယ်။ ကလေးအသက်ကယ်အင်္ကျီ၊ ဖောကွင်းတွေနဲ့ အရေးပေါ်လှေတွေပါ ခရီးသည်တွေအတွက် စီစဉ်ပေးထားပါတယ်။ ဒါတွေအပြင် Control Center မှတစ်ဆင့် တိုက်ရိုက်ကြည့်ရှုနိုင်တဲ့ GPS နဲ့ CCTV စနစ်တွေကိုလည်း ထည့်ပေးထား ပါတယ်" ဟု Yangon Water Bus ကို စတင်အကောင်အထည်ဖော်ပြေးဆွဲပေးမည့် တင့်တင့်မြန်မာအုပ်စုကုမ္ပဏီမှ ဥက္ကဋ္ဌ ဒေါ်တင့်တင့်လွင်က ပြောကြားသည်။ စာမျက်နှာ ၅ ကော်လံ ၁ ❂

## ယနေ့ ⇄ မာတိကာ


ဖြူးချောင်းဖြတ်ကြိုးတံတားပေါ် လူအများသွားလာနေချိန် ကြိုးဆိုင်းများပြုတ်ကျမှုဖြစ်ပွား စာ-၁၁

နျူကလီးယားဆန့်ကျင်တိုက်ဖျက်မှုစစ်ဆင်ရေးအဖွဲ့ ICAN ငြိမ်းချမ်းရေးနိုဘယ်ဆုဆွတ်ခူး စာ-၁၄

လွတ်လပ်ရေးအောင်ပွဲရရှိအောင် ကက်တလိုနီးယားကြိုးပမ်းနိုင်မည်လား စာ-၁၅

တီးတိန် - ရိဒ်ခေါဒါရ်လမ်း အတက်အဆင်း တစ်ရက်စီသတ်မှတ်၍ ယာဉ်များညပိုင်းဖြတ်သန်းခွင့် ခေတ္တရပ်ဆိုင်း စာ-၁၆



KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017